# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ပြာသိုလဆန်း (၅)ရက် ၊ အင်္ဂါနေ့ ၊ (23-12-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၂၃၇)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး၊
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

**❖ နိုင်ငံတော်နဲ့ ပြည်သူတို့အနာဂတ်အတွက် သင်ကိုယ်တိုင် ပါဝင်မဲပေးပါ။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍစဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## မဲစာရင်းကပ်ထားကြေညာခြင်းနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးကြေညာချက်

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင်စတင်၍ အပိုင်းလိုက် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများကို ဒုတိယအကြိမ်အဖြစ် ၁၄ ရက် ကပ်ထားကြေညာခဲ့ပြီးဖြစ်ပါသည်။ မဲစာရင်းများပြည့်စုံမှန်ကန်စေရေးအတွက် ပြင်ဆင်၊ ဖြည့်စွက်စိစစ်ပြီး မဲစာရင်းများကို နောက်ဆုံးအကြိမ်အဖြစ် ၂၃-၁၂-၂၀၂၅ ရက်မှစတင်၍ သက်ဆိုင်ရာရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများတွင် ကပ်ထားကြေညာမည်ဖြစ်ပါသည်။

၂။ ရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ်များအတွက် ၂၃-၁၂-၂၀၂၅ ရက်မှ ၂၅-၁၂-၂၀၂၅ ရက်ထိ သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများတွင်လည်းကောင်း၊ ၂၆-၁၂-၂၀၂၅ ရက်မှ ရွေးကောက်ပွဲကျင်းပမည့် ၂၈-၁၂-၂၀၂၅ ရက် မဲပေးခြင်းပြီးဆုံးသည့်အချိန်ထိ သက်ဆိုင်ရာမဲရုံများတွင်လည်းကောင်း ကပ်ထားကြေညာမည်ဖြစ်ပါသည်။

၃။ ရွေးကောက်ပွဲအပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်မှအပ ကျန်မြို့နယ်များ [ရွေးကောက်ပွဲများကျင်းပခြင်း ပြုမည်မဟုတ်ကြောင်း ကြေညာထားသည့် ၅၆ မြို့နယ်မပါ] တွင် ၂၃-၁၂-၂၀၂၅ ရက်မှ ၅-၁-၂၀၂၆ ရက်ထိ ၁၄ ရက်ကြာ ကပ်ထားကြေညာမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်များအနေဖြင့် မိမိမဲစာရင်းအမှတ်စဉ်များသိရှိမှတ်သားထားပါက ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံ၌ မဲစာရင်းစိစစ်လက်မှတ်ရေးထိုးချိန်တွင် အချိန်ကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် မဲစာရင်းလာရောက်ကြည့်ရှု၍ မိမိတို့၏ မဲစာရင်းအမှတ်စဉ်များကို မှတ်သားထားခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ရန်ကုန်မြို့၌ ၃၈ ကြိမ်နှင့် ၃၉ ကြိမ်မြောက် အသည်းအစားထိုးခွဲစိတ်ကုသမှုဆောင်ရွက်



ရန်ကုန် ဒီဇင်ဘာ ၂၂

ရန်ကုန်မြို့ရှိ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၌ ၃၈ ကြိမ်မြောက် အသည်းအစားထိုးခွဲစိတ်ကုသမှုအဖြစ် အသက် ၄၉ နှစ်ရှိ အသည်းရောဂါလူနာ အမျိုးသားနှင့် အသက် ၃၉ နှစ်ရှိ အသည်းအလှူရှင် အမျိုးသမီးမောင်နှမတို့ကို ဒီဇင်ဘာ ၂၀ ရက်တွင်လည်းကောင်း၊ ၃၉ ကြိမ်မြောက် အသည်းအစားထိုးခွဲစိတ်ကုသမှုအဖြစ် အသက် ၅၈ နှစ်ရှိ အသည်းလူနာ အမျိုးသမီးနှင့် အသက် ၂၅ နှစ်ရှိ အသည်းအလှူရှင်သားအမိတို့ကို ဒီဇင်ဘာ ၂၁ ရက်တွင်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

အသည်းအစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ခဲ့သောလူနာနှင့် အသည်းအလှူရှင်လေးဦးတို့ကို ခွဲစိတ်ပြီး အထူးကြပ်မတ်ကုသဌာနတွင် ထားရှိကာ လိုအပ်သောပြုစုကုသမှုများကို ဘာသာရပ်ဆိုင်ရာပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

စာမျက်နှာ ၁၈ ကော်လံ ၁




ရတနာပုံ

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်

အယ်ဒီတာ့အာဘော်


# တက္ကသိုလ်ဝင်စာမေးပွဲကြီးဖြေဆိုရန် ကြိုတင်ပြင်ဆင်

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ၂၀၂၆ ခုနှစ် မတ်လတွင်ကျင်းပသွားမည်ဖြစ်ရာ စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် တက္ကသိုလ်ဝင်စာမေးပွဲအချိန်စာရင်းကို ဒီဇင်ဘာ ၁၉ ရက်က နိုင်ငံပိုင်သတင်းမီဒီယာများတွင် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါကြေညာချက်အရ တက္ကသိုလ်ဝင်ကျောင်းသား၊ ကျောင်းသူများသည် တက္ကသိုလ်ဝင်စာမေးပွဲကို ၂၀၂၆ ခုနှစ် မတ် ၁၁ ရက်မှ မတ် ၁၇ ရက်ထိ ဖြေဆိုကြရမည်ဖြစ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲအချိန်စာရင်းအရ ၂၀၂၆ ခုနှစ် မတ် ၁၁ ရက်တွင် မြန်မာစာ၊ မတ် ၁၂ ရက်တွင် အင်္ဂလိပ်စာ၊ မတ် ၁၃ ရက်တွင် သင်္ချာ၊ မတ် ၁၄ ရက်တွင် ဓာတုဗေဒ၊ ပထဝီဝင်၊ မတ် ၁၆ ရက်တွင် ရူပဗေဒ၊ သမိုင်း၊ မတ် ၁၇ ရက်တွင် ဇီဝဗေဒ၊ ဘောဂဗေဒ စသောဘာသာရပ်အသီးသီးတို့ကို ဖြေဆိုကြရမည်ဖြစ်ကြောင်း သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲသည် ကျောင်းသား၊ ကျောင်းသူများအတွက် အရေးကြီးသော အရည်အချင်းစစ် စာမေးပွဲဖြစ်သကဲ့သို့ နောက်ထပ်အဆင့်မြင့်ပညာရေးဖြစ်သည့် တက္ကသိုလ်ပညာတက်လှမ်းသင်ယူရန်အတွက် အရေးပါသောစာမေးပွဲတစ်ခုလည်းဖြစ်သည်။ ထို့ကြောင့် အားထည့်ကြိုးစားကာ ဖြေဆိုသင့်သော စာမေးပွဲဟုဆိုရပေမည်။ ကျောင်းသား၊ ကျောင်းသူများသည် တက္ကသိုလ်ဝင်စာမေးပွဲကို အမှတ်ကောင်းကောင်းဖြင့် ထူးထူးချွန်ချွန်အောင်မြင်ရေးအတွက် ယနေ့မှစ၍ ကြိုးစားကြရန် အချိန်ကာလအားဖြင့် နှစ်လကျော်သာကျန်ရှိတော့သည်။ ထိုအချိန်ကာလအတွင်း ကောင်းစွာနားလည်မှုမရှိသေးသောသင်ခန်းစာများ၊ ကျေညက်မှုမရှိသောစာများကို ဆရာ၊ ဆရာမများထံ မေးမြန်းကာ သေသေချာချာ အားစိုက်လေ့လာ ကျက်မှတ်ကြရမည့်အချိန်ဖြစ်သည်။

တက္ကသိုလ်ဝင်စာမေးပွဲသည် ကျောင်းသား၊ ကျောင်းသူများ၏ အရည်အချင်းကို စစ်ဆေးသော စာမေးပွဲဖြစ်သည်သာမက နိုင်ငံအတွက်လည်း ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာစေသော စာမေးပွဲလည်းဖြစ်သည်။ လက်ရှိအချိန်တွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများသည် ကျောင်းစဖွင့်ချိန်ကတည်းက မိမိတို့လေ့လာသင်ယူ၊ ကျက်မှတ်ခဲ့သော သင်ခန်းစာများကို ပြန်လည်လေ့ကျင့်နေကြရမည်ဖြစ်သည်။ သို့မှသာ တက္ကသိုလ်ဝင်စာမေးပွဲကို နှစ်ချင်းပေါက်အောင်မြင်မည်ဖြစ်ပေသည်။ ထိုသို့နှစ်ချင်းပေါက် စာမေးပွဲအောင်မြင်မှုရရှိမည်ဆိုပါက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် တစ်နှစ်တာ ပင်ပန်းရကျိုးနပ်စေမည်ဖြစ်ပြီး မိဘများအတွက်လည်း ငွေကုန်ရကျိုး၊ စိတ်ပန်းရကျိုးနပ်စေမည်ဖြစ်သည့်အပြင် ဆရာ၊ ဆရာမများ အားစိုက်သင်ကြားခဲ့သည့် ပင်ပန်းခဲ့မှုများအတွက်လည်း ပြေပျောက်ဂုဏ်ယူဖွယ်ရာဖြစ်စေမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုမည့်ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ယနေ့မှစ၍ "အချိန်ရှိခိုက် လုံ့လစိုက်"ဟူသည့်အတိုင်း အချိန်ကိုအကျိုးရှိစွာ အသုံးချချိန်ရောက်နေပြီဖြစ်ကြောင်းကို သတိပြုကြိုးစားကြရပေမည်။ သို့မှသာ မိမိဘဝအတွက်သာမက နိုင်ငံအတွက် အဖိုးတန်သော ပညာပြည့်ဝနှလုံးလှသော လူ့စွမ်းအားအရင်းအမြစ် သားကောင်းရတနာ၊ သမီးကောင်းရတနာများဖြစ်လာမည်ဖြစ်သောကြောင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲကို နှစ်ချင်းပေါက်ထူးချွန်အောင်မြင်အောင် ကြိုးစားကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# ညောင်တုန်းမြို့နယ်တွင် ဒေသထွက် မြေပဲဆန်များ အရောင်းအဝယ်ကောင်းမွန်နေ

**ညောင်တုန်း ဒီဇင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်တွင် ဒေသထွက် မြေပဲဆန်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ငွေငွေမြင့်က ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်တွင် ယခုနှစ် ဒီဇင်ဘာလ ပထမပတ်မှစတင်ပြီး ယနေ့ထိ မြေပဲဆန်များ အရောင်းအဝယ်ကောင်းမွန်လာပြီး အဆိုပါ မြေပဲဆန်များ အရောင်းအဝယ်ကောင်းလာခြင်းသည် မြေပဲဆီကြိတ်ခွဲထုတ်လုပ်သည့် လုပ်ငန်းများက မြေပဲဆန်များ ဝယ်ယူမှု အားကောင်းလာသောကြောင့်ဖြစ်ကြောင်း သိရသည်။

"လက်ရှိ ပဲဈေးကွက်ထဲကို ဒေသမြေပဲဆန်တွေအပြင် အခြားဒေသကနေ မြေပဲဆန်တွေပါ ဝင်ရောက်နေပါတယ်။ လက်ရှိ မြေပဲဆန်တစ်ပိဿာကို ငွေကျပ် ၁၁၅၀၀ ထိ ပေါက်ဈေးရှိနေပါတယ်။ မြေပဲဆီတွေ ထုတ်လုပ်မှု အားကောင်းလာတာကြောင့် မြေပဲဆန် အရောင်းအဝယ်ကောင်းလာတာပါ။ မြေပဲဆန် အရောင်းအဝယ်က အခုထက်ပိုကောင်းလာဖို့သာရှိပါတယ်။ အခုနှစ် မြေပဲဆန်တွေ အဝယ်လိုက်နေတော့ တောင်သူတွေ၊ လုပ်သားတွေနဲ့ ကုန်သည်တွေ အဆင်ပြေလာပါတယ်"ဟု ညောင်တုန်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ငွေငွေမြင့်က ပြောပြသည်။

ညောင်တုန်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် မြေပဲဆန်များကို ဝယ်ယူကြိတ်ခွဲပြီး မြေပဲဆီအဖြစ်ထုတ်လုပ်ကာ ဝယ်ယူသည့် ဒေသများသို့ စနစ်တကျထုပ်ပိုးတင်ပို့ရောင်းချလျက် ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

2025 ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန် ၅ ရက် သာ လိုတော့သည်။

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်


လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။

ရန်ကုန် — အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ၀၁-၈၆၆၆၆၁၉

မန္တလေး — ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ ၀၂-၂၈၃၀၄၂၃


# တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၃၁၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး ဒီဇင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၃၁၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ တန့်ဆည်မြို့နယ်တွင် မြေပဲ ၃၃၅၃၁ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၃၁၅ ဧကထိ စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ မြေပဲ ၃၃၅၃၁ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၃၃၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့က တော့ အောင်မြင်တဲ့ အနေအထား မှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်" ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခ၊ မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ဧက စိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)


ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပန်းတနော်မြို့နယ် ဂျို့ချောင်းကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပန်းတနော် ဒီဇင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ဂျို့ချောင်းကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေ၊ ကျေးရွာ ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပန်းတနော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ကော်မတီဝင်များနှင့်အတူ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေး ဝိုင်းဝန်းပူးပေါင်း ထိန်းသိမ်းစောင့်ရှောက်သွားရန် လိုအပ်ကြောင်း မြို့နယ်ဦးစီးမှူးက ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ဂျို့ချောင်းကျေးရွာ၌ လမ်း အရှည် ၉၆၅ ပေ၊ အကျယ် ၁၀ ပေ၊ အမြင့်ရှစ်လက်မရှိကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းကို ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ စုစုပေါင်း ရန်ပုံငွေကျပ် သိန်း ၁၈၀ ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာများ၏ နည်းပညာ ကူညီပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် နိုဝင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်၍ ကျေးရွာရှိ အိမ်ခြေ ၈၇ အိမ်မှ လူဦးရေ ၃၈၂ ဦးတို့၏ လမ်းပန်းဆက်သွယ်မှု လွယ်ကူရေးအတွက် အကျိုးပြုလျက်ရှိကြောင်း သိရသည်။

ပန်းတနော်မြို့နယ်အတွင်း ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဂျို့ချောင်းကျေးရွာ အပါအဝင် ရေလဲကျေးရွာ၊ ကြူဂရက်ကျေးရွာ၊ ရုံးချောင်းကျေးရွာ၊ ပိတောက်စုကျေးရွာ စုစုပေါင်းကျေးရွာ ငါးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ပန်းတနော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးလှိုင်ထံမှသည်။

**ငြိမ်းသူ(စလင်း)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ နန်းရှေ့နေ အလှူရှင် ဦးညွန့်လှမိသားစုက ကွယ်လွန်သူတို့အား ရည်စူး၍ ဆွမ်းပဒေသာပင် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ နာယက ဒေါက်တာဦးမိတ်၊ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်နှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၇၃၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး ဒီဇင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ဧက ၁၇၃၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ဧက ၂၆၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ရေဦးမြို့နယ်တွင် ၁၇၁၅ ဧက၊ ဒီပဲယင်းမြို့နယ်တွင် ၁၆ ဧက စုစုပေါင်း ၁၇၃၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ရေဦးခရိုင် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ကြက်သွန်နီဧက ၂၆၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၇၃၁ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၁၇၂၀ ဧက၊ တန့်ဆည်မြို့နယ်တွင် ဧက ၄၄၀၊ ဒီပဲယင်းမြို့နယ်တွင် ၄၃၉ ဧက စုစုပေါင်း ဧက ၂၆၀၀ တို့ဖြစ်ကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ကြက်သွန်နီကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းကဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# အမရပူရမြို့နယ် တောင်ယာဉ်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အမရပူရ ဒီဇင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တောင်ယာဉ်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းက တောင်ယာဉ်ပုံကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်နှင့်မိသားစုဝင်ငွေ တိုးပွားစေမည့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အခြားလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၅၇ ဒသမ ၁ သန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက တောင်ယာဉ်ပုံကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ၊ အခြားလုပ်ငန်း လုပ်ကိုင်သူ၊ အသေးစား လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၃ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၅၇ ဒသမ ၁သန်းကို ထုတ်ချေးပေးခဲ့ကြောင်း အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးထံမှ သိရသည်။

**အောင်ရဲကျော်**

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးမုတ်ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဒေးဒရဲ ဒီဇင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးမုတ်ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်ဝင်းက ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ငါးမုတ်ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် နိုဝင်ဘာလ အတွင်း ငါးမုတ်ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးမုတ်များကို ပြည်တွင်းဈေးကွက်က ဝယ်ယူမှု များပြားလာခြင်းကြောင့် အရောင်းအဝယ် ကောင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေထဲမှာ ငါးမုတ်တွေ ပိုမိုတင်ပို့ ရောင်းချအားကောင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း ငါးမုတ်ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကနေ ဒီဘက်က တင်ပို့ရောင်းချတဲ့ ငါးမုတ်တွေကို မှာယူမှုများပြားလာလို့ အရောင်းအဝယ်ကောင်းခဲ့ပါတယ်။ ဒေသပွဲရုံတွေဆီ ငါးမုတ်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီဝင်လာတဲ့ ငါးတွေကလဲ လတ်ဆတ်မှုရှိပါတယ်။ တင်ပို့အားတက်လာတော့ရေလုပ်ငန်းနဲ့ ဆက်စပ်နေသူတွေ အဆင်ပြေနေတာ တွေ့ရပါတယ်။ ဒီဘက်ဒေသကထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်ကိုတင်ပို့ရောင်းချရတာ အဆင်ပြေပါတယ်"ဟု ဒေးဒရဲမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်ဝင်းက ပြောပြသည်။

ဒေးဒရဲမြို့နယ်မှရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးမုတ်များအပါအဝင် ဒေသထွက်ရေထွက်ကုန်များကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ လက်ရှိ တစ်ရက်လျှင် ငါးမုတ် တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



ပြေအေးသက်

# စုံနံ့သာမြိုင် ဦးကြော့နှင့် သူ၏စာကဗျာ

❖ ဦးကြော့မှာ ကဗျာဉာဏ်ရင့်သန်သူတစ်ဦးဖြစ်သည့်အလျောက် များမကြာမီ အတွင်းစာတော်ဖတ်ရာထူးနှင့် မင်းတုန်းမင်းထံပါးတွင် ခစားရသည်။ ဦးကြော့သည် ငယ်စဉ်က ရာသီဘွဲ့များကို စွဲလမ်းနှစ်သက်ခဲ့ပြီး ထိုစိတ်၏လှုံ့ဆော်မှုကြောင့် ဆယ့်နှစ်ရာသီဘွဲ့တေးထပ်များ စီကုံး၍ မင်းတုန်းမင်းကြီးကိုဆက်သရာ ဆုလာဘ်များ ချီးမြှင့်ခြင်းခံရသည်။ ဦးကြော့သည် ဤဆယ့်နှစ်ရာသီဘွဲ့ကို အချီးတစ်ပုဒ်၊ နိဂုံးတစ်ပုဒ်နှင့် စုစုပေါင်း ၁၄ ပုဒ်ရေးဖွဲ့ခဲ့လေသည်။ ❖

ဦးကြော့သည် ပင်းသုံးမြို့ဝန်၏ ရှေ့ဖတ်စာရေးတော်ကြီးဦးကြော့၊ တောင်တွင်းကြီးဦးကြော့၊ နတ်မောက်ဦးကြော့၊ ဝန်စာရေးဦးကြော့၊ စုံနံ့သာမြိုင်ဦးကြော့ဟူ၍ နာမည်အမျိုးမျိုးဖြင့် ထင်ရှားလေသည်။ အသည်မျိုးရိုးဖြစ်သော ဦးအင်းနှင့် ဒေါ်မယ်ထယ်တို့က နတ်မောက်မြို့အနီး ကိုင်းရွာတွင် ၁၂၀၁ ခုနှစ်က ဖွားမြင်လေသည်။ မွေးချင်းများကား ဦးအောင်သူ၊ ဦးဝ၊ ဦးစ၊ ဦးလွ၊ ဦးသက်ထွန်း၊ ဦးကြော့၊ ဦးကျောက်နှင့် ဒေါ်စံပယ်တို့ ဖြစ်ကြပြီး ဦးကြော့သည် ခြောက်ယောက်မြောက်ဖြစ်သည်။ ဦးကြော့သည် အရွယ်ရောက်သော် ကိုင်းရွာ၌ သီတင်းသုံးနေသော ဆရာတော်ဦးရွှေသီးနှင့် ဆရာတော် ဦးရွှေပြားတို့ထံတွင် ဆည်းကပ်၍ ပညာသင်ယူခဲ့သည်။ ထို့နောက် ဦးကြော့သည် မိမိနှင့် ဆွေမျိုးတော်စပ်သူ ပထမကျော် ဦးချက်ထံတွင် စာပေကျမ်းဂန်များကို ဆက်လက်သင်ကြားခဲ့သည်။ တေးဂီတကဗျာများကို စိတ်ဝင်စားသည့်အလျောက် ငယ်စဉ်ကပင် လေ့လာလိုက်စားခဲ့သည်။ ထို့နောက် ကန်ကြီးအောက်ရွာတွင် နေထိုင်စဉ် အရပ်ဇာတ်များကို ဦးကြော့က ကြီးမှူးရှေ့ဆောင်လေ့ရှိပြီး ဟာသပညာရှင်တစ်ဦးလည်းဖြစ်သဖြင့် ပွဲကြည့်ပရိသတ်ကို ဆွဲဆောင်နိုင်စွမ်းရှိလေသည်။

**ဦးကြော့၏ ရတနာပုံခရီး**

ဦးကြော့ အသက် ၂၀ ခန့်တွင် မင်းတုန်းမင်းတရားကြီး၏ သမားတော်တစ်ဦးဖြစ်သူ နေမျိုးသက္ကသူရနေဒ်ရထာဘွဲ့ရသမားတော်ကြီး ဦးကျော်ဇံက ဦးကြော့နှင့် ဦးမင်းမောင်(ရွှေလရောင် မင်းကြီး ဦးမင်းရောင်၏ညီ)တို့ကို မန္တလေး နေပြည်တော်သို့ခေါ်ဆောင်၍ ရွှေတိုက်ဝန်ကြီးထံတွင် အပ်နှံထားလေသည်။ ဦးကြော့မှာ ကဗျာဉာဏ် ရင့်သန်သူတစ်ဦးဖြစ်သည့်အလျောက် များမကြာမီ အတွင်းစာတော်ဖတ်ရာထူးနှင့် မင်းတုန်းမင်းထံပါးတွင် ခစားရသည်။ ဦးကြော့သည် ငယ်စဉ်က ရာသီဘွဲ့များကို စွဲလမ်းနှစ်သက်ခဲ့ပြီး ထိုစိတ်၏လှုံ့ဆော်မှုကြောင့် ဆယ့်နှစ်ရာသီဘွဲ့တေးထပ်များစီကုံး၍ မင်းတုန်းမင်းကြီးကိုဆက်သရာ ဆုလာဘ်များ ချီးမြှင့်ခြင်းခံရသည်။ ဦးကြော့သည် ဤဆယ့်နှစ်ရာသီဘွဲ့ကို အချီးတစ်ပုဒ်၊ နိဂုံးတစ်ပုဒ်နှင့် စုစုပေါင်း ၁၄ ပုဒ်ရေးဖွဲ့ခဲ့လေသည်။ ဤဆယ့်နှစ်ရာသီဘွဲ့ကို ရေးစပ်ပြီးပြီးချင်းတွင် ညီဝမ်းကွဲဖြစ်သူ ကျီဝန်တိုက်ဆရာတော် ဦးဝိစယနှင့် ရွှေတိုက်ဝန်တို့ကိုပြသရာ ၎င်းတို့က ချီးမွမ်းကြလေသည်။

**ဆယ့်နှစ်ရာသီဘွဲ့**

စာဆိုတော်အသီးသီးက ခေတ်အလိုက် ရာသီဘွဲ့များစပ်ဆိုခဲ့ကြရာ ဆယ့်နှစ်ရာသီလုံး ပြည့်ပြည့်စုံစုံ ရေးဖွဲ့ခဲ့သည့် ကဗျာ ၃၃ ပုဒ်ရှိခဲ့ပြီး ဦးကြော့၏ ဆယ့်နှစ်ရာသီဘွဲ့ကဗျာသည်လည်း တစ်ပုဒ်အပါအဝင်ဖြစ်သည်။ ဆယ့်နှစ်ရာသီဘွဲ့ကဗျာဆိုသည်မှာ "တစ်နှစ်တွင် ရာသီမာသ ၁၂လရှိသည့်အလျောက် မိဿရာသီမှအစပြု၍ မိန်ရာသီထိ ရာသီအသီးသီးတို့၏ အခြေအနေအကြောင်းအရာများကို တစ်ရာသီစီ ပိုင်းခြားဖွဲ့ဆိုအပ်သော ကဗျာပင်ဖြစ်သည်"ဟု ဦးယာ၏ ဆယ့်နှစ်ရာသီဘွဲ့ လူးတားစာအုပ် အဖွင့်နိဒါန်းတွင် ဦးချမ်းမြခေါ် မြကေတုက ဆိုသည်။ ဒဂုန်နတ်ရှင်ကလည်း စာပေဝတ်ဆံစာအုပ်တွင် ဆယ့်နှစ်ရာသီကိုဖွဲ့ဆိုရာ၌ ပါဝင်ရမည့်အချက်အလက်တို့မှာ "ကောင်းကင်အမြင်နက္ခတ်များ၊ ၁၂လဥတုရတုများ၊ ၁၂လပွင့်သောပန်းများ၊ ၁၂လပွဲတော်များ၊ ၁၂လမြူးကြသော ငှက်တိရစ္ဆာန် လိပ်၊ ငါး၊ ပုစွန်များ၊ မိုးလေဝသအကြောင်းများ၊ လွမ်းဖွယ်ကြည်နူးဖွယ်အကြောင်းအခြင်းအရာများ စသည်တို့မှာ ၁၂ရာသီဘွဲ့တေးကဗျာများ၌ ပါဝင်ရစမြဲဖြစ်သည်"ဟုဆိုသည်။

**ဦးကြော့၏ ဆယ့်နှစ်ရာသီဘွဲ့**

ဦးကြော့၏ ဆယ့်နှစ်ရာသီဘွဲ့ ထူးခြားချက်မှာ အချီးပုဒ် ထည့်သွင်းစပ်ဆိုခဲ့ပြီး အဆိုပါအချီးပုဒ်တွင် ရတနာသုံးပါးကို ရှိခိုးခြင်းများ ပါဝင်ခြင်းဖြစ်သည်။ ဦးကြော့သည်ငယ်စဉ်ကတည်းက နှစ်သက်သီဆိုလေ့ရှိခဲ့သော မဟာအတုလမင်းကြီး ရေးသားစီကုံးအပ်သည့် ဆယ့်နှစ်ရာသီဘွဲ့ လူးတားနှင့်တကွ အခြားရာသီဘွဲ့ကဗျာများကို မှီငြမ်းပြုပြီးနောက် "ပရဝတိသုခ၊ အတုလ ပရမေ"ဆိုသည့်ပဏာမတေးထပ်ဖြင့် အစချီ၍ နိဂုံးတေးထပ်နှင့်ပါ ဆယ့်နှစ်ရာသီဘွဲ့ တေးထပ်ပေါင်း ၁၄ ပုဒ်ကို စီကုံးရေးသားသည်ဟု ဗိုလ်မှူးဘသောင်းက စာဆိုတော်များအတ္ထုပ္ပတ္တိစာအုပ်တွင်ဆိုသည်။ စကားလုံးအလှဖန်တီးမှုတွင် လမင်းကိုပင် စန္ဒီ၊ ဖိုးရွှေလ၊ ငွေပုံစက်၊ စန္ဒရာ၊ စန်း၊ ယုန်စန်းစသည်ဖြင့် တေးထပ်ကဗျာတွင် ထည့်သုံးထားသည်။ ထို့ပြင် အလင်္ကာများပါထည့်သွင်းသုံးစွဲထားရာ ကဗျာမှာ ရုပ်လုံးကြွလှပေသည်။

**ဆယ့်နှစ်ရာသီဘွဲ့ဦးကြော့မှ စုံနံ့သာမြိုင်ဦးကြော့**

ထိုစဉ်အခါက စလင်းမြို့ ဦးမြတ်သာထွန်း ရေးသားစီကုံးသော "ဟေမဝန်ဘွဲ့" အစချီသည့် မင်းသမီးပျောက်ရှာပုံတော်ကြီး ခေတ်စားနေပြီး စာတော်ဖတ် ဦးကြော့သည် မင်းသားပျောက်ရှာပုံတော်တစ်ပုဒ်ကို ရေးသားရန် အကြံဖြစ်ပေါ်လာခဲ့သည်။ ထို့ကြောင့် ဦးကြော့သည် "စုံနံ့သာမြိုင်၊ ရဂုံတွင်းမှာလ၊ ထုံသင်းငယ်ကြိုင်၊ ဂနိုင်ဟေမ၊ နွေအစ၊ ရွှေများကလျာ၊ ဟိုခင်ကိုလျှောက်ပါလို့၊ လင်ပျောက်ကိုရှာခဲ့၊ ဂန္ဓမာဒူ၊ မြေတလင်း၊ နေမင်းက ပူသနှင့်၊ နန်းသူဒေဝီ၊ တွေ့နိုင်ဘဲမို့၊ လဲလုပြီ"ဟုအစချီသော ရှာပုံတော်ကြီးကို မိမိ၏ညီဝမ်းကွဲတော်သူ ဆရာတော် ဦးဝိစယနှင့် ရွှေတိုက်ဝန်ကြီးတို့ကို အကဲဖြတ်စေသည်။ ထို့နောက် မင်းတုန်းမင်းရှေ့တော်တွင် မိမိကိုယ်တိုင် အသံနေအသံထားနှင့် သီဆိုဆက်သရာ မင်းတရားကြီးလည်း လွန်စွာနှစ်ခြိုက်ပေသောကြောင့် ဆုတော်၊ လာဘ်တော်များ မြောက်မြားစွာ ပေးသနားတော်မူလေသည်။ ထိုအချိန်မှစ၍ ဦးကြော့၏ဂုဏ်သတင်းမှာ ပျံ့သင်းကျော်ကြားလာပြီးလျှင် သူ့ကိုလည်း စုံနံ့သာမြိုင် ဦးကြော့ဟုခေါ်စမှတ်ပြုလာကြသည်။

**စုံနံ့သာမြိုင်ရှာပုံတော်ကြီး**

ရှာပုံတော်ကြီးဟူသော ကဗျာမျိုးသည် ကုန်းဘောင်ခေတ်နောက်ပိုင်း မင်းတုန်းမင်းလက်ထက်တွင် ထင်ပေါ်ကျော်ကြား ခေတ်စားလာသော အဖွဲ့အနွဲ့တစ်မျိုးဖြစ်သည်။ ဦးကြော့သည် အများထက်သာလွန်၍ စပ်ဆိုဖွဲ့နွဲ့ အစွမ်းပြလိုသဖြင့် သူ၏ စုံနံ့သာမြိုင်ရှာပုံတော်ကြီးတွင် ခင်ပွန်းသည်ကို ပျောက်၍ရှာဖွေနေသော မင်းသမီးကလေးကို အခြားရှာပုံတော်များကဲ့သို့ သာမန်တောတောင် စိမ့်စမ်းတွင်မရှာစေဘဲ ကျမ်းဂန်တွင်ပါသော ဌာနကြီးများတွင် ရှာဖွေစေခြင်းဖြစ်ပေသည်။ ဦးကြော့သည် မိမိကျမ်းဂန်ဗဟုသုတအဖြာဖြာကို တတ်ကျွမ်းနားလည်ကြောင်းကို ပြောပြလို၍လည်း သူ့ရှာပုံတော်ကြီးတွင် မဟာဗုဒ္ဓဝင် ဂန္ထန္တရဗဟုသုတများကို နားလည်စေလို၍ ဌာနကြီး ၁၆ နေရာထိကို ထည့်သွင်းစပ်ဆိုထားပေရာ မွန်မြတ်သည့်ရည်ရွယ်ချက်ကို သိနိုင်ပေသည်။ ထိုမျှမကသေးဘဲ အဖွဲ့အနွဲ့တွင်လည်း နဘောထပ် ထပ်ကြော့ကာရန်ကလေးများကို သာယာငြိမ့်ညောင်းအောင် ရေးဖွဲ့အားထုတ်ခဲ့ပေသည်။

ဦးကြော့သည် အနုစာဆို စာပန်းချီဆရာလည်းဖြစ်ပေရာ တောတောင်ရေမြေ တပေါင်းလအခြေအနေကို "ကုန်းမူခင်ရိုး၊ မြူခိုးငယ်မှုန်၊ ကုံရာသီပြောင်း၊ လတပေါင်း၊ ညှာညောင်းစွန့်ချိန်၊ ညို့ညို့ညီးပါလို့၊ ရှို့မီးတွေထိန်"ဟု သဘာဝပန်းချီ နောက်ခံကားကို ဆေးခြယ်ခဲ့သည်။ စကားလုံးကြွယ်ကြွယ်သုံးပုံမှာ မင်းသားကို လိုက်ရှာနေသော မင်းသမီးကို "ရွှေများကလျာ၊ နန်းသူဒေဝီ၊ ဘွေကြင်နန်းသူ၊ မြညှောက်ကယ်ဒါရူ၊ ပင်ကိုနတ်ကယ်၊ သမုဆွေ၊ စောနတ်ဆွေ" စသည်ဖြင့် သုံးနှုန်းထားသည်။

**စာတော်ဖတ်မှ ဝန်စာရေးသို့**

ဦးကြော့သည် လူချောလူလှတစ်ဦးဖြစ်ပြီး အရွယ်ကငယ်တုန်းဖြစ်သဖြင့် နန်းတွင်းသူ မပုရစ်ဆိုသူနှင့် ရည်ငံနေကြောင်းကို သမားတော်ကြီး ဦးကျော်ဇံထံ ကိုမင်းမောင်က တိုင်ကြားလေသည်။ ဦးကျော်ဇံကလည်း အပြစ်ဒဏ်သင့်မည်စိုးရိမ်၍ နေရပ်သို့ ပြန်ပို့ရန်စီစဉ်ဆဲတွင် မင်းတုန်းမင်းတရားကြီးသည် မင်းကျော်ရာဇာဘွဲ့ရသော ဦးမိတ်ကို မြို့ဝန်ခန့်၍ တောင်တွင်းကြီးမြို့သို့ စေလွှတ်ရာတွင် ဦးကြော့ကို ဝန်စာရေးအဖြစ်ဖြင့် ထည့်လိုက်လေသည်။ ဦးကြော့သည် တောင်တွင်းကြီးမြို့၌ အမှုထမ်းရွက်နေစဉ် တောင်တွင်းကြီးမြို့ အုန်းတောရပ်သူ မယ်မင်းရုံဆိုသူနှင့် အကြောင်းပါခဲ့ရာ မအိအမည်ရှိ သမီးတစ်ယောက်ထွန်းကားခဲ့သည်။ ထိုသမီးမှာလည်း ဖခင်နည်းတူ တေးကဗျာများ ရေးစပ်ခဲ့လေသည်ဟု သိရသည်။ မန္တလေးမြို့တွင် ကျန်ခဲ့သော ဦးကြော့၏ ငယ်မိတ်ဆွေ ဦးမင်းမောင်မှာ နောင်အခါ ပင်းမြို့၊ နတ်မောက်မြို့၊ ကျောက်ပန်းတောင်းမြို့ သုံးမြို့၏ မြို့ဝန်ဖြစ်လာ၍ ဦးကြော့သည် တောင်တွင်းကြီးမြို့မှ ပင်းမြို့သို့ ရွှေ့ပြောင်းကာ ဝန်စာရေးအဖြစ် ဆက်လက်အမှုထမ်းရွက်ပြန်လေသည်။

**ဦးကြော့၏ အခြားစာကဗျာများ**

ဦးကြော့သည် ထီးမူနန်းဟန် ကြွင့်ဆန်သော စုံနံ့သာမြိုင်သီချင်းမျိုးကိုသာ စပ်ဆိုခဲ့သည်မဟုတ်ဘဲ ပိုတောက်ပန်းဘွဲ့၊ ဒဟတ်ပန်းဘွဲ့၊ ကဆုန်လဘွဲ့ အစရှိသော တောဘွဲ့၊ တောင်ဘွဲ့၊ ရာသီဘွဲ့ကဗျာများကိုလည်း ဖွဲ့ဆိုသီကုံးခဲ့သေးသည်။ ဦးကြော့သည် အသံသြဇာနှင့်ပြည့်စုံ၍ တေးသီချင်းများကို အသံနေအသံထားဖြင့် ကျနပိုင်နိုင်စွာ သီဆိုတတ်သူဖြစ်သဖြင့် မိမိရေးစပ်ထားသော ကဗျာများကိုလည်း သူတစ်ပါးတို့ အလွယ်တကူသီဆိုနိုင်အောင် စကားလုံးလှလှနှင့် အဓိပ္ပာယ်ပေါ်လွင်စွာ စပ်ဆိုနိုင်စွမ်းရှိလေသည်။ ယခင်က အခြေခံပညာအထက်တန်း၊ အလယ်တန်းတို့တွင် ဤပိတောက်ပန်း လေးချိုးကဗျာ၊ ဒဟတ်ပန်း လေးချိုးကဗျာတို့သည် သင်ကြားမှတ်ယူခဲ့ဖူးသည်ကို အမှတ်ထင်ထင်ဖြစ်လာရပါသည်။ "လတန်ခူးပေမို့၊ အလှထူးပါဘိ၊ မြမြဖူးရယ်တဲ့ ခိုင်ရွှေဝါ" လေးချိုးကဗျာနှင့် "ယဉ်မရိုင်း၊ အင်တိုင်းရယ်တဲ့ ခပ်ဆန်ဆန်"ဆိုသည့် ကဗျာအစကလေးများသည်ပင် ဦးကြော့၏ စာကဗျာနှင့် မိမိတို့၏ ငယ်ဘဝများ မည်မျှရင်းရင်းနှီးနှီးရှိခဲ့ကြသည်ကို သတိရမိစေသည်မှာ အမှန်ပင်ဖြစ်သည်။

**မျိုးချစ်စာဆို**

ဦးကြော့သည် အမျိုးဘာသာ၊ သာသနာကို လေးစားသော မျိုးချစ်စာဆိုတစ်ဦးဖြစ်သည့်အလျောက် သီပေါမင်းကို အင်္ဂလိပ်တို့ ဖမ်းဆီးခေါ်ဆောင်သွားသည့်အခါ ဆီးဘန်းနီဆရာတော်၏ လေးလုံးစပ်ဖြစ်သော "ထီးသုဉ်းနန်းသုဉ်း၊ မြို့သုဉ်းသုညာ၊ သုဉ်းသုံးဝဖြင့်၊ ကြံ့ရပြန်လစ်၊ သုညခေတ်ဝယ်၊ ဖြစ်လာရလေ၊ တို့တစ်တွေသည်၊ သေသော်မှတည့် သြော်...ကောင်း၏"ဆိုသည့်ကဗျာ၊ အချုပ်တန်းဆရာဖေ၏ တေးထပ်ဖြစ်သော "မြန်မာတွေစည်းကမ်းဖောက်လို့၊ ထီးနန်းပျောက်ဖြစ်ပြီ၊ မှီငြမ်းထောက်အသစ်မှီသည်၊ ညစ်ပလီလူမျိုး"ဆိုသည့် ကဗျာတို့နှင့်အပြိုင် "ကမ္ဘာတွင် စဉ်သမိုင်းငယ်နှင့်၊ ရာဇဝင်စာတင်ရိုင်းလေငဲ့"အစချီသော ပါတော်မူ လေးချိုးကို စပ်ဆိုခဲ့သည်။ ဦးကြော့သည် တေးထပ်၊ လေးချိုး၊ သံချို၊ သီချင်း၊ မေတ္တာစာ၊ စာဟောရန် အချီး၊ ဓမ္မစကြာအချီး၊ ပင်းမြို့သမိုင်းနိဒါန်းစကား စသည်တို့ဖြင့် မြန်မာ့ဂန္ထဝင်စာပေလောကတွင် ထင်ရှားကျော်စောခဲ့ကာ အမည်အမျိုးမျိုးတွင်သော အနုပညာစာဆိုကြီး ဦးကြော့သည် မြန်မာသက္ကရာဇ် ၁၂၅၃ ခုနှစ်တွင် နတ်မောက်မြို့ရှိ သမီးဖြစ်သူ၏ နေအိမ်၌ ကွယ်လွန်ခဲ့ရှာသည်။

**ဂုဏ်လင်္ကာရသစုံသည့် ဦးကြော့**

ဦးကြော့၏ စာကဗျာများဖတ်ရသည်မှာ ဂုဏ်လင်္ကာရသစုံသည့် စာမှော်ရုံတောထဲ ဖြတ်သန်းလျှောက်လှမ်းရသူနှယ် အလွမ်းအဆွေးအသောစုံစုံလင်လင် ခံစားရမိပေသည်။ ထို့ကြောင့်ပင်လျှင် ရှင်ဥတ္တမကျော်က တောလားတစ်ပုဒ်တည်းဖြင့်လည်းကောင်း၊ ပလိပ်ရွာစား ဦးဖျော်သည် ငစဉ့်ကူးမင်းချင်းတစ်စောင်တည်းဖြင့်လည်းကောင်း၊ ဦးတိုးက ရာမရကန်တစ်ပုဒ်တည်းဖြင့်လည်းကောင်း တံခွန်စိုက်ထိပ်တန်းစာဆိုဘဝသို့ ရောက်ကြရပေသည်။ ရောက်လည်းရောက်ထိုက်ပေသည်ကို ဤဆောင်းပါးပါ စာမြည်းလောက်နှင့်ပင် တချို့တစ်ဝက်မြင်ရပေကြမည်ထင်မှတ်မိသည်။ ထို့ထက် တင်ပြစရာတစ်ခုကျန်နေပေသေးရာ ထိုအရာမှာ ဦးကြော့၏ စုံနံ့သာမြိုင်ရှာပုံတော်ကြီးပါ "ယမုန်သောင်စပ်၊ ရွှေသမင်နှင့်ရေတင်လို့၊ ခပ်စဉ်က လောင်းမြတ်တဲ့သူမွန်၊ ရွှေလိုဝင်းပါတဲ့ မင်းသုဝဏ်ကို၊ စိန်ချွန်တော်ထိ၊ ဒုက္ခတွေဖိတုန်းက"ဆိုသည့်အဖွဲ့မှ မင်းသုဝဏ်ဆိုသည့်စာသားကို ဆရာကြီးဦးဝန်က ကလောင်အမည်ဖြင့် ခံယူခဲ့သည့် ထူးခြားသော ဖြစ်စဉ်တစ်ခုကလည်း စုံနံ့သာမြိုင်ကို ဂုဏ်တစ်ရပ်အဖြစ် ဖော်ညွှန်းခဲ့သေးသည်ဟုဆိုရပေမည်။

**ကိုးကား**

- တောင်တွင်းကြီး ဦးဘမောင်၏ ဦးကြော့နှင့် တောင်တွင်းစာဆို ကဗျာများ
- မန္တလေးတက္ကသိုလ်၊ သုတေသနအဖွဲ့၏ စာတော်ဖတ် ဦးကြော့၏ စုံနံ့သာမြိုင်နှင့် ရှာပုံတော်ကြီးများ
- မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၂)
- ဟံသာဝတီစာအုပ်တိုက်၏ မြန်မာကဗျာ ရွေးချယ်ချက်နှင့် ရတုရွေးချယ်ချက်
- ဒေါက်တာအေးဝင်း၏ ဦးကြော့၏ ဆယ့်နှစ်ရာသီဘွဲ့တေးထပ်ကဗျာများမှ စာဆို၏ ဖန်တီးမှုအတတ်ပညာ

## (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကိုဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## စစ်မှန်ရွေးလို့ မဲပေးစို့

– ပါတီစုံ ရွေးကောက်ပွဲကို
မဲပေးဖို့ စိတ်မှာကြံ၊
နိုင်ငံချစ်သူ ပေါ်ထွက်ရေး
ရွေးချယ်ကြရန်၊
တိုင်းပြည်အတွက် စေတနာမှန်
အတ္တမာန် ရှောင်ခွာကင်းလို့၊
လူကောင်းလူတော် ပေါ်လာရေး
မဲပေးကြစို့။

– တိုင်းပြည်ကို ကောင်းအောင်ပြု
စွမ်းဆောင်မှု ရှိကြစေ၊
အတွေးအခေါ် လွဲမမှားဖို့
စဉ်းစားရမလေ၊
ရွေးချယ်မှု မှားခဲ့ပေ
ပျက်သုဉ်းစေ ဆုံးရှုံးမှု၊
နောင်တဆိုတာ မရှိရေး
တွေးဆလို့ပြု။

– ပါတီစုံဒီမိုကရေစီလမ်း
တက်လှမ်းဖို့ သည်ချိန်ခါ၊
တိုင်းမြန်ပြည် တိုးတက်ရေးကို
အလေးထားရမှာ၊
ခေတ်စနစ်နှင့် လျော်ညီစွာ
ပြုပြင်ကာ ဆောင်ရွက်ပါမှ၊
အနာဂတ် ပြည်မြန်မာ
ပိုမိုကာ စွမ်းဆောင်ကြ၊
နိုင်ငံတော် ဖွံ့ဖြိုးလို့
ကောင်းကျိုးတွေရ။ ။

**မောင်မောင်အေး(ဘိုကလေး)**

## သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၉၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ပုသိမ် ဒီဇင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၉၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၅၇၉ ဧက စိုက်ပျိုးရန်လျာထားပြီး နိုဝင်ဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဟင်းသီးဟင်းရွက် ၁၀၉၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ သာပေါင်းမြို့နယ်အနေနဲ့ ဟင်းသီးဟင်းရွက် ဧက ၄၅၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာတော့ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးရာမှာ တိုင်ထောင်ပဲ၊ ကြက်ဟင်းခါး၊ ရုံးပတီ၊ ချဉ်ပေါင်၊ နံနံ၊ မုန်လာဥ၊ မုန်ညင်း စတဲ့သီးနှံတွေ စိုက်ပျိုးပါတယ်။ ဟင်းသီးဟင်းရွက်တွေအပါအဝင် ဆောင်းသီးနှံတွေအားလုံး အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးနေပါတယ်။ ပိုးမွှားအန္တရာယ် ကင်းရှင်းဖို့ကိုလဲ တောင်သူတွေကို သင်တန်းတွေ ပေးထားပြီဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက်ကို လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

သာပေါင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာပြုပြင်ရေး၊ မျိုးစေ့ရွေးချယ်မှုမှန်ကန်ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးသတ်ဆေးသုံးစွဲမှုနည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး စသည့်လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

## မချမ်းဘော့မြို့နယ် အင်ဘူးဘော့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မချမ်းဘော့ ဒီဇင်ဘာ ၂၂**

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘော့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ အင်ဘူးဘော့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မချမ်းဘော့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးကျော်နိုင်မင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၅ဒသမ ၅သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခေတ္တမြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါ အင်ဘူးဘော့ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၂၀ ကို ငွေကျပ်၂၄ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၁၇ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူနှစ်ဦးကို ငွေကျပ် လေးသန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ဦးရေ ၄၀ ကို ရန်ပုံငွေကျပ် ၄၅ ဒသမ ၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ရဲကျော်**



## ပွင့်ဖြူမြို့နယ် လယ်လှကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပွင့်ဖြူ ဒီဇင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လယ်လှကုန်းကျေးရွာ၌ ၁၁ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ ပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၂ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လယ်လှကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၉ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## နိုင်ငံတကာ သတင်းများ

# အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ပြန်လည်ရယူရေး ထိုင်းနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံ ဆွေးနွေးမည်




**ကွာလာလမ်ပူ ဒီဇင်ဘာ ၂၂**

နှစ်နိုင်ငံအကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ပြန်လည် ရယူနိုင်ရေးအတွက် ထိုင်းနှင့် ကမ္ဘောဒီးယားကာကွယ်ရေးဝန်ကြီးဌာနတာဝန်ရှိသူများက ဒီဇင်ဘာ ၂၄ ရက်တွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

နှစ်နိုင်ငံအကြား နယ်စပ်ပဋိပက္ခများအတွက် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ပြန်လည်ရယူနိုင်ရေး နှစ်နိုင်ငံနယ်စပ် ကော်မတီများအကြား ဒီဇင်ဘာ ၂၄ ရက်တွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားသည်။

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ထိုင်းနှင့် ကမ္ဘောဒီးယားနယ်စပ်ကော်မတီများ တွေ့ဆုံဆွေးနွေးမည့် အစီအစဉ်ကို အတည်ပြုခဲ့ခြင်း ဖြစ်သည်။

ထိုင်းနှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံကြား ဒီဇင်ဘာ ၈ ရက်တွင် စတင်ဖြစ်ပွားခဲ့သည့် နယ်စပ်ပဋိပက္ခများသည် လက်ရှိတွင် ရက်သတ္တသုံးပတ်တာ ကာလ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

ထိုင်းနှင့် ကမ္ဘောဒီးယားတို့သည် ယခုနှစ်ဇူလိုင်လကလည်း နယ်စပ်ပဋိပက္ခများဖြစ်ပွားခဲ့ရာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ကြားဝင်မှုကြောင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ရယူခဲ့သည်။

နယ်စပ်ချင်း မိုင် ၅၀၀ ကျော် ထိစပ်နေသည့် ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ရှေးယခင်ကလည်း နယ်စပ်ပိုင်ဆိုင်ခွင့် အငြင်းပွားမှု ပြဿနာများကြောင့် ပဋိပက္ခများ ဖြစ်ပွားခဲ့ဖူးကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# အင်ဒိုနီးရှားနိုင်ငံ၌ ဘတ်စကားတစ်စီးတိမ်းမှောက်မှုကြောင့် လူ ၁၆ ဦး သေဆုံးပြီး ၁၈ ဦး ဒဏ်ရာရရှိ

**ဂျကာတာ ဒီဇင်ဘာ ၂၂**

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းပေါ်၌ ဒီဇင်ဘာ ၂၁ ရက် သန်းခေါင်ယံတွင် ခရီးသည်တင်ဘတ်စကား တစ်စီးတိမ်းမှောက်ခဲ့ရာ လူ ၁၆ ဦး သေဆုံးပြီး ၁၈ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဂျာဗားကျွန်း တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ခရီးသည် ၃၄ ဦး လိုက်ပါလာသည့် အဆိုပါခရီးသည်တင်ဘတ်စကားသည် မောင်းနှင်နေစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းအရံအတားများကို ဝင်တိုက်၍ တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

၎င်းခရီးသည်တင်ဘတ်စကားသည် ဂျကာတာမြို့မှ ယိုဂျာကာတာမြို့သို့ ဦးတည်မောင်းနှင်နေစဉ် တိမ်းမှောက်ခဲ့ခြင်း ဖြစ်ကြောင်း ဂျာဗားကျွန်း တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားထားသည်။

အဆိုပါ ယာဉ်မတော်တဆမှုအတွင်း ၁၈ ဦး ဒဏ်ရာရရှိရာ ၁၃ ဦးမှာ ဒဏ်ရာပြင်းထန်ခဲ့ကြောင်း သိရသည်။

ခရီးသည်တင် ဘတ်စကားယာဉ်မောင်းသည် ယာဉ်ကိုအရှိန်ပြင်းစွာမောင်းနှင်နေစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးအရံအတားများကိုဝင်တိုက်၍ တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

လမ်းများ ပြုပြင်ထိန်းသိမ်းမှု ညံ့ဖျင်းခြင်း၊ ယာဉ်များအိုမင်းခြင်း၊ ပေါ့ဆစွာ မောင်းနှင်မှုများကြောင့် အင်ဒိုနီးရှားနိုင်ငံ၌ ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ချားလ်ဒီဂေါလ် လေယာဉ်တင်သင်္ဘော၏နေရာတွင် အစားထိုးရန် လေယာဉ်တင်သင်္ဘောသစ်တည်ဆောက်မည့်အစီအစဉ်ကို ပြင်သစ်သမ္မတ ကြေညာ



**အဘူဒါဘီ ဒီဇင်ဘာ ၂၂**

သက်တမ်းအိုမင်းလာပြီဖြစ်သည့် ချားလ်ဒီဂေါလ်လေယာဉ်တင်သင်္ဘော၏နေရာတွင် အစားထိုးရန်အတွက် လေယာဉ်တင်သင်္ဘောသစ်တစ်စီး တည်ဆောက်မည်ဟု ပြင်သစ်သမ္မတမက်ခရွန်က ဒီဇင်ဘာ ၂၁ ရက်က ကြေညာခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ယူအေအီးနိုင်ငံ အဘူဒါဘီမြို့၌ ပြင်သစ်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ် လေယာဉ်တင်သင်္ဘောသစ် တည်ဆောက်ရေး အစီအစဉ်ကို ပြင်သစ်သမ္မတ မက်ခရွန်က အတည်ပြု ကြေညာခဲ့ခြင်း ဖြစ်သည်။

လေယာဉ်တင် သင်္ဘောသစ် တည်ဆောက်ရေးကုန်ကျစရိတ်မှာ ယူရိုငွေ ၁၀ ဒသမ ၂၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံ) ကုန်ကျနိုင်ကြောင်း သိရသည်။

တည်ဆောက်ရေးလုပ်ငန်းများ ပြီးဆုံးပါက အဆိုပါလေယာဉ်တင်သင်္ဘောသည် ဥရောပ၌တည်ဆောက်ခဲ့ဖူးသမျှ အရွယ်အစား အကြီးမားဆုံး လေယာဉ်တင် သင်္ဘော ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ပြင်သစ်အစိုးရတာဝန်ရှိသူများက ပြောကြားထားသည်။

ပြင်သစ်နိုင်ငံသည် လေယာဉ်တင်သင်္ဘောများပိုင်ဆိုင်ထားသည့် ဥရောပနိုင်ငံ အနည်းငယ်တွင် ပါဝင်သည့် နိုင်ငံဖြစ်သည်။

၂၀၀၁ ခုနှစ်က စစ်ရေးတာဝန်များရယူခဲ့သော ချားလ်ဒီဂေါလ် လေယာဉ်တင် သင်္ဘောသည် ၂၀၃၈ ခုနှစ်တွင် အနားယူမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# သမ္မတရုံးကို အိမ်ပြာတော်အဆောက်အအုံသို့ ပြန်လည်ပြောင်းရွှေ့ရန် တောင်ကိုရီးယား စီစဉ်

**ဆိုးလ် ဒီဇင်ဘာ ၂၂**

တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာန၌ ဖွင့်လှစ်ထားသည့် သမ္မတရုံးကို အိမ်ပြာတော် အဆောက်အအုံသို့ ပြန်လည်ရွှေ့ပြောင်းဖွင့်လှစ်ရန် သမ္မတ လီဂျေးမြောင်က စီစဉ်ထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဆိုးလ်မြို့ ဂျောင့်ဒိုခရိုင် ဘူဂက်ဆန် တောင်ကုန်းအနီးတည်ရှိသော အိမ်ပြာတော် အဆောက်အအုံသည် အစဉ်အလာအားဖြင့် တောင်ကိုရီးယား သမ္မတရုံးများ ရုံးစိုက်ရာ အဆောက်အအုံဖြစ်သည်။

သို့ရာတွင် ယခုနှစ် ဧပြီလတွင် ရာထူးမှ ဖယ်ရှားခံခဲ့ရသော တောင်ကိုရီးယား သမ္မတဟောင်း ယွန်ဆွတ်ယိုးသည် အဆိုပါအစဉ်အလာကိုချိုးဖောက်၍ သမ္မတရုံးကို ကာကွယ်ရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့ ဖွင့်လှစ်ထားခြင်း ဖြစ်သည်။



သမ္မတလီဂျေးမြောင်အနေဖြင့် အိမ်ပြာတော်သို့ သမ္မတရုံး ရွှေ့ပြောင်းမှုကို ခရစ္စမတ်ကာလအတွင်း အပြီးသတ်နိုင်ဖွယ်ရှိကြောင်း တောင်ကိုရီးယား မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ကိုရီးယား ဘာသာစကားဖြင့် ချောင်ဝါဒေးဟုခေါ်သော သမ္မတအိမ်ပြာတော်သည် ယင်းအဆောက်အအုံ၌မိုးထားသည့် အပြာရောင် အုတ်ကြွပ်မိုးများကြောင့် အိမ်ပြာတော်အဖြစ် နာမည်ကြီးခဲ့ရခြင်း ဖြစ်သည်။

တောင်ကိုရီးယားသမ္မတဟောင်း ယွန်ဆွတ်ယိုးသည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် စစ်အုပ်ချုပ်ရေး ဥပဒေ ကြေညာပြဌာန်းရန် ကြိုးပမ်းမှုဖြင့် ယခုနှစ် ဧပြီလတွင် ရာထူးမှ ဖယ်ရှားခံခဲ့ရကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ မျက်နှာစုံညီအစည်းအဝေး စတင်

**ဟန္နိုင်း ဒီဇင်ဘာ ၂၂**

ဗီယက်နမ်ကွန်မြူနစ်ပါတီသည် နှစ်ရက်ကြာ ပါတီဗဟိုကော်မတီ မျက်နှာစုံညီ အစည်းအဝေးကို ယနေ့တွင် ဟန္နိုင်းမြို့၌ စတင်ကျင်းပခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြခဲ့သည်။

ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ မျက်နှာစုံညီ အစည်းအဝေးတွင် နောက်ငါးနှစ်သက်တမ်း အတွက် ဗီယက်နမ်နိုင်ငံအား ဦးဆောင်မှုပေးရမည့် ခေါင်းဆောင်သစ်များကို စိစစ်ရွေးချယ်မည်ဖြစ်သည်။

အဆိုပါအစည်းအဝေးများ၌ ရွေးချယ်ထားသည့် ခေါင်းဆောင်သစ်များကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၉ ရက်မှ ၂၅ ရက်ထိ ကျင်းပမည့် ကွန်မြူနစ်ပါတီညီလာခံ၌ တရားဝင် အမည်စာရင်းတင်သွင်းမည် ဖြစ်သည်။

ဗီယက်နမ် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ မျက်နှာစုံညီအစည်းအဝေးသို့ ကွန်မြူနစ်ပါတီအကြီးအကဲ တိုလမ်းကိုယ်တိုင် တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။

အသက် ၆၈ နှစ်ရှိ ဗီယက်နမ်အကြီးအကဲ တိုလမ်းသည် ငါးနှစ်သက်တမ်းရှိ ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ရာထူးကို ဒုတိယအကြိမ် ဆက်လက်ရယူရန် ရည်ရွယ်ထားသည်။

အဆိုပါ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ မျက်နှာစုံညီ အစည်းအဝေးတွင် ပါတီတာဝန်ရှိသူများအနေဖြင့် ပါတီအကြီးအကဲသစ်အပြင် သမ္မတ၊ ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌတို့ကိုလည်း စိစစ်ရွေးချယ်ရမည် ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## နာဆာက အရွယ်အစားကြီးမားသည့် အာကာသဒြပ်ထည်နှစ်ခု ဝင်တိုက်မှုဖြစ်စဉ်တစ်ရပ်၏ နောက်ဆက်တွဲအခြေအနေများကို လေ့လာနိုင်ခဲ့



ဝါရှင်တန် ဒီဇင်ဘာ ၂၂

အမေရိကန်အစိုးရအမျိုးသား လေကြောင်းနှင့်အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)သည် အရွယ်အစား ကြီးမားသည့် အာကာသဒြပ်ထည်နှစ်ခု ဝင်တိုက်မှုဖြစ်စဉ်တစ်ရပ်၏ နောက်ဆက်တွဲ အခြေအနေများကို လေ့လာနိုင်ခဲ့ကြောင်း ဒီဇင်ဘာ ၂၁ ရက် သတင်းများအရ သိရသည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် သိပ္ပံပညာရှင်များသည် ဖိုမယ်ဟော့အမည်ရှိ သက်နုကြယ်တစ်စင်း၏အနီးတွင် အလင်းအားနှင့် သိပ်သည်းဆမြင့်မားသော အစက်အပြောက်တစ်ခုကို ထောက်လှမ်းတွေ့ရှိခဲ့ကြသည်။

ဂြိုဟ်တစ်စင်းဖွဲ့စည်းပေါ်ထွက်လာခြင်းဖြစ်နိုင်ကြောင်း ယူဆချက်ဖြင့် နိုင်ငံတကာသိပ္ပံပညာရှင်များသည် အဆိုပါအစက်အပြောက်ကို ဆက်လက်စောင့်ကြည့်လေ့လာခဲ့ကြသည်။

သို့ရာတွင် ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်၏ လေ့လာတွေ့ရှိချက်အရ ၎င်းအစက်အပြောက်သည် မူလတွေးထင်ထားသကဲ့သို့ ဂြိုဟ်တစ်စင်းမဟုတ်ဘဲ အရွယ်အစားကြီးမားသော အာကာသ ဒြပ်ထည်နှစ်ခုဝင်တိုက်မှုကြောင့် ပေါ်ထွက်လာသည့် ကျောက်သားအစအန အစုအဝေးကြီးဖြစ်ကြောင်း သိရသည်။

ဖိုမယ်ဟော့ကြယ်အနီး ဝင်တိုက်ခဲ့သော အာကာသဒြပ်ထည်နှစ်ခု၏ အရွယ်အစားမှာ အချင်း ၃၇ မိုင်ထိ ရှိနိုင်သည်ဟု နာဆာသိပ္ပံပညာရှင်များ က ပြောကြားခဲ့ကြောင်း သိရသည်။

ဖိုမယ်ဟော့ကြယ်သည် ကမ္ဘာမြေနှင့်အလင်းနှစ် ၂၅ နှစ်သာကွာဝေးသည့်နေရာ၌ တည်ရှိသော ကြယ်တစ်စင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO


## ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်လေ့လာရေးအာကာသယာဉ်က အခြားဂြိုဟ်တစ်စင်းပေါ်၌ ခရီးအကွာအဝေး အရှည်လျားဆုံးမောင်းနှင်နိုင်မည့် အာကာသယာဉ်ဖြစ်လာနိုင်

ဝါရှင်တန် ဒီဇင်ဘာ ၂၂

အမေရိကန်အစိုးရအမျိုးသား လေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်လေ့လာရေး အာကာသယာဉ်သည် အခြားဂြိုဟ်တစ်စင်းပေါ်၌ ခရီးအကွာအဝေး အရှည်လျားဆုံး မောင်းနှင်နိုင်မည့် အာကာသယာဉ်ဖြစ်လာနိုင်ကြောင်း ဒီဇင်ဘာ ၂၁ ရက် သတင်းများအရ သိရသည်။

အင်္ဂါဂြိုဟ်ပေါ်၌ မစ်ရှင်သက်တမ်း ငါးနှစ်ရှိပြီဖြစ်သည့် ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် လက်ရှိအချိန်တွင် အင်္ဂါဂြိုဟ် ဂျီဇီးရိုးနယ်မြေ၌ ခရီးအကွာအဝေး ၂၅ မိုင်ခန့်ထိ မောင်းနှင်ခဲ့ပြီးဖြစ်သည်။

သို့ရာတွင် ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ် မျက်နှာပြင်လေ့လာရေးယာဉ်သည် လက်ရှိရောက်ရှိနေသော အကွာအဝေးထက် နှစ်ဆပိုသည့်အကွာအဝေးထိ မောင်းနှင်နိုင်စွမ်းရှိနေဆဲဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ခန့်မှန်းထားကြောင်း သိရသည်။



လက်ရှိတွင် အခြားဂြိုဟ်တစ်စင်းပေါ်၌ ခရီးအကွာအဝေး အရှည်လျားဆုံး မောင်းနှင်နိုင်သည့် အာကာသယာဉ်အဖြစ် စံချိန်တင်ထားသော အာကာသယာဉ်မှာ နာဆာ၏ အပေါ်ကျူနတီ အာကာသယာဉ်ဖြစ်ပြီး မစ်ရှင်သက်တမ်း ၁၄ နှစ်အတွင်း ခရီးအကွာအဝေး ၂၈ ဒသမ ၁၆ မိုင် ရောက်ရှိခဲ့ကြောင်း သိရသည်။

သို့ရာတွင် နာဆာသိပ္ပံပညာရှင်များ၏ ခန့်မှန်းချက်အရ ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် မစ်ရှင်သက်တမ်းကုန်ဆုံးချိန်ထိ ခရီးအကွာအဝေး စုစုပေါင်း ၆၂ မိုင်ထိရောက်ရှိနိုင်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## တိုက်တန်ဂြိုဟ်ရံလ မြေမျက်နှာပြင်အောက်၌ တစ်စိတ်တစ်ပိုင်းအေးခဲနေသော လိုဏ်ဂူများရှိနေ

ဝါရှင်တန် ဒီဇင်ဘာ ၂၂

စနေဂြိုဟ်၏ အကြီးဆုံးဂြိုဟ်ရံလဖြစ်သော တိုက်တန်ဂြိုဟ်ရံလ မြေမျက်နှာပြင်အောက်၌ တစ်စိတ်တစ်ပိုင်း အေးခဲနေသော လိုဏ်ဂူများရှိနေကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ ဒီဇင်ဘာ ၂၁ ရက် သတင်းများအရ သိရသည်.

ကတ်ဆီနီ အာကာသယာဉ်မှ ရရှိသော သတင်းအချက်အလက်များအရ တိုက်တန်ဂြိုဟ်ရံလ၏ မြေမျက်နှာပြင်အောက်၌ တစ်စိတ်တစ်ပိုင်း အေးခဲနေသော လိုဏ်ဂူများရှိနေကြောင်း ဝါရှင်တန်တက္ကသိုလ်မှ အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

တိုက်တန်ဂြိုဟ်ရံလ၏ အထက်ပါ မြေအောက်လိုဏ်ဂူများထဲတွင် သက်ရှိများ ရှင်သန်နိုင်မည့် နောက်ခံအခြေအနေများ ရှိနေနိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များ သုံးသပ်ထားကြောင်း သိရသည်။

အရွယ်အစားအားဖြင့် အချင်းမိုင် ၃၂၀၀ ရှိသော တိုက်တန်ဂြိုဟ်ရံလသည် ရွှေရောင်မြူခိုးများဖြင့် ဖွဲ့စည်းထားသော လေထုလွှာတစ်ခုပိုင်ဆိုင်ထားသော ရေခဲဂြိုဟ်ရံလအဖြစ် သိပ္ပံပညာရှင်များက သတ်မှတ်ထားသည်။

တိုက်တန်ဂြိုဟ်ရံလသည် ကမ္ဘာဂြိုဟ်၏ ရေသံသရာကဲ့သို့ ရေသံသရာစနစ်တစ်မျိုး ပိုင်ဆိုင်ထားသည့် နေအဖွဲ့အစည်း၏ တစ်ခုတည်းသော ဂြိုဟ်ရံလဖြစ်သည်။

၁၉၉၇ ခုနှစ် အောက်တိုဘာလတွင် လွှတ်တင်ခဲ့သော ကတ်ဆီနီ အာကာသယာဉ်သည် တိုက်တန်ဂြိုဟ်ရံလကို အကြိမ်ပေါင်း ၁၀၀ ကျော် အနီးကပ်ဖြတ်သန်းလေ့လာခဲ့သည့် အာကာသယာဉ်ဖြစ်သည်။

Ref : Xinhua News

Trs : KKO

# HEALTH

## နှင်းခူရောဂါလူနာများ၏ ယားယံမှုဝေဒနာကို Nemolizumab ထိုးဆေးက လျှော့ချပေးနိုင်

ဘန်း ဒီဇင်ဘာ ၂၂

နှင်းခူရောဂါလူနာများ၏ ယားယံမှုဝေဒနာကို Nemolizumab (Nemluvio) ခေါ် နှင်းခူရောဂါထိုးဆေးတစ်မျိုးက လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဒီဇင်ဘာ ၂၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

လက်တွေ့စမ်းသပ်မှုများမှ ပေါ်ထွက်လာသည့်ရလဒ်များအရ Nemolizumab ထိုးဆေးသစ်ထိုးနှံပြီးနှစ်ရက်အတွင်း လူနာများ၏ ယားယံမှုဝေဒနာကို ပုံမှန်ထက် သုံးဆထိ လျှော့ချပေးနိုင်ကြောင်း ဆွစ်ဇာလန် သုတေသနပညာရှင်များက ပြောကြားသည်။

Nemolizumab ထိုးဆေးကို ဆွစ်ဇာလန်နိုင်ငံအခြေစိုက် Galderma ဇီဝနည်းပညာကုမ္ပဏီက ထုတ်လုပ်ထားခြင်းဖြစ်သည်။

Nemolizumab ထိုးဆေးသည် ယားယံမှုအပါအဝင် နှင်းခူရောဂါ၏ ရောဂါလက္ခဏာများကို ဖန်တီးပေးတတ်သည့် ခုခံအားစနစ် ဓာတုပစ္စည်းများကို စေ့ဆော်ပေးတတ်သော ပရိုတင်းတစ်မျိုးကို ထိန်းချုပ်ခြင်းဖြင့် ယားယံမှုဝေဒနာကို လျှော့ချပေးကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

နှင်းခူရောဂါသည် အရေပြား၏ ဓာတ်မတည့်ပစ္စည်းများ ခုခံကာကွယ်နိုင်စွမ်းကို အနှောင့်အယှက်ပေးတတ်သည့် ခုခံအားစနစ်ပြဿနာများကြောင့် ဖြစ်ပွားတတ်သည့် ရောဂါဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## စိတ်ကျဝေဒနာနှင့်စိုးရိမ်သောက ဝင်ရောက်မှုတို့က နှလုံးဖောက်နိုင်ခြေ၊ လေဖြတ်နိုင်ခြေတို့ကို မြင့်တက်နိုင်

နယူးယောက် ဒီဇင်ဘာ ၂၂

စိတ်ကျဝေဒနာနှင့် စိုးရိမ်သောက ဝင်ရောက်မှုတို့သည် နှလုံး ရုတ်တရက်ဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေကို မြင့်တက်နိုင်ကြောင်း သုတေသန ပညာရှင်များ၏အဆိုကိုကိုးကား၍ ဒီဇင်ဘာ ၂၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် စိတ်ကျဝေဒနာနှင့် စိုးရိမ်သောကဝင်ရောက်မှုပြဿနာ နှစ်မျိုးစလုံးရှိနေသည့် လူနာ ၁၅၀၀၀ ခန့်နှင့် အထက်ပါ စိတ်ကျန်းမာရေးပြဿနာ နှစ်မျိုးအနက် တစ်မျိုးမျိုးရှိနေသူ လူနာ ၁၅၈၀၀ ကျော်တို့ကို အချိန်ယူစောင့်ကြည့်လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့် ရလဒ်များအရ စိတ်ကျဝေဒနာနှင့်စိုးရိမ်သောကဝင်ရောက်မှု နှစ်မျိုးစလုံး ရှိသူများသည် တစ်မျိုးတည်းရှိသူများထက် နှလုံးဖောက်နိုင်ခြေ၊ လေဖြတ်နိုင်ခြေမှာ ၃၁ ရာခိုင်နှုန်း ပို၍မြင့်မားသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် စိတ်ကျဝေဒနာနှင့် စိုးရိမ်သောက ဝင်ရောက်မှုပြဿနာများနှင့် အထက်ပါနှလုံးကျန်းမာရေးပြဿနာများ ဖြစ်နိုင်ခြေမြင့်တက်လာမှုတို့ကြား မည်သို့မည်ပုံ ဆက်စပ်နေသည်ကို သုတေသနပညာရှင်များက ရှင်းပြနိုင်မှုမရှိသေးပေ။

စိတ်ကျဝေဒနာနှင့် စိုးရိမ်သောကတို့ကြောင့် ဦးနှောက်လှုပ်ရှားမှုများနှင့် အာရုံနှာဗ်ဆဲလ်စနစ်တုံ့ပြန်မှုများ ပေါ်ထွက်လာပြီး နှလုံးအင်္ဂါအပေါ် ဖိအားသက်ရောက်မှုရှိလာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲတွင် ပွဲအနည်းဆုံးဖြင့် ဂိုးပါဝင်ပတ်သက်မှု အကြိမ် ၁၀၀ ပြည့်မြောက်သည့် ကစားသမားအဖြစ် ဟယ်ရီကိန်း မှတ်တမ်းဝင်



ဘာလင် ဒီဇင်ဘာ ၂၂

ဘွန်ဒက်လီဂါပွဲစဉ်အဖြစ် ဟီဒန်ဟိမ်းအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ကစားခဲ့သည့် ပွဲစဉ်တွင် တိုက်စစ်မှူးဟယ်ရီကိန်းက သွင်းဂိုး တစ်ဂိုး သွင်းယူခဲ့ပြီးနောက် ဂျာမန်ဘွန်ဒက်လီဂါ သမိုင်းတစ်လျှောက် ပွဲအနည်းဆုံးဖြင့် ဂိုးပါဝင်ပတ်သက်မှု အကြိမ် ၁၀၀ ပြည့်မြောက်ခဲ့သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း Espn သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဟယ်ရီကိန်းသည် စပါးအသင်းတွင်လည်း တစ်ဦးချင်း မှတ်တမ်းကောင်းများ ရရှိခဲ့သော်လည်း ဆုဖလားမရခဲ့သဖြင့် ၂၀၂၃ ခုနှစ် နွေရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းသို့ပြောင်းရွှေ့ခဲ့ပြီး အသင်းနှင့်ကစားခဲ့သည့် အမှတ်ပေးပြိုင်ပွဲ ၇၈ ပွဲတွင် သွင်းဂိုး ၈၁ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၉ ကြိမ် ပြုလုပ်နိုင်ခဲ့သဖြင့် ဂိုးပါဝင်ပတ်သက်မှု အကြိမ် ၁၀၀ ပြည့်မြောက်ခဲ့ခြင်း ဖြစ်သည်။

အသက် ၃၂ နှစ်ရှိ ကစားသမားသည် ၂၀၂၅ ခုနှစ်တွင်လည်း ပြိုင်ပွဲစုံ၌ ခြေစွမ်းပြကစားနိုင်ခဲ့သောကြောင့် ဂျာမန်ဘောလုံးလောက၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့ပြီး ဟီဒန်ဟိမ်းအသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် နောက်ထပ်မှတ်တမ်းသစ် ထပ်မံပိုင်ဆိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ၎င်းသည် ယခုနှစ်ဘောလုံးရာသီ ပြိုင်ပွဲစုံ ပွဲ ၂၀ တွင် သွင်းဂိုး ၃၂ ဂိုးနှင့် ဂိုးဖန်တီးမှု လေးကြိမ် ပြုလုပ်ထားကြောင်း သိရသည်။

Ref : Espn
Trs : ML

# အသက် ၁၇ နှစ်အောက် ဈေးကွက်တန်ကြေးအများဆုံး ကစားသမားအဖြစ် ခါရယ် ထိပ်ဆုံး၌ရပ်တည်

ဘာလင် ဒီဇင်ဘာ ၂၂

Transfer Market ၏ ဖော်ပြချက်အရ လက်ရှိ အသက် ၁၇ နှစ်အောက် ကစားသမားများတွင် ဈေးကွက်တန်ကြေး အများဆုံး ကစားသမားအဖြစ် ဘိုင်ယန်မြူးနစ်အသင်းမှ လူငယ်ကစားသမား ခါရယ်က ထိပ်ဆုံး၌ ရပ်တည်နေကြောင်း Transfer Market.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၇ နှစ်ရှိ ခါရယ်သည် ဘိုင်ယန်မြူးနစ်အသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ဘိုင်ယန်မြူးနစ် လူငယ်အသင်းတွင် အကောင်းဆုံး ခြေစွမ်းပြသခဲ့ပြီးနောက် ယခုနှစ် ဘောလုံးရာသီတွင် နည်းပြကွန်ပနီ၏ ယုံကြည်မှုနှင့်အတူ အသင်းကြီးထဲ ပူးပေါင်းခွင့်ရခဲ့ပြီး ကစားခွင့်ရရှိသည့် ပွဲစဉ်များတွင်လည်း အကောင်းဆုံး ခြေစွမ်းပြသခဲ့သူ ဖြစ်သည်။

Transfer Market က ကစားသမားများ၏ ဈေးကွက်တန်ကြေးကို သတ်မှတ်ရာတွင် ကစားသမားများနှင့် ကလပ်အသင်းများ၏ စာချုပ်သက်တမ်းကျန်ရှိမှု၊ အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်း ပြသနိုင်မှု၊ အသင်းအတွက်အရေးပါမှု အသင်းအပေါ် အကျိုးသက်ရောက်မှုများကို အခြေခံကာ တွက်ချက် ဖော်ပြခဲ့ခြင်းဖြစ်သည်။

Transfer Market ၏ ဖော်ပြချက်အရ ခါရယ်၏ ဈေးကွက်တန်ကြေးမှာ စတာလင်ပေါင် သန်း ၆၀ ဖြင့် ထိပ်ဆုံးတွင် ရပ်တည်နေပြီး ၎င်း၏နောက်တွင် ပီအက်စ်ဂျီအသင်းမှ အမ်ဘေရီကာ ၂၅ သန်း၊ ဟာသာဘာလင်အသင်းမှ အီချာဟွန်းက သန်း ၂၀၊ အတ္တလန်တာအသင်းမှ အာဟာနော်က သန်း ၂၀၊ အန်ဒါလက်အသင်းမှ နသန်ဒီကက်က ၁၇ သန်း၊ လီဗာပူးအသင်းမှ ရီယိုငူမိုဟာက ၁၅ သန်းဖြင့် ရပ်တည်လျက်ရှိကြောင်း သိရသည်။

Ref : Transfer Market.com
Trs : STA



## အားကစားသတင်းအတိုအထွာများ

- စပါးအသင်းကွင်းလယ်ကစားသမား လူးကပ်ဘာဗယ်ကို ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့ကြေး ယူရို သန်း ၆၀ ဖြင့် ခေါ်ယူနိုင်ရန် လီဗာပူးအသင်းက ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။
- ရီးရဲလ်မက်ဒရစ်အသင်းက ကိုမိုအသင်းမှ နစ်ကိုးပက်ဇ်ကို ယူရို ၁၀ သန်းဖြင့် အသင်းသို့ ပြန်လည်ခေါ်ယူရန် ဆုံးဖြတ်ထားသော်လည်း ဘဏ္ဍာငွေတိုးတက်ရရှိရန် ရောင်းချမည်ဖြစ်သောကြောင့် မန်ယူအသင်းက ယူရို သန်း ၈၀ ဖြင့် ခေါ်ယူရန် အသင့်ဖြစ်နေကြောင်း သိရသည်။
- အာဆင်နယ်အသင်းသည် တောင်ပံကစားသမား မာတင်နယ်လီကို ရောင်းချရန်ပြင်ဆင်နေပြီး တူကီယဲထိပ်တန်းကလပ်အသင်းဖြစ်သည့် ဖီနာဘာချီအသင်းက ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။ ML

# WBC Francophone စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်ကို အိန်ဂျယ်ရိုကေး ဆွတ်ခူး

ဇူးရစ် ဒီဇင်ဘာ ၂၂

လစ်လပ်နေသော WBC Francophone စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်လု ပွဲစဉ်အဖြစ် ဆွစ်ဇာလန် လက်ဝှေ့သမားများ ဖြစ်ကြသည့် အိန်ဂျယ်ရိုကေးနှင့် ကွန်ဂိုလိုတို့ ဒီဇင်ဘာ ၂၀ ရက်က ဇူးရစ်မြို့တွင် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ အိန်ဂျယ်ရိုကေးက ဒိုင်အမှတ်ဖြင့် အနိုင်ရကာ ချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့ကြောင်း Boxing Talk သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၀ နှစ်ရှိ အိန်ဂျယ်ရိုကေးအနေဖြင့် အသက် ၃၈ နှစ်ရှိ အတွေ့အကြုံရင့်သည့် ကွန်ဂိုလိုကို အကောင်းဆုံး ဖိအားပေးခဲ့ပြီး ချန်ပီယံခါးပတ်ဖြင့်ထိုက်တန်သည့် စွမ်းဆောင်ရည်ကို ပြသခဲ့သည်။

ဆွစ်ဇာလန်မြေတွင် ဆွစ်ဇာလန်လက်ဝှေ့သမားနှစ်ဦး၏ ထိပ်တိုက်တွေ့ဆုံမှုဖြစ်ခဲ့ပြီး အိန်ဂျယ်ရိုကေးက "မွေးရပ်မြေမှာ တစ်နိုင်ငံတည်းသားပြိုင်ဘက်နဲ့ ဆွစ်ဇာလန်ပရိသတ်ရှေ့မှာ ချန်ပီယံခါးပတ်ကို ကိုင်မြှောက်ခွင့်ရခဲ့တာ ဝမ်းသာဂုဏ်ယူပါတယ်။ ကွန်ဂိုလိုဟာ ကျွန်တော့်ထက် အတွေ့အကြုံပြည့်စုံတဲ့ လက်ဝှေ့သမားတစ်ယောက် ဖြစ်ပါတယ်။ သူထိုးသတ်ထားတဲ့ ပွဲအရေအတွက်နဲ့ ကျွန်တော် ထိုးသတ်ထားတဲ့ ပွဲအရေအတွက်က ထက်ဝက်လောက်ကွာပါတယ်။ သူ့ရဲ့ထိုးသတ်ဟန်တွေကို သေချာလေ့လာထားလို့လဲ ကျွန်တော်အနေနဲ့ အခုလို အနိုင်ရလဒ်ကို စွမ်းဆောင်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Boxing Talk
Trs : AZL

# ATP Next Gen Finals တင်းနစ်ပြိုင်ပွဲချန်ပီယံဆုကို လန်နာတီယန် ဆွတ်ခူး

ရီယာဒ် ဒီဇင်ဘာ ၂၂

ဆော်ဒီအာရေဗျနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ATP Next Gen Finals တင်းနစ်ပြိုင်ပွဲတွင် အမေရိကန် တင်းနစ်ကစားသမား လန်နာတီယန်က ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Tennis World သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



လန်နာတီယန်သည် ဖိုင်နယ်ပွဲစဉ်တွင် ဘယ်လ်ဂျီယံတင်းနစ်ကစားသမား ဘလော့ကို (၄-၃၊ ၄-၂၊ ၄-၁) ရလဒ်ဖြင့် အနိုင်ရကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

ATP Next Gen Finals တင်းနစ်ပြိုင်ပွဲသည် တစ်ရာသီအတွင်း စွမ်းဆောင်ရည် အကောင်းဆုံးနှင့် ကမ္ဘာ့အဆင့်သတ်မှတ်ချက် အမြင့်ဆုံး အသက် ၂၀ အောက် ကစားသမားများကို စုစည်းကျင်းပပေးသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်ပြီး အနာဂတ်မျိုးဆက်သစ်များအတွက် အကြီးကျယ် အခမ်းနားဆုံးသော ပြိုင်ပွဲတစ်ရပ်လည်းဖြစ်သည်။

လန်နာတီယန်သည် ၂၀၂၅ ခုနှစ် တင်းနစ်ရာသီကို ကမ္ဘာ့အဆင့်(၂၈) နေရာဖြင့်သာ အဆုံးသတ်ခဲ့သော်လည်း မျိုးဆက်သစ်လူငယ်များအတွက် အရှိန်အဟုန်ကြီးဆုံး ပြိုင်ပွဲတွင် ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့ခြင်းသည် အသက်၂၀ အောက် တင်းနစ်ကစားသမားများ၌ ကမ္ဘာ့အကောင်းဆုံး ကစားသမားအဖြစ် သတ်မှတ်ခံရခြင်းဖြစ်သည်။

လန်နာတီယန်က "ဖိုင်နယ်ပွဲစဉ်ဟာ တကယ့်ကို ခက်ခဲတဲ့ ပွဲစဉ်ဖြစ်လာလိမ့်မယ်လို့ ကြိုတင်တွေးထားပြီးသားပါ။ ပွဲကစားတဲ့အချိန်မှာလဲ ခက်ခဲတဲ့ ပွဲစဉ်ဖြစ်ခဲ့ပါတယ်။ ဘလော့ရဲ့ စပေးဘောတွေက ကောင်းခဲ့ပါတယ်။ ပထမပွဲငယ်မှာဆိုရင် သူ့ရဲ့စပေးဘောတွေကို လုံးဝမထိန်းနိုင်ခဲ့ဘူး။ ဒါပေမဲ့လဲ အနိုင်ရလဒ်ကိုတော့ ရအောင်ယူနိုင်ခဲ့လို့ အစကောင်းခဲ့ပါတယ်။ ဒုတိယပွဲငယ်နဲ့ တတိယပွဲငယ်ကတော့ ကျွန်တော့်အနေနဲ့ အမှားအယွင်းမရှိအောင် ကစားနိုင်ခဲ့ပါတယ်။ ဘလော့ကလဲ ချန်ပီယံလက်စွမ်းမျိုး ပြသနိုင်ခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Tennis World
Trs : AZL

# AfrAsia Bank Mauritius Open

## ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဂျေဒင် ဆွတ်ခူး



**ပို့လူးဝစ် ဒီဇင်ဘာ ၂၂**

မောရစ်သျှနိုင်ငံတွင် ကျင်းပခဲ့သည့် AfrAsia Bank Mauritius Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တောင်အာဖရိက ဂေါက်သီးရိုက်ကစားသမားဂျေဒင်က ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Golf Today သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျေဒင်သည် နောက်ဆုံးနေ့ အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဂျာရတ်နှင့်အတူ စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၂ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကိုဦးဆောင်ခဲ့သဖြင့် ချန်ပီယံ အဆုံးအဖြတ် Play-off အဆင့်ကို ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ရပြီး ဂျေဒင်က အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည်။

ဂျာရတ်က ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရပြီး တောင်အာဖရိက ဂေါက်သီးရိုက်ကစားသမား ဂျာဗစ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၇ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင်ရပ်တည်ခဲ့ကြသည်။

ဂျေဒင်အတွက် ကစားသမားဘဝသက်တမ်းတစ်လျှောက် DP World Tour တွင် ဒုတိယမြောက် ဆွတ်ခူးခဲ့သည့် ဆုဖလားဖြစ်ကြောင်းလည်း သိရသည်။

ဂျေဒင်က "ကျွန်တော့်အတွက်တော့ ဒီဇင်ဘာလဟာ တကယ့်ကို ပျော်စရာကောင်းတဲ့ လတစ်လဖြစ်ပါတယ်။ ဒီဇင်ဘာလအတွင်း ယှဉ်ပြိုင်ကစားခဲ့တဲ့ ပြိုင်ပွဲတွေမှာ ရလဒ်ပိုင်းတွေ တိုးတက်ကောင်းမွန်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ပြိုင်ပွဲတွေမှာ အောင်မြင်မှုမရခဲ့ပေမဲ့လဲ ရလဒ်နဲ့ စွမ်းဆောင်ရည်ပိုင်းကတော့ အားရကျေနပ်စရာ ကောင်းသလို တိုးတက်မှုရှိတယ်လို့ ခံစားရပါတယ်။ မောရစ်သျှဟာ ပုဂ္ဂိုလ်ရေးအရလဲ သဘောကျတဲ့နေရာတစ်ခုဖြစ်ပါတယ်။ သဘောကျတဲ့နေရာမှာ အောင်မြင်မှုကို ဆွတ်ခူးနိုင်ခဲ့တဲ့ ခံစားချက်ဟာ ဘာနဲ့မှမတူပါဘူး" ဟုပြောကြားခဲ့ကြောင်း သိရသည်။

Ref : Golf Today

Trs : AZL

# အေဗီလာအသင်းသမိုင်းတစ်လျှောက် ပြိုင်ပွဲစုံ ၁၀ ပွဲဆက် အနိုင်ရရှိအောင်စွမ်းဆောင်နိုင်သည့် ပထမဆုံးနည်းပြအဖြစ် အမ်မရီ စံချိန်သစ်တင်

**လန်ဒန် ဒီဇင်ဘာ ၂၂**

အေဗီလာအသင်း နည်းပြ အမ်မရီသည် အသင်းသမိုင်းတစ်လျှောက် ပြိုင်ပွဲစုံ ၁၀ပွဲဆက်အနိုင်ရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် ပထမဆုံးနည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း B/R Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇)အဖြစ်ကစားခဲ့သည့် အေဗီလာအသင်းနှင့် မန်ယူအသင်းတို့ ပွဲစဉ်တွင် အေဗီလာအသင်းက အိမ်ကွင်းတွင် နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီးနောက် အသင်းသမိုင်းတစ်လျှောက် ပြိုင်ပွဲစုံ ၁၀ ပွဲဆက် အနိုင်ရသည့် မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အေဗီလာအသင်းသည် ယခုနှစ် ဘောလုံးရာသီအစပိုင်းက ငါးပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့ကာ ရုန်းကန်ခဲ့ရသော်လည်း နောက်ပိုင်းပွဲစဉ်များတွင် ရလဒ်များ ဆက်တိုက် ပြန်လည်ကောင်းမွန်လာခဲ့ပြီး ပြီးခဲ့သည့် နိုဝင်ဘာ ၂ ရက်က ကစားခဲ့သည့် လီဗာပူးအသင်းနှင့်ပွဲစဉ်တွင် နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၁၀ ပွဲဆက် နိုင်ပွဲရယူခဲ့ပြီး စံချိန်မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အေဗီလာအသင်းသည် မန်ယူအသင်းကို အနိုင်ရခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲ အမှတ်ပေးဇယားတွင် ရမှတ် ၃၆ မှတ်ဖြင့် အဆင့်(၃)နေရာ၌ ရပ်တည်နေပြီး အဆင့်(၁)မှ အာဆင်နယ်အသင်း၊ အဆင့်(၂)မှ မန်စီးတီးအသင်းတို့ကို ချန်ပီယံဆုအတွက် ဆက်လက်ဖိအား ပေးလျက်ရှိနေကြောင်း သိရသည်။

Ref : B/R Football

Trs : STA



# မန်ယူအသင်း အဓိကကွင်းလယ်ကစားသမား ဖာနန်ဒက် ကြွက်သားဒဏ်ရာကြောင့် တစ်လခန့် အနားယူရမည်

**မန်ချက်စတာ ဒီဇင်ဘာ ၂၂**

မန်ယူအသင်း အဓိကကွင်းလယ် ကစားသမားတစ်ဦးဖြစ်သည့် ဖာနန်ဒက်သည် အေဗီလာအသင်းနှင့် ပွဲစဉ်တွင် ရရှိခဲ့သည့် ခြေထောက်ကြွက်သားဒဏ်ရာကြောင့် တစ်လခန့် အနားယူရမည်ဟု မန်ယူအသင်းက အတည်ပြု ကြေညာခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဖာနန်ဒက်သည် မန်ယူအသင်းက အေဗီလာအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ခြေထောက် ကြွက်သားဒဏ်ရာကြောင့် ပထမပိုင်းအပြီးတွင် လူစားလဲခဲ့ရခြင်းဖြစ်သည်။

ဖာနန်ဒက်၏ ဒဏ်ရာနှင့်ပတ်သက်ပြီး အသေးစိတ်စစ်ဆေးမှုများလုပ်ဆောင်ခဲ့ရာ ဒဏ်ရာမှာ ပြင်းထန်မှုမရှိသော်လည်း ကြံ့ခိုင်မှု ပြန်လည်ပြည့်ဝရန်အတွက် အနည်းဆုံး ရက်သတ္တလေးပတ်ခန့်ထိ အနားယူရနိုင်သည်ဟု မန်ယူအသင်းဆေးအဖွဲ့က အတည်ပြုထားခြင်းဖြစ်သည်။

ဖာနန်ဒက်သည် ၂၀၁၉ ခုနှစ်က စပို့တင်းလစ္စဘွန်းအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး အသင်းအဓိက ကစားသမားအဖြစ် ဘောလုံးရာသီတိုင်း ခြေစွမ်းပြသခဲ့ပြီး ဒဏ်ရာရရှိမှုနည်းပါးခဲ့သော်လည်း ယခုအခါ ခြေထောက်ကြွက်သားဒဏ်ရာကြောင့် အနည်းဆုံး တစ်လခန့် အနားယူရမည့် အရေးနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

ဖာနန်ဒက်သည် ဒဏ်ရာကြောင့် လာမည့် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင်ကစားမည့် ဘန်လေအသင်းနှင့်ပွဲစဉ်မှသာ ပြန်လည်ပါဝင်ကစားနိုင်ဖွယ် ရှိနေကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# အာဆီယံဟွန်ဒိုင်းဖလားပြိုင်ပွဲ မဲခွဲပွဲကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ကျင်းပသွားမည်

**ရန်ကုန် ဒီဇင်ဘာ ၂၂**

အာဆီယံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် အာဆီယံဒေသတွင်းပြိုင်ပွဲများတွင် အဆင့်အတန်းအမြင့်ဆုံး ပြိုင်ပွဲဖြစ်သည့် အာဆီယံဟွန်ဒိုင်းဖလား ပြိုင်ပွဲ အုပ်စုမဲခွဲပွဲ အခမ်းအနားကို လာမည့် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်က အာဆီယံချန်ပီယံရှစ်ဖလားပြိုင်ပွဲကို စပွန်ဆာပေးအပ်သည့် ကုမ္ပဏီများ၏ နာမည်များနှင့်ပေါင်းစပ်ကာအသုံးပြုသဖြင့် လာမည့် ပြိုင်ပွဲကို ဟွန်ဒိုင်းကုမ္ပဏီက စပွန်ဆာပေးအပ်ထားသည့်အတွက် အာဆီယံဟွန်ဒိုင်းဖလားပြိုင်ပွဲ အမည်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

အာဆီယံဟွန်ဒိုင်းဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းမရှိဘဲ အုပ်စုပွဲစဉ်များစတင်ပြီး ဗိုလ်လုပွဲစဉ်ထိ အိမ်ကွင်း၊ အဝေးကွင်းစနစ်ဖြင့် ကျင်းပနေခြင်းဖြစ်သည်။

အာဆီယံဟွန်ဒိုင်းဖလားပြိုင်ပွဲကို အာဆီယံဒေသတွင်းမှ အသင်း ၁၁ သင်းဖြင့် ကျင်းပမည်ဖြစ်သော်လည်း ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်အသင်းတို့မှာ အုပ်စုအဆင့်မှ တိုက်ရိုက်ဝင်ခွင့်ရရှိမည်ဖြစ်ပြီး တီမောလက်စ်တေအသင်းနှင့် ဘရူနိုင်းအသင်းတို့မှာ ရှုံးထွက်အဆင့်ပွဲစဉ်ကစားပြီး အနိုင်ရမည့်အသင်းက ဝင်ခွင့်ရရှိမည်ဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်က လာမည့် ၂၀၂၆ အာဆီယံဟွန်ဒိုင်းဖလားပြိုင်ပွဲကို ပြိုင်ပွဲကျင်းပသည့် နှစ် ၃၀ ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲကို လာမည့်၂၀၂၆ ခုနှစ် ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၂၆ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၄ ရက်တွင် ပြန်လည်ကျင်းပသွားမည်

**ရန်ကုန် ဒီဇင်ဘာ ၂၂**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲကို ဒီဇင်ဘာ ၂၄ ရက်မှ စတင်ပြီး ရန်ကုန်မြို့တွင် ပြန်လည်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



ယခုနှစ်ဘောလုံးရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို YREO အသင်း၊ Young Lionlesses အသင်း၊ ရှမ်းယူနိုက်တက်အသင်း၊ ရန်ကုန်စီးတီးအသင်း၊ မြဝတီအသင်း၊ လက်ရှိချန်ပီယံ ISPE အသင်း၊ ရွှေဝတီအသင်း၊ သစ္စာအားမာန်အသင်းစသည့် အသင်းရှစ်သင်းဖြင့်ကျင်းပနေခြင်း ဖြစ်သည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို မြန်မာ့လက်ရွေးစင်အသင်းများ၏ နိုင်ငံတကာ ပွဲစဉ်များကြောင့် ကာလအတန်ကြာ ရပ်နားထားရပြီး လာမည့် ဒီဇင်ဘာ ၂၄ ရက်မှ စတင်ပြီး ပွဲစဉ်(၁၀)အဖြစ်၊ ပွဲစဉ်များကို ပြန်လည်ကျင်းပသွားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ရပ်နားထားချိန်တွင် ပြိုင်ပွဲဝင်အသင်းများအနေဖြင့် ကစားသမားအပြောင်းအလဲများ ပြုလုပ်ထားပြီး ပထမဆုံး ပြည်ပကစားသမားခေါ်ယူမှုအဖြစ် ရွှေဝတီအသင်းက ဂျပန်ကစားသမား အိုဂါဝါနှင့် ဖိလစ်ပိုင်ကစားသမား အူဘီတို့ကို ခေါ်ယူ အင်အားဖြည့်တင်းထားသကဲ့သို့ အခြားအသင်းများကလည်း ပြည်တွင်းကစားသမားများကို ခေါ်ယူအားဖြည့်ခဲ့ကြသည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၀)အဖြစ် ဒီဇင်ဘာ ၂၄ ရက် ညနေ ၃ နာရီခွဲတွင် YREO အသင်းနှင့် Young Lionesses အသင်း၊ ရှမ်းယူနိုက်တက် အသင်းနှင့် ရန်ကုန်စီးတီးအသင်း၊ ဒီဇင်ဘာ ၂၆ ရက်တွင် မြဝတီအသင်းနှင့် ISPE အသင်း၊ ရွှေဝတီအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ထိန်းသိမ်းကာကွယ်ကြရမည့် မျိုးသုဉ်းလုစာရင်းဝင် မြန်မာ့ကြယ်လိပ်

နှင်းအိ(ရာမညမြေ)

ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံသည် ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝသောနိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံသည် မြစ်၊ ချောင်း၊ အင်း၊ အိုင်ပေါများသည့်အတွက် ကုန်းနေ၊ ရေနေသတ္တဝါတို့ ကျက်စားနေထိုင်ကြသည်။ အဆိုပါသတ္တဝါများတွင် ကုန်းလိပ်နှင့် ရေချိုလိပ်မျိုးစိတ်ပေါင်း ၂၆ မျိုးရှိသည့်အနက် ကြယ်လိပ်အပါအဝင် မျိုးစိတ်ခြောက်မျိုးသည် မြန်မာနိုင်ငံ၌သာတွေ့ရပြီး ရှားပါးမျိုးစိတ်များဖြစ်သည်။

**မြန်မာ့ကြယ်လိပ်**

ချစ်စရာကောင်းသော မြန်မာ့ကြယ်လိပ်များကို မြန်မာနိုင်ငံ၏ အပူပိုင်းရွက်ပြတ်တော၊ ဆူးချုံတော၊ အင်တိုင်းတောနှင့် သန်းဒဟတ်တောများတွင်တွေ့ရမည်ဖြစ်ပြီး မြန်မာနိုင်ငံအလယ်ပိုင်း ပူပြင်းခြောက်သွေ့သော ဒေသများဖြစ်သည့် မန္တလေးတိုင်း၊စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် အများဆုံး တွေ့နိုင်သည်။ မြန်မာ့ကြယ်လိပ်များသည် အအေးဒဏ်ကို မခံနိုင်သည့်အပြင် ဆောင်းခိုခြင်းလည်း မလုပ်ကြပေ။ သို့သော် ခြောက်သွေ့သောပတ်ဝန်းကျင်နှင့် စိုစွတ်သောပတ်ဝန်းကျင် နှစ်မျိုးစလုံးတွင် နေထိုင်ကြသည်။

**အမည်အမျိုးမျိုးမှည့်ခေါ်ပုံ**

ကြယ်လိပ်ကို အင်္ဂလိပ်လို "Burmese Star Tortoise"ဟု အမည်တွင်ပြီး သိပ္ပံအမည်မှာ "Geochelone platynota" ဖြစ်သည်။ ကြယ်လိပ်ကို မြန်မာနိုင်ငံတွင် ဒေသအလိုက် ကြယ်လိပ်၊ ဆီးချိုလိပ်၊ ပင့်ကူလိပ်၊ ပန်းလိပ်၊ ရွှေလိပ်၊ နတ်လိပ်ဟူ၍ အမည်အမျိုးမျိုးဖြင့်လည်း ခေါ်ဆိုကြသည်။

**ပုံသဏ္ဍာန်နှင့်အစာစားသည့်အလေ့အထ**

မြန်မာနိုင်ငံ၌သာ တွေ့ရှိရသော ကြယ်လိပ်တို့၏ ကျောခွံသည်ခုံးနေပြီး အညိုရင့်ရောင် သို့မဟုတ် အနက်ရောင်ရှိသည်။ ကျောခွံပေါ်ရှိအကွက်တိုင်းတွင် အဝါရောင်အစင်းများ ပါရှိသည်။ အမြီးအဖျားတွင် မာကြောသော အကြေးခွံပါရှိသည်။ ကျောခွံ၏ ထိပ်တွင် ကြယ်ပုံသဏ္ဍာန်အမှတ်အသားကို ထင်ရှားစွာတွေ့ရှိရသဖြင့် ကြယ်လိပ်ဟု တင်စားခေါ်ဝေါ်ကြသည်။ ထို့ပြင်ကျောခွံပေါ်ရှိ အဝါရောင်အစင်းများသည် ပင့်ကူပုံသဏ္ဍာန်ဖြစ်နေသောကြောင့် ပင့်ကူလိပ်ဟူ၍လည်း ခေါ်ဆိုကြသည်။

ကြယ်လိပ်များသည် အင်းဆက်ပိုးမွှားများကို စားသောက်တတ်သည့်အပြင် မှို၊ အသီးအရွက်၊ တီကောင်၊ ခရုတို့ကိုပါ စားသောက်လေ့ရှိသည့် အစုံစားသတ္တဝါမျိုးဖြစ်သည်။

**ဥဥခြင်းနှင့် သားပေါက်ခြင်း**

မြန်မာ့ကြယ်လိပ်များသည် သဘာဝအရ ဇွန်လမှစက်တင်ဘာလအတွင်း မိတ်လိုက်ကြပြီး မေလလယ်မှ စက်တင်ဘာလအတွင်း ဥဥတတ်၍ တစ်ကြိမ်လျှင် တစ်ဥမှ ၁၆ ဥထိ ဥလေ့ရှိကြောင်း သိရသည်။ မြန်မာ့ကြယ်လိပ်များ၏ သန္ဓေဆောင်ချိန်မှာ ၁၉၇ ရက်ဖြစ်ပြီး မိခင်နှင့်ပတ်ဝန်းကျင်အခြေအနေပေါ် မူတည်၍ ၁၇၂ ရက်မှ ၂၅၁ ရက်အတွင်းပြောင်းလဲနိုင်သည်။ မေလ၊ ဇွန်လ၊ ဇူလိုင်လများအတွင်း မိုးရွာသော အချိန်များ၌ ၎င်းတို့ဥထားသော ဥများမှသားပေါက်ပြီး သားပေါက်များ ဥကျင်းမှ ထွက်လာကြသည်။ သားပေါက်များတွင် အထီးနှင့် အမအချိုးသည် အပူချိန်ပေါ်မူတည်၍ ပြောင်းလဲနိုင်ပြီး ဟန်ချက်ညီသည့် အထီးအမအချိုးမှာ ခန့်မှန်းအပူချိန် ၃၀ ဒီဂရီစင်တီဂရိတ်ခန့်ဖြစ်ကာ အပူချိန်နိမ့်လျှင် အထီးအရေအတွက်များပြီး အပူချိန်မြင့်လျှင် အမအရေအတွက် ပိုများကြောင်း သိရသည်။



**မြန်မာ့ကြယ်လိပ်များ၏သက်တမ်း**

မြန်မာ့ကြယ်လိပ်များသည် မြန်မာနိုင်ငံအတွင်းတွင်သာ ရှင်သန်ကျက်စားသည့် ဒေသရင်းတောရိုင်းတိရစ္ဆာန်မျိုးစိတ်ဖြစ်သည်။ သုတေသနမှတ်တမ်းများအရ မြန်မာ့ကြယ်လိပ်သည် နှစ်ပေါင်း ၅၀ ခန့် ရှင်သန်နိုင်ပြီး အသက်ရှည်မှုမှာ စောင့်ရှောက်မှုနှင့် ၎င်းတို့နေထိုင်သည့် ပတ်ဝန်းကျင်အခြေအနေပေါ်များစွာမူတည်ကြောင်း သိရသည်။

**အကောင်ရေတိုးပွားလာ**

မြန်မာ့ကြယ်လိပ်များကို ၁၉၉၉ ခုနှစ်၌ ရွှေစက်တော်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ကြယ်လိပ်အထီး ၆ ကောင်၊ အမ ၆ ကောင် စုစုပေါင်း ၁၂ ကောင်၊ မင်းစုံတောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ကြယ်လိပ်အထီး ၆ ကောင်၊ အမ ၆ ကောင် စုစုပေါင်း ၁၂ ကောင်နှင့် ၂၀၀၁ ခုနှစ်၌ လောကနန္ဒာဘေးမဲ့တောဥယျာဉ်တွင် ကြယ်လိပ်အထီး ၄၂ ကောင်၊ အမအကောင်ရေ ၄၀ စုစုပေါင်း ၈၂ ကောင် စတင်မွေးမြူခဲ့ပြီး ၂၀၂၃ ခုနှစ် ဇူလိုင်လကုန်ထိ ရွှေစက်တော်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ၁၆၆၆ ကောင်၊ မင်းစုံတောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ၄၀၅၈ ကောင်နှင့် လောကနန္ဒာဘေးမဲ့တောဥယျာဉ်တွင် ၈၅၉၇ ကောင်ရှိခဲ့ကာ စုစုပေါင်းမြန်မာ့ကြယ်လိပ် ၁၄၃၂၁ ကောင်ထိ တိုးပွားလာခဲ့ကာ ခြံလှောင်မွေးမြူထိန်းသိမ်းထားလျက်ရှိကြောင်း သစ်တောဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ သိရသည်။

**ထိန်းသိမ်းစောင့်ရှောက်မှုများ**

မြန်မာ့ကြယ်လိပ်များကို ရေရှည်တည်တံ့ရှင်သန်နိုင်စေရန် ကာကွယ်ထိန်းသိမ်းပြီး ပြည်သူလူထုကိုလည်း တောရိုင်းတိရစ္ဆာန်လေးများအပေါ် မြတ်နိုးတတ်သည့် စိတ်ဓာတ်များဖြစ်ပေါ်လာစေရန် တာဝန်ရှိသူများအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးလုပ်ငန်းများကို လုပ်ဆောင်ပေးသင့်သည်။ ဤနည်းကလည်း ထိန်းသိမ်းစောင့်ရှောက်မှုတစ်မျိုးပင်ဖြစ်သည်။ မြန်မာ့ကြယ်လိပ်များ မျိုးမသုဉ်းစေရန် သက်ဆိုင်ရာက ထိန်းသိမ်းမွေးမြူခဲ့သဖြင့် နှစ်ပေါင်း ၂၀ အတွင်း အရှယ်စုံကြယ်လိပ်အကောင်ရေ ထောင်ချီတိုးပွားခဲ့ရာမှ ယခုအခါ သောင်းဂဏန်းထိရှိလာခဲ့ပြီဖြစ်သည်။

မျိုးသုဉ်းလုနီးပါး အန္တရာယ်ကျရောက်နေသော မြန်မာ့ကြယ်လိပ်များ ပျောက်ကွယ်မသွားစေရေးအတွက် မြန်မာနိုင်ငံတွင် ကြယ်လိပ်မွေးမြူခြင်းများကို ၂၀၀၄ ခုနှစ်တွင် ကောင်ရေ ၂၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် လိပ်ကောင်ရေ ၁၄၀၀၀ ထိ တိုးတက်လာခဲ့ကာ လိပ်အကောင်ရေ ၁၀၀၀ ကိုလည်း မူရင်းဒေသတောရိုင်းများသို့ ပြန်လည်ထားရှိပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ကြယ်လိပ်များမှာ တောမီးလောင်ခြင်း၊ နေထိုင်ရာတောများ ဆုံးရှုံးခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းများကြောင့် အရေအတွက်နည်းလာခဲ့သည်။ သို့အတွက် ကြယ်လိပ်များကို စနစ်တကျ ကာကွယ်ထိန်းသိမ်းထားခြင်းဖြစ်သည်။ မြန်မာ့ကြယ်လိပ်များကို ထိန်းသိမ်းသည့် နေရာ သုံးခုရှိသည်။ လောကနန္ဒာဘေးမဲ့တောဥယျာဉ်၊ ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မင်းစုံတောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများတွင် ထိန်းသိမ်းစောင့်ရှောက်မွေးမြူလျက်ရှိသည်။ ထို့ပြင် လက်ရှိတွင် မန္တလေးမြို့ ရတနာပုံတိရစ္ဆာန်ဥယျာဉ်တွင်လည်း မြန်မာ့ကြယ်လိပ်များ မျိုးသုဉ်းမသွားစေရန် အကောင်ရေတိုးလာစေရေး စောင့်ရှောက်မွေးမြူလျက်ရှိသည်ဟု သိရသည်။

**လိပ်များနှင့်ဂေဟစနစ်**

ကြယ်လိပ်အပါအဝင် လိပ်မျိုးစိတ်များသည် ဂေဟစနစ်ကိုအကျိုးပြုသည်။ လိပ်များသည် အပင်မျိုးစိတ်များနှင့် မှိုမျိုးစိတ်များပြန့်ပွားအောင်မျိုးစေ့များကို ဝတ်မှုန်ကူးပေးခြင်း၊ ဝတ်ဆံများနှင့် ပိုးမွှားများကို ပျံ့နှံ့သယ်ဆောင် ပေးနိုင်သည်။ လိပ်မျိုးစိတ်များသည် လူသားများကို သွယ်ဝိုက်၍လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း အကျိုးပြုနေသည်။

လိပ်များသည် ရေထုကို ညစ်ညမ်းစေသည့် ရေညှိရေမှော်များ၊ အင်းဆက်များကို စားသောက်သည့်အတွက် မြစ်၊ ချောင်း၊ အင်း၊ အိုင်များကို သန့်စင်ပေးပြီးဂေဟစနစ်ကို ထိန်းသိမ်းပေးသည်။ အင်း၊အိုင်များကိုညစ်ညမ်းစေသည့် ရေညှိ၊ ရေမှော်ပင်များကို စားသုံးပေးသည့်အတွက် အင်း၊ အိုင်များကို သန့်ရှင်းစေသည်။

ငါးသေ၊ ငါးပုပ်များကို စားသုံးသည့်အတွက် ရေထုကိုသန့်ရှင်းစေသည်။ လိပ်များသည် မြစ်ကမ်းအတွင်း ကျရောက်လာသည့်အသီးများကိုစားသုံးကာ မိမိတို့လှည့်လည်သွားလာရာ နေရာဒေသအသီးသီး၌ မစင်စွန့်သောအခါ ထိုနေရာဒေသအသီးသီးတွင် အပင်ပြန်ပေါက်သဖြင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကိုကာကွယ်သည်။ လိပ်တို့ပြန်လည်စွန့်သော မစင်များကို ရေနေသတ္တဝါများပြန်လည်စားသုံးကြသဖြင့် အစာကွင်းဆက်ကိုလည်း ဖန်တီးပေးသည်။ ထိုနည်းဖြင့် လိပ်များသည် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို ထိန်းသိမ်းပေးသည်။

**အချုပ်အားဖြင့်ဆိုရလျှင်**

အရောင်အသွေးလှပသည့် မြန်မာ့ဒေသမျိုးရင်း ကြယ်လိပ်များသည် မျိုးသုဉ်းလုစာရင်းဝင် ဖြစ်လာသဖြင့် စနစ်တကျ ထိန်းသိမ်းမွေးမြူလာခဲ့ရသော မျိုးစိတ်ဖြစ်သည်။ ထို့ပြင် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကိုပါ ကာကွယ်ပေးသဖြင့် မြန်မာ့ကြယ်လိပ်များကို အားလုံးဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးမှသာ မြန်မာ့ဒေသမျိုးရင်းဖြစ်သည့် ကြယ်လိပ်များမှာ မျိုးသုဉ်းမှုအန္တရာယ်မှ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

**ကိုးကား-**

(၁) မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၁)

(၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ထုတ်ဝေသော စာစောင်များ

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

# ၂၀၂၅ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအတွက် ရွှေကြိုမောင်မယ် ပထမအဆင့်ရွေးချယ်ပွဲ ကျင်းပပြုလုပ်



**ရန်ကုန် ဒီဇင်ဘာ ၂၂**

နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ၂၀၂၅ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲအတွက် ရွှေကြိုမောင်မယ် ပထမအဆင့် ရွေးချယ်ပွဲကို ဒီဇင်ဘာ ၂၁ ရက်က ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ရွှေရတုခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး တွဲဖက်အတွင်းရေးမှူး (၁) ဦးချမ်းသာကြည်စိုးထံမှ သိရသည်။

အဆိုပါ ရွှေကြိုမောင်မယ် ပထမအဆင့် ရွေးချယ်ပွဲတွင် ပထမပိုင်း အစီအစဉ်အနေဖြင့် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိ လျှောက်လွှာအမှတ်စဉ် ၀၀၀၁ မှ လျှောက်လွှာအမှတ် ၀၁၂၅ ထိ ရွေးချယ်မှုပြုလုပ်ခဲ့ပြီး ဒုတိယပိုင်း အစီအစဉ်ကို မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီထိ ပြုလုပ်ခဲ့ကာ လျှောက်လွှာအမှတ် ၀၀၁၂၆ မှ လျှောက်လွှာအမှတ် ၀၀၂၉၇ ထိ စိစစ်ရွေးချယ်ခဲ့ကြောင်း သိရသည်။

"ပထမကတော့ လျှောက်လွှာလျှောက်ထားသူတွေကို စတင်လူတွေ့စစ်ဆေးတာ ဖြစ်ပါတယ်။ ရုပ်ရည်၊ အရပ်အမောင်းနဲ့ ကိုယ်နေဟန်ထားတွေ၊ လူတွေ့မိတ်ဆက်တာတွေကို ကြည့်ရှုမှာပါ။ ဒုတိယအဆင့်မှ အိုက်တင်ပိုင်းတွေ၊ အမူအရာပိုင်းဆိုင်ရာစစ်ဆေးတာတွေလုပ်ဆောင်မှာပါ။ ဒီနှစ်ကတော့ ရွှေကြိုမောင်မယ်အတွဲလိုက် ၁၀ တွဲ ဒါမှမဟုတ် အတွဲရစ်တွဲလောက်ပဲ ဖြစ်ဖို့များပါတယ်"ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး တွဲဖက်အတွင်းရေးမှူး(၁) ဦးချမ်းသာကြည်စိုးက ပြောပြသည်။

ASH

# အလက်ဂျန်ဒရိုဂျီအင်နရီတူရိုက်ကူးသည့် ဇာတ်ကားသစ်နာမည် ဝါနာဘရားသားပြောကြား

**နယူးယောက် ဒီဇင်ဘာ ၂၂**

အော်စကာဆုရှင် ဒါရိုက်တာ အလက်ဂျန်ဒရိုဂျီအင်နရီတူ ရိုက်ကူးထားသည့် ရုပ်ရှင်ဇာတ်ကားသစ်၏ တရားဝင်ဇာတ်ကားနာမည်ကို ဝါနာဘရားသားကုမ္ပဏီက ဒီဇင်ဘာ ၂၁ ရက်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ဝါနာဘရားသားကုမ္ပဏီ၏ ကြေညာချက်အရ အထက်ပါရုပ်ရှင်ဇာတ်ကားသစ်၏ တရားဝင်ဇာတ်ကားနာမည်မှာ Digger ဖြစ်ကြောင်း သိရသည်။


Digger ဇာတ်ကားသည် ကိုယ့်ကိုယ်ကိုယ် ကယ်တင်ရှင်အဖြစ် ခံယူရန်ကြိုးပမ်းနေသည့် ကမ္ဘာ့သြဇာအကြီးဆုံး လူပုဂ္ဂိုလ်တစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသော ဟာသဇာတ်ကားဖြစ်ကြောင်း သိရသည်။

Digger ဇာတ်ကားတွင် ကမ္ဘာကျော်မင်းသားတွမ်ခရုဇ်က အဓိကဇာတ်ကောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Digger ဇာတ်ကားကို ၂၀၂၆ ခုနှစ် အောက်တိုဘာ ၂ ရက်တွင် ရုံတင်ပြသရန် ဝါနာဘရားသားကုမ္ပဏီက စီစဉ်ထားသည်။

**Ref : Sputnik News**

**Trs : KKO**



# တေးသံရှင် လွှမ်းပိုင်၊ နန်းဆုရတီစိုးတို့၏ Christmas Eve တေးဂီတဖျော်ဖြေပွဲကို ချမ်းအေးသာစံမြို့နယ် Godzilla Bar & Event Park တွင် ပြုလုပ်မည်ဖြစ်

**ရန်ကုန် ဒီဇင်ဘာ ၂၂**

တေးသံရှင် လွှမ်းပိုင်၊ နန်းဆုရတီစိုးတို့၏ Christmas Eve တေးဂီတဖျော်ဖြေပွဲကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ Godzilla Bar & Event Park ၌ ဒီဇင်ဘာ ၂၄ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် နန်းဆုရတီစိုးထံမှ သိရသည်။

အဆိုပါ တေးသံရှင် လွှမ်းပိုင်၊ နန်းဆုရတီစိုးတို့၏ Christmas Eve တေးဂီတဖျော်ဖြေပွဲကို Godzilla Bar ၌ ဒီဇင်ဘာ ၂၄ ရက်တွင် ပြုလုပ်မည်ဖြစ်ပြီး တေးသံရှင်များနှင့်အတူ Godzilla Bar မှ ပင်တိုင်တေးသံရှင်များက ပါဝင်ပံ့ပိုးဖျော်ဖြေသွားမည် ဖြစ်ကြောင်း




သိရသည်။

"မန်းမြေက ပရိသတ်တွေနဲ့ နန်းဆုတို့ Godzilla Bar မှာ ဒီဇင်ဘာ ၂၄ ရက်ညမှာ ဆုံကြဖို့ ပြင်ဆင်နေပါတယ်။ အားလုံးပျော်ရမဲ့ ဒီဇင်ဘာညချမ်းလေးဖြစ်မှာပါ။ ဒါကြောင့် အတူတူအေးချမ်းတဲ့ မန်းမြေရဲ့ ဆောင်းညမှာ သီချင်းလေးတွေနဲ့ အတူတူဖြတ်သန်းကြရအောင်"ဟု တေးသံရှင် နန်းဆုရတီစိုးက ပြောပြသည်။

တေးသံရှင် လွှမ်းပိုင်၊ နန်းဆုရတီစိုးတို့၏ Christmas Eve တေးဂီတဖျော်ဖြေပွဲကို Godzilla Bar & Event Park ၌ ဒီဇင်ဘာ ၂၄ ရက် ညနေ ၆ နာရီတွင် ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# The Twelve Dates of Christmas ဇာတ်ကား၌ လူစီဟေး၊ အိုင်ယန်ဟာဒင်းတို့ ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဒီဇင်ဘာ ၂၂**

Latigo Films ကုမ္ပဏီ၏ The Twelve Dates of Christmas အမည်ရှိအချစ်ဟာသဇာတ်ကား၌ မင်းသမီး လူစီဟေးနှင့် မင်းသား အိုင်ယန်ဟာဒင်းတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

The Twelve Dates of Christmas ဇာတ်ကားသည် အလုပ်ကိုသာ အာရုံစိုက်ထားသည့် အမျိုးသမီးတစ်ဦး အချစ်ရေးဘက်သို့ အာရုံပြုမိလာပုံကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

The Twelve Dates of Christmas ဇာတ်ကားကို ဒါရိုက်တာ ဒေးဗစ်လစ်ပါက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ဒေးဗစ်လစ်ပါက ဇာတ်ညွှန်းရေးဆရာ ဆက်ဟိုးဝပ်နှင့် ပူးတွဲရေးသားထားသည်။

မင်းသမီးလူစီဟေးနှင့် မင်းသား အိုင်ယန်ဟာဒင်းတို့သည် Pretty Little Liars အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲ၌ အတူသရုပ်ဆောင်ခဲ့ဖူးသူများဖြစ်ကြသည်။

လက်ရှိအချိန်ထိ The Twelve Dates of Christmas ဇာတ်ကား စတင်ရိုက်ကူးမည့်နေ့နှင့် ရုံတင်ပြသမည့်နေ့တို့ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးပေ။

**Ref : Russia Today**

**Trs : KKO**





# အငြိုးဇာတ်လမ်းတွဲကို Mahar Application မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် ထုတ်လွှင့်တင်ဆက်သွားမည်

**ရန်ကုန် ဒီဇင်ဘာ ၂၂**

အငြိုး ဇာတ်လမ်းတွဲကို Mahar Application မှ Mahar Original Series အဖြစ် ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် မေမြင့်မိုရ်ထံမှ သိရသည်။

အငြိုး ဇာတ်လမ်းတွဲသည် စာရေးဆရာမ သျှင်မ၏ ပန်းတို့ရဲ့ ကာရန်အမည်ရှိ လုံးချင်းဝတ္ထုကို ဇာတ်လမ်းတွဲအဖြစ် ဖန်တီးထားပြီး ညမွှေးပန်း၊ မုဒြာ၊ မြသက်ချိုတို့က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ပြည့်ဖြိုးနိုင်(PPN) က တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"အငြိုးဆိုတဲ့ဇာတ်လမ်းတွဲမှာ မေက အငြိုးဆိုတဲ့ ကောင်မလေးနေရာက ပါဝင်ထားပါတယ်။ ဒီကာရိုက်တာလုပ်ဖို့ အများကြီးစဉ်းစားပြီးမှ လက်ခံခဲ့တာပါ။ လောဘကြီးတဲ့၊ အငြိုးကြီးတဲ့ ကာရိုက်တာ ကို ပုံဖော်ထားတာပါ။ မေ ဇာတ်ညွှန်းဖတ်ပြီးချိန်မှာ အငြိုးကို တော်တော်လေး ကြောက်မိတယ်။ အသေးစိတ်ကို ဒါရိုက်တာ ပြည့်ဖြိုးနိုင်နဲ့တိုင်ပင်ပြီး မေတို့ ပုံဖော်ထားပါတယ်။ ဒီကားက မေမြင့်မိုရ်မဟုတ်တဲ့ အငြိုးဇာတ်ကောင်နေရာက မြင်တွေ့ရမှာမို့ မမုန်းကြဖို့ ကြိုပြောထားချင်ပါတယ်"ဟု သရုပ်ဆောင် မေမြင့်မိုရ်က ပြောပြသည်။

အဆိုပါ အငြိုးဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် မင်းဘုန်းမြတ်၊ စိုင်းစည်တွမ်ခမ်း၊ သားညီ၊ ရဲလွင်ဦး၊ ရဲထွဋ်မင်းခေါင်၊ ရဲမွန်၊ မေမြင့်မိုရ်၊ ဝေလာရီ၊ ခင်ဇာခြည်ကျော်၊ Kai၊ ခင်မို့မို့အေး၊ ယွန်းဝင့်လွှာအောင်နှင့် အနုပညာရှင်ပေါင်းများစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Tatmadaw columns reoccupy Ayeyawady Bridge (Yadana Theinkha) linking Singu in Mandalay Region and Kyaukmyaung in Sagaing Region, mined by combined terrorist insurgent groups by the name PDF


Tatmadaw columns have regained control of the Ayeyarwady Bridge (Yadana Theinkha) after it was temporarily seized and damaged by mine explosions carried out by so-called PDF terrorist insurgent groups.

**Nay Pyi Taw December 22**

The Tatmadaw is launching counterterrorism operations to recapture certain towns and villages that were temporarily under the control of terrorist insurgents, and on 19 December, it liberated the area in and around Singu town in Mandalay Region.

While under their temporary domination, PDF combined terrorist insurgent groups took positions and set up bunkers in religious buildings, schools, departmental buildings, hospitals and homes of the area, and launched attacks, using public homes as their defence barriers, and blew up public roads and bridges. On 29 October, terrorist insurgents destroyed the Ayeyawady Bridge (Yadana Theinkha) linking Singu town in Mandalay Region and Kyaukmyaung town in Sagaing Region, which is also the vital structure for passenger and commodity transport. The section between piers RP4 and RP5 of the main bridge and the section between RP6 and A2 of the approach structure were damaged and broken down, hence halting the commodity flow.

Tatmadaw columns took necessary action in launching operations to recontrol the area surrounding the bridge for the resumption of passenger and commodity flow in it, and for starting the bridge repair works at the earliest time. Today, the Tatmadaw columns could recontrol the bridge and its surrounding area that were briefly under the control of combined terrorist insurgent groups.

As the Tatmadaw columns have recaptured the bridge and the surrounding area, repair programs will be started soonest in cooperation with the responsible persons. People are happy as the local trade and transport can be resumed and regional development can be conducted after the bridge has been restored. Tatmadaw columns are continuing security and area-domination operations. 100

# More than 50,000 acres of rainfed paddy harvested in Kangyidaunt Township

**Kangyidaunt December 22**

This year, local farmers harvested 52,595 acres of rainfed paddy in Kangyidaunt Township of Ayeyawady Region, said Daw Aye Aye Mu, the head of Pathein District Agriculture Department.

It is reported that Kangyidaunt Township was able to cultivate up to 143,960 acres of monsoon paddy during this year's monsoon cropping season. Harvesting of these monsoon paddy fields began in the first week of October, and 52,595 acres have been harvested so far. The harvested paddy is yielding 111.17 baskets per acre.

"The Department of Agriculture carried out advance technical support to ensure monsoon paddy could be cultivated without difficulty. This included field demonstrations on correct cultivation methods, soil improvement activities, and measures to control golden apple snail infestation, as well as guidance on proper fertilizer application. This year, more than 143,000 acres were planned and cultivated. When paddy can be planted early, farmers are able to harvest in time before experiencing heavy rains or strong winds," said Daw Aye Aye Mu.

In Kangyidaunt Township, the Department of Agriculture, the Administration Team, the Irrigation and Water Utilization Management Department, the Agricultural Mechanization Department, and other related departments worked together to achieve full monsoon paddy cultivation this year.

Kyaw Kyaw Lin


Paddy being harvested using machinery.

# Farmers plant more than 1,000 acres of bell pepper in Sagaing District

**Sagaing December 22**

According to Sagaing District Agriculture Department, local farmers have planted more than 1,000 acres of bell pepper as cold season in Sagaing District of Sagaing Region.

During the 2025–2026 winter cropping season, Sagaing District planned to cultivate 2,373 acres of bell pepper. Cultivation began in October this year, and as of today, 656 acres have been planted in Sagaing Township, 340 acres in Myinmu Township, and 645 acres in Myaung Township, totalling 1,641 acres.

"For this year's winter cropping season, Sagaing District planned to cultivate more than 2,000 acres of bell pepper. As of today, over 1,000 acres have been cultivated. We are working to meet the full target acreage. The condition of the bell pepper crops is good, and we are also supporting farmers to grow bell pepper as a commercial crop," said Daw Myat Moe Win, Head of the Sagaing District Agriculture Department.

For this season, the township-level cultivation plans for bell pepper in Sagaing District are: 1,152 acres in Sagaing Township, 450 acres in Myinmu Township, and 771 acres in Myaung Township, totalling 2,373 acres.

Staff from the district and township Agriculture Departments are providing farmers with technical guidance on good cultivation practices to improve yields and marketability, pest prevention and control methods, and soil nutrient management.

The production cost for bell pepper from the start of planting until harvesting is about K1.5 million per acre for farmers using their own land, and around K2.5 million per acre for those renting land. Bell pepper can be harvested once every 15 days, and harvesting can continue for up to six months. Early harvests yield about 100 viss per acre, and in the following weeks yields range between 400 viss and 500 viss per acre.

206

# Trading of tilapia fish in high demand at domestic market in Myanaung Township

**Myanaung December 22**

Tilapia fish is being traded with high demand at the fish and meat market in Myanaung Township of Ayeyawady Region, said Daw Aye Thet, the owner of fishery product trading depot in Myanaung Township.

Trading of tilapia fish is booming at the domestic market in Myanaung Township from the first week of December to date. Its trading is 2,000 viss to 3,500 viss per day at the domestic market due to high demand of consumers.

"In the fish market, demand for tilapia has recently been strong. Prices vary depending on weight and freshness. As sales of tilapia—one of the main freshwater products—have improved, workers, traders, and major fish farmers are seeing better business conditions.

Normally, supply is not consistent, but daily sales now reach more than 3,500 viss," said Daw Aye Thet.

In Myanaung Township, wholesalers purchase locally sourced tilapia, process them to market standards, and distribute them for sale. Tilapia from the area are currently selling for up to K18,500 per viss.

Kyaw Kyaw Lin


Photo shows tilapia fish.

# Illegal structures used for online scam gambling in KK Park systematically demolished; buildings used for online scam gambling in Myawady and surrounding areas sealed



Demolition of illegally constructed two-storey residential buildings in Section (3) of the KK Park area using fire.

Before demolition.

After demolition.

**Nay Pyi Taw December 22**

The Myanmar government is carrying out coordinated operations to clear illegal structures in the Shwe Kokko and KK Park areas, where online scam gambling activities are most heavily concentrated. These operations include raids on illegal buildings, the systematic demolition of illegal structures, and the destruction of seized items used in online scam gambling operations. The efforts are being undertaken by joint teams comprising security forces, administrative bodies, and responsible local authorities.

As part of these ongoing crackdowns on online scam gambling, three illegal four-storey buildings located in Section (3) of the Myawady–Maehtawthalay (KK Park) area, which had been used for online scam gambling activities, were further demolished today. As a result, out of a total of 635 illegal buildings in the KK Park area, 488 have now been systematically demolished. Among the buildings in the KK Park area, those that had already been demolished using heavy machinery have also been further destroyed using fire to ensure complete destruction. This process has been carried out since December 14, and to date, 36 two-storey buildings have been completely destroyed.

In addition, to prevent illegal foreign nationals from residing in buildings and to stop online scam gambling activities in Myawady Township and surrounding areas of Kayin State, joint teams consisting of security forces, administrative organizations, and local authorities have been conducting search and clearance operations since December 8. As of today, an additional 19 buildings have been inspected. Out of a total of 464 buildings inspected so far, 12 buildings were identified as having been used for online scam gambling activities. These buildings have been sealed to prevent any further use, and as of today, all such illegal buildings have been sealed and secured.

Furthermore, items used in online scam gambling activities in the KK Park and Shwe Kokko areas were also systematically destroyed by fire today to prevent reuse. It is reported that the government regards the eradication of online scam gambling as a national duty and will continue its efforts to ensure that such activities cannot take root anywhere in Myanmar, working not only with domestic forces but also in coordination and cooperation with neighboring countries' governments.

100



Buildings used for online scam operations in Myawady town being sealed and secured.



Destruction of equipment and materials used in online scam gambling operations in the Shwe Kokko area of Myawady Township.

# Denmark to summon U.S. ambassador over appointment of special envoy to Greenland

**Oslo December 22**

Danish Foreign Minister Lars Lokke Rasmussen said on Monday that he would summon U.S. Ambassador to Denmark Kenneth Howery for talks following U.S. President Donald Trump's appointment of a special envoy to Greenland.

On Sunday, Trump appointed Louisiana Governor Jeff Landry as the U.S. special envoy to Greenland, a move that has sparked strong diplomatic reactions in Copenhagen.

"I am upset, particularly by the envoy's statements about making Greenland part of the United States. We find that completely unacceptable," Rasmussen told Danish broadcaster TV 2.

Earlier in the day, Rasmussen said in a written statement to Danish broadcaster DR that while the appointment underscores continued American interest in the Arctic island, "everyone, including the U.S., must show respect for the territorial integrity of the Kingdom of Denmark."

The controversy intensified after Landry, following his appointment, posted on social media platform X to thank Trump, saying it was an honor to serve in the role "to make Greenland a part of the U.S."

Xinhua

# Israel's approval of new West Bank settlements illegitimate: Arab League chief

**Cairo December 22**

Israel's recent approval of 19 new settlements in the occupied West Bank is illegitimate, Arab League Secretary-General Ahmed Aboul-Gheit said Monday.

"The move is a blatant challenge to the international will that rejects settlement activity, and a violation of international law, which affirms the illegality of settlements," Aboul-Gheit said in a statement posted on social media platform X.

Israel's expansion of the illegal settlement activity "is aimed at preventing the establishment of a geographically contiguous Palestinian state, " he said, noting that the settlement expansion "will not render it legitimate under any circumstances."

On Sunday, Israeli Finance Minister Bezalel Smotrich, a pro-settler politician, said Israel's security cabinet had approved the establishment of 19 new settlements in the West Bank, bringing the number of settlements legalized or approved over the past three years to 69.

Smotrich said the step is part of a broader effort to strengthen Jewish settlements across the West Bank, and to prevent "the de facto establishment" of a Palestinian state.

Israel has accelerated settlements approvals since the formation of the current right-wing government, which includes parties that strongly oppose Palestinian statehood and advocate expanding Israeli control over the territory.

Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တူကီယဲနိုင်ငံက Tayfun hypersonic ပဲ့ထိန်းဒုံးကျည်ကို လက်တွေ့စမ်းသပ်ပစ်ခတ်မှု ဆောင်ရွက်ခဲ့



တူကီယဲနိုင်ငံသည် Tayfun hypersonic ပဲ့ထိန်းဒုံးကျည်ကို လက်တွေ့စမ်းသပ်ပစ်ခတ်မှုဆောင်ရွက်ခဲ့ပြီး နိုင်ငံ၏ တာဝေးတိုက်ခိုက်ရေးရည်မှန်းချက်များတွင် အရေးပါသော မှတ်တိုင်တစ်ခုကို စိုက်ထူလိုက်ခြင်းဖြစ်ကြောင်း Army Recognition သတင်းဌာနက ဒီဇင်ဘာ ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစမ်းသပ်ပစ်ခတ်မှုတွင် Tayfun hypersonic ပဲ့ထိန်းဒုံးကျည်သည် သတ်မှတ်ထားသည့်အတိုင်း ပစ်မှတ်ကို တိကျမှုမြင့်မားစွာ ထိမှန်ဖျက်ဆီးနိုင်ခဲ့သည်။ ဤအောင်မြင်မှုသည် စမ်းသပ်မှုနယ်ပယ်ကို ကျော်လွန်၍ စဉ်ဆက်မပြတ်ထုတ်လုပ်မှုနှင့် တိုက်ပွဲဝင်ဖြန့်ကြက်မှုဆီသို့ ဦးတည်နေသည့် တူကီယဲနိုင်ငံကာကွယ်ရေးအရာရှိများ၏ ယုံကြည်မှုကို ပိုမိုခိုင်မာစေခဲ့ပြီဖြစ်သည်။

တူကီယဲနိုင်ငံသည် ပထမဆုံးသော Tayfun Block-4 hypersonic ပဲ့ထိန်းဒုံးကျည်ကို ၂၀၂၅ ခုနှစ် ဇူလိုင် ၂၂ ရက်မှ ၂၇ ရက်ထိ အစ္စတန်ဘူလ်မြို့တွင် ကျင်းပခဲ့သည့် ၁၇ ကြိမ်မြောက် နိုင်ငံတကာကာကွယ်ရေးစက်မှုလုပ်ငန်းပြပွဲ (IDEF) တွင် တရားဝင်မိတ်ဆက်ပြသခဲ့သည်။ ဤဒုံးကျည်ကို Roketsan ကုမ္ပဏီက တီထွင်ထုတ်လုပ်ထားပြီး နောက်ထပ်စနစ် ငါးခုနှင့်အတူ မိတ်ဆက်ခဲ့ခြင်းဖြစ်ရာ တူကီယဲနိုင်ငံ၏ တာဝေးတိုက်ခိုက်ရေးစွမ်းရည်များ ဆက်လက်ချဲ့ထွင်နေမှုတွင် အဓိကမှတ်တိုင်တစ်ခုဖြစ်လာခဲ့သည်။ ဤမိတ်ဆက်ပြသပွဲသည် ဒေသဆိုင်ရာ လုံခြုံရေးအခြေအနေများနှင့် ပြည်ပဝယ်ယူမှုအပေါ်မမှီခိုဘဲ စစ်ဆင်ရေးလွတ်လပ်မှုအတွက် ရည်ရွယ်၍ မျိုးဆက်သစ် ဟန့်တားရေးစနစ်များကို တူကီယဲနိုင်ငံက စီမံဆောင်ရွက်လိုသည့် မဟာဗျူဟာရည်မှန်းချက်ကို အချက်ပြလိုက်ခြင်းလည်းဖြစ်ကြောင်း သိရသည်။

ဒုံးကျည်ပစ်လွှတ်မှုတွင် Tayfun ဒုံးကျည်သည် သရုပ်ပြလက်နက်အဆင့်တွင် မရှိတော့ဘဲ ဖြန့်ကြက်အသုံးပြုနိုင်သော hypersonic ပဲ့ထိန်းဒုံးကျည်စနစ်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ညွှန်ပြနေသည်။ ယခင် ရှေ့ပြေးပုံစံများနှင့်မတူဘဲ မကြာသေးမီက စမ်းသပ်မှုတွင် ရှစ်ဘီးတပ် စစ်သုံးထရပ်ကားပေါ်၌ တပ်ဆင်ထားသည့် ဒုံးကျည်ပစ်လွှတ်မှုစနစ်ကို ပြသခဲ့ပြီး ၎င်းထရပ်ကားသည် သယ်ယူပို့ဆောင်ရေး၊ တပ်ဆင်ရေးနှင့် ပစ်လွှတ်ရေးယာဉ်အဖြစ် အသုံးပြုနိုင်မည်ဖြစ်သည်။

Tayfun Block-4 hypersonic ပဲ့ထိန်းဒုံးကျည်တွင် အစိုင်အခဲလောင်စာသုံး နှစ်ဆင့်စွမ်းအားမြှင့်စနစ်ပါဝင်ပြီး လျင်မြန်စွာ အရှိန်မြှင့်တင်ရန်နှင့် မြန်နှုန်းမြင့်ပျံသန်းမှုကို ထိန်းသိမ်းရန်ကူညီပေးနိုင်သည်။ ပျံသန်းမှုပုံစံ ခန့်မှန်းချက်များအရ အနည်းဆုံးတစ်နာရီလျှင် ခန့်မှန်းခြေ ကီလိုမီတာ ၇၃၅၀ ထိ ရောက်ရှိနိုင်သည်။ ဒုံးကျည်အလျားမှာ ခန့်မှန်းခြေ ခုနစ်မီတာမှ ရှစ်မီတာထိရှိပြီး ပျံတက်နိုင်သည့်အလေးချိန်မှာ ငါးတန်ထက်ကျော်လွန်သည်။ ၎င်းဒုံးကျည်သည် တပ်ဆင်ရေးနှင့် ပစ်လွှတ်ရေးယာဉ်များနှင့်တွဲဖက်အသုံးပြုနိုင်ပြီး တူကီယဲနိုင်ငံ၏ ကွဲပြားသောမြေပြင်အနေအထားများ တစ်လျှောက်လျင်မြန်စွာ ဖြန့်ကြက်နိုင်စွမ်းနှင့် နည်းဗျူဟာမြောက် ပြောင်းလွယ်ပြင်လွယ်မှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Türkiye successfully conducts new live-fire test of Tayfun hypersonic ballistic missile ကို ဘာသာပြန်ဆိုထားပါသည်။**

## ဂျာမနီနှင့် ယူကရိန်းပူးပေါင်း၍ မောင်းသူမဲ့လေယာဉ်များထုတ်လုပ်ရန် ဖက်စပ်ကုမ္ပဏီတည်ထောင်မည်




ဂျာမနီဒရုန်း ထုတ်လုပ်ရေးကုမ္ပဏီ Quantum Systems နှင့် ယူကရိန်းကာကွယ်ရေး နည်းပညာလုပ်ငန်းသစ် Frontline Robotics ကုမ္ပဏီတို့ပူးပေါင်း၍ ယူကရိန်းစစ်ဘက်အတွက် မောင်းသူမဲ့လေယာဉ်များ ထုတ်လုပ်ရန်အတွက် ဖက်စပ်ကုမ္ပဏီ တည်ထောင်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၅ ရက်တွင် ကြေညာခဲ့သည်ဟု Next Gen Defense သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

၂၀၂၂ ခုနှစ်တွင် ရုရှားနိုင်ငံ၏ ယူကရိန်း အထူးစစ်ဆင်ရေးနောက်ပိုင်း ဒရုန်းများသည် ပဋိပက္ခ၏ အဓိကကျသော အစိတ်အပိုင်းဖြစ်လာခဲ့ပြီး ရုရှားနှင့် ယူကရိန်းနှစ်ဖက်စလုံးက ဒရုန်းထုတ်လုပ်မှုကို အရှိန်မြှင့်တင်လုပ်ဆောင်လျက်ရှိသည်။ ယခုအခါ ဂျာမနီတောင်ပိုင်း Bavaria ပြည်နယ်အခြေစိုက် Quantum Systems ကုမ္ပဏီနှင့် ယူကရိန်းကုမ္ပဏီ Frontline Robotics တို့သည် ဂျာမနီနိုင်ငံတွင် ဒရုန်းများကို ပူးပေါင်းထုတ်လုပ်သွားမည်ဖြစ်သည်။ ဤသဘောတူညီမှုသည် အမေရိကန်ဒေါ်လာ ၁၁၈ သန်းတန်ဖိုးရှိပြီး ကုမ္ပဏီများသည် လာမည့်နှစ်တွင် ဂျာမနီတောင်ပိုင်းရှိ စက်ရုံအသစ်တစ်ခု၌ ဒရုန်းအစင်းရေ ၁၀၀၀၀ ထိထုတ်လုပ်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

ပူးပေါင်းဖက်စပ်ကုမ္ပဏီ၏ ထုတ်ပြန်ချက်အသီးသီးတွင် ဤစီမံကိန်းသည် ယူကရိန်းတပ်ဖွဲ့များအတွက် ဥရောပ၏ ပထမဆုံးအပြည့်အဝ အလိုအလျောက်စနစ်ဖြင့်လည်ပတ်နိုင်သည့် စက်မှုအဆင့်မီနိုင်ငံရပ်ခြား ထုတ်လုပ်မှုအပိုင်းကို တည်ထောင်သွားနိုင်မည်ဟု ဖော်ပြထားသည်။ ဤဖက်စပ်လုပ်ငန်းသစ်သည် Frontline Robotics ကုမ္ပဏီက တီထွင်ထားသည့် စစ်မြေပြင်တွင် စွမ်းရည်ပြသပြီးသော ဘက်စုံသုံးဒရုန်းများကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ပါရှိသည်။

ဂျာမနီ Quantum Systems ကုမ္ပဏီက စက်မှုလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံနှင့် ထုတ်လုပ်မှုလုပ်ငန်းများကို ပံ့ပိုးပေးမည်ဖြစ်ပြီး ယူကရိန်းကုမ္ပဏီ Frontline Robotics က ဒီဇိုင်းများနှင့် လေ့ကျင့်သင်တန်းပေးရေးများကို ပံ့ပိုးပေးသွားမည်ဖြစ်သည်။ Quantum Systems ကုမ္ပဏီ၏ ပူးတွဲအမှုဆောင်အရာရှိချုပ် Sven Kruck က "Frontline Robotics ကုမ္ပဏီနဲ့အတူ ကျွန်တော်တို့ရဲ့အတွေ့အကြုံတွေကို အခြေခံကာ ယူကရိန်းအတွက် ကြီးမားတဲ့ပမာဏနဲ့ ပထမဆုံးသော နိုင်ငံခြားထုတ်လုပ်မှုစွမ်းရည်ကို ဖန်တီးပေးသွားမှာပါ" ဟု ပြောကြားခဲ့သည်။

ဤသဘောတူညီချက်ကို ယူကရိန်းသမ္မတဇီလန်စကီးနှင့် အမေရိကန်ကိုယ်စားလှယ်များက ဘာလင်မြို့တွင် ပဋိပက္ခအဆုံးသတ်ရေး ဆွေးနွေးပွဲများပြုလုပ်နေချိန်နှင့် တစ်ပြိုင်နက်တည်း ကြေညာခဲ့ခြင်းဖြစ်သည်။ ဘာလင်မြို့၌ ကျင်းပသည့်ယူကရိန်း-ဂျာမနီ စီးပွားရေးဖိုရမ်တွင် နှစ်နိုင်ငံမှ ကုမ္ပဏီများ ပါဝင်ခဲ့ကြသည်။ ဂျာမနီအစိုးရသည် ဂျာမနီနှင့် ယူကရိန်း ကာကွယ်ရေးကဏ္ဍများကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ရည်ရွယ်သည့် အချက် ၁၀ ချက်ပါ အစီအစဉ်တစ်ရပ်ကိုလည်း ထုတ်ပြန်ခဲ့သည်။

အဆိုပါ အဆိုပြုချက်များတွင် ပူးပေါင်းကုမ္ပဏီများ မြှင့်တင်ခြင်း၊ ဖက်ဒရယ်ရင်းနှီးမြှုပ်နှံမှု အာမခံချက်များပေးအပ်ခြင်းနှင့် ယူကရိန်းစက်မှုလုပ်ငန်းကို ပိုမိုကျယ်ပြန့်သော ဥရောပကာကွယ်ရေးကဏ္ဍနှင့်ပေါင်းစည်းရန် ကြိုးပမ်းအားထုတ်မှုများကို တိုးမြှင့်ခြင်းတို့ ပါဝင်သည်။

ယခုအစီအစဉ်တွင် ခိုင်မာသော ယူကရိန်းကာကွယ်ရေး စက်မှုလုပ်ငန်းသည် နောင်လာမည့်ရုရှားတို့၏ စစ်ဆင်မှုများအပေါ်တားဆီးရန်အတွက် လုံခြုံရေးအာမခံချက်၏ အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ဤအခြေအနေသည် ဂျာမနီနှင့် ယူကရိန်းကာကွယ်ရေးစက်မှုလုပ်ငန်းများကြား ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအရေးပါလာသည်ဟူ၍ ဖော်ပြပါရှိကြောင်း သိရသည်။

**German, Ukrainian Defense Firms Join Forces to Make Drones ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီး



**စစ်ကိုင်း ဒီဇင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် ပဲတီစိမ်း ၁၂၈၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ပဲတီစိမ်း ၁၂၈၈ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့မှာ ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်သုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြင်းမူမြို့နယ်တွင် ပဲတီစိမ်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး စသည်တို့ကိုအသိပညာပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်သောကြောင့်ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

(၂၀၆)

# ပုသိမ်မြို့နယ်တွင် ငါးပုတ်သင်များ အရောင်းအဝယ် ကောင်းမွန်နေ

**ပုသိမ် ဒီဇင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ငါးပုတ်သင်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပုသိမ်မြို့နယ်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခိုင်ခိုင်လင်းက ပြောပြသည်။

ပုသိမ်မြို့နယ် ငါးဈေးကွက်အတွင်း ငါးပုတ်သင်များ ယခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်မှစတင်ပြီး ယနေ့ထိ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ငါးပုတ်သင်များ တစ်ရက်လျှင် ပိဿာချိန် ၄၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ရေထွက်ကုန်တွေထဲမှာ ငါးပုတ်သင်တွေ ပိုပြီးအရောင်းအဝယ်ဖြစ်နေပါတယ်။ ငါးပုတ်သင်တွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကိုပါ တင်ပို့ရောင်းချနေပါတယ်။ စားသုံးတဲ့သူများလာတာကြောင့်လဲ အခုလို အရောင်းအဝယ်ကောင်းနေတာပါ။ အဓိကကတော့ ရန်ကုန်ဘက်ကနေ ဒီဘက်က တင်ပို့ရောင်းချတဲ့ ငါးပုတ်သင်တွေအဝယ်လိုက်လာလို့ ဖြစ်ပါတယ်။ ဒေသပွဲရုံတွေဆီငါးပုတ်သင်တွေ ပုံမှန်ဝင်ရောက်နေပြီး ပွဲရုံတွေဆီ ဝင်လာတဲ့ ငါးတွေကလဲ လတ်ဆတ်မှုရှိပါတယ်။ ကုန်တင်ပို့အားတက်လာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်နေသူတွေ အဆင်ပြေနေတာတွေ့ရပါတယ်"ဟု ပုသိမ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခိုင်ခိုင်လင်းက ပြောပြသည်။



ပုသိမ်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးပုတ်သင်များ အပါအဝင်ဒေသထွက် ရေထွက်ကုန်များကိုဝယ်ယူ၍ စနစ်တကျ စစ်ဆေးသန့်စင်ပြီး အခြားဒေသများသို့ ပြန်လည်ဖြန့်ဖြူးတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးပုတ်သင် တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀ မှ ၂၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ထန်းတပင်မြို့နယ် ရေစိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ထန်းတပင် ဒီဇင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီခရိုင် ထန်းတပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့ လုပ်ကိုင်လာနိုင်စေရန် ရည်ရွယ်၍ ရေစိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ထန်းတပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဦးကြည်က ရေစိုကျေးရွာ၌ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့ လုပ်ကိုင်လာနိုင်စေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကျပ် သိန်း ၃၀၀ ကို ထုတ်ချေးပေးသွားမည်ဖြစ်၍ ၎င်းစီမံကိန်းကို ကျေးရွာသူ၊ ကျေးရွာသားများက တာဝန်ယူကာ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းရှင်းလင်း ပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်း ဆွေးနွေးကာ တက်ရောက်လာကြသော ရေစိုကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်သည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မိုင်းတုံမြို့နယ် ဟွေအောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**မိုင်းတုံ ဒီဇင်ဘာ ၂၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဟွေအောကျေးရွာအုပ်စု ဟွေအောကျေးရွာ၌ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အဆိုပါကျေးရွာ၌ ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ မိုင်းတုံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်က စီမံကိန်းအကြောင်းအရာများ၊ စီမံကိန်းလည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားကာ ဟွေအောကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ဟွေအောကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၆ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ တစ်ဦး၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၇ ဦး မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၅၄၇ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း မိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သိရသည်။

**ချိုသန်းညွန့်**


တိုဗစ် -၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# နေပြည်တော်၌ လယ်ယာသုံးစက်ကိရိယာပြပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ




**နေပြည်တော် ဒီဇင်ဘာ ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဦးဆောင်မှုဖြင့် စက်မှုလယ်ယာဦးစီးဌာနနှင့် မြန်မာနိုင်ငံလယ်ယာသုံးစက်ကိရိယာလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပသည့် လယ်ယာသုံးစက်ကိရိယာပြပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(ပျဉ်းမနား)၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ဒေါက်တာဝါဝါမောင်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးကိုကိုလွင်၊ ဒေါက်တာချာလီသန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ လယ်ယာသုံး စက်ကိရိယာလုပ်ငန်းရှင်များ၊ တောင်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထွန်းအေးနှင့် မြန်မာနိုင်ငံ လယ်ယာသုံးစက်ကိရိယာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးနိုင်ဦးတို့က လယ်ယာသုံးစက်ကိရိယာပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများ၌ နေထိုင်ကြပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် တစ်နည်းနည်းနှင့် ဆက်စပ်ဆောင်ရွက်နေကြပါကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးကဏ္ဍကိုအခြေခံပြီး ကျေးလက်ဒေသနေပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအနေဖြင့် ဦးတည်ချက် လေးရပ်တွင် "နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍစဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး"ကို ဦးတည်ချက်တစ်ရပ်အဖြစ်ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဦးစားပေးဆောင်ရွက်နေသည့် သီးနှံများ၏ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သီးနှံစိုက်စွမ်းအားမြှင့်တင်ရေး၊ မျိုး၊ မြေ၊ ရေ၊ နည်းပညာများကို မှန်ကန်အောင်ဆောင်ရွက်နိုင်ရေး၊ မြေဆီလွှာကို စနစ်တကျပြုပြင်နိုင်ရေး၊ စိုက်ပျိုးရေကို ကောင်းမွန်သည့်စီမံခန့်ခွဲမှုဖြစ်စေရေး၊ ရိတ်သိမ်းချိန်လွန်နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်နေကြသည့်နေရာတွင် စက်မှုလယ်ယာစနစ်အသုံးပြုနိုင်ရေးသည် အရေးကြီးကဏ္ဍကနေပါဝင်နေကြောင်း။

နိုင်ငံတော်အနေဖြင့် လယ်ယာကဏ္ဍတွင် စက်ကိရိယာများ ပိုမိုအသုံးပြုနိုင်ရန်အတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် နိုဝင်ဘာလကုန်ထိ တောင်သူပိုင်လယ်ယာသုံးစက်ကိရိယာများအနေဖြင့် ထွန်စက်ကြီး ၄၃၉၃၉ စီး၊ လက်တွန်းထွန်စက် ၄၆၂၆၂၇ စီး၊ ကောက်စိုက်စက် ၁၅၈ စီး၊ လက်ဆွဲကောက်စိုက်စက် အစီး ၆၁၀၊ လက်ဆွဲမျိုးစေ့ချကိရိယာ ၃၇၄၆၇ လက်၊ ရိတ်သိမ်းခြွေလှေ့စက် ၁၃၂၁၁ စီး၊ စပါးအခြောက်ခံစက် ၂၁၁၀ ထိ တိုးတက်ပိုင်ဆိုင်လာကြသည်ကို စာရင်းဇယားများအရ တွေ့ရှိရကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မြေပြုပြင်ခြင်းနှင့် စပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများတွင် အထိုက်အလျောက် စက်ကိရိယာများသုံးစွဲနေကြပြီဖြစ်သော်လည်း သီးနှံစိုက်ပျိုးခြင်း၊ အပင်ပြုစုခြင်း၊ စပါးအပြင် အခြားသီးနှံများ ရိတ်သိမ်းခြွေလှေ့ခြင်း၊ သီးနှံအခြောက်ခံခြင်းစသည့် အခြားစိုက်ပျိုးရေးလုပ်ငန်းစဉ်အဆင့်ဆင့်တွင် စက်ကိရိယာအသုံးပြုမှုသည် အစပျိုးဆောင်ရွက်နေသည့်အဆင့်တွင်ရှိနေပြီး စက်ကိရိယာများကို ရာခိုင်နှုန်းပြည့်သုံးစွဲနိုင်ရန်ဆိုလျှင် စိုက်ပျိုးရေးလုပ်ငန်းအဆင့်တိုင်းတွင် လယ်ယာသုံးစက်ကိရိယာများမြောက်မြားစွာ လိုအပ်နေသေးသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ယခု လယ်ယာသုံးစက်ကိရိယာပြပွဲကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနနှင့် မြန်မာနိုင်ငံလယ်ယာသုံး စက်ကိရိယာလုပ်ငန်းရှင်များအသင်းတို့က ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ပြပွဲတွင် လယ်ယာသုံးစက်ကိရိယာများဖြစ်သည့် ထွန်စက်ကြီးများ၊ စပါးရိတ်သိမ်းခြွေလှေ့စက်များ၊ စပါးစိုက်စက်များ၊ သီးနှံမျိုးစေ့ချကိရိယာများ၊ ပဲရိတ်သိမ်းခြွေလှေ့စက်များ၊ လက်တွန်းထွန်စက်များ၊ လက်တွန်းမျိုးစေ့ချစက်များ၊ မြက်ရိတ်စက်များ၊ ဆေးဖျန်းစက်များ၊ အင်ဂျင်များ၊ ဆန်ကြိတ်စက်၊ စပါးကြိတ်စက်များ၊ နေရောင်ခြည်သုံးဆိုလာပန့်များ၊ သီးနှံအခြောက်ခံစက်များ၊ ထော်လာဂျီများ၊ ထွန်စက်ကြီးနှင့် တွဲဖက်သုံးကိရိယာများအပါအဝင် စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုနေကြသည့် လယ်ယာသုံးစက်ကိရိယာ အမျိုးမျိုးကို ပြသထားရှိပြီး တောင်သူများအနေဖြင့် မိမိစိတ်ဝင်စားရာ စက်ကိရိယာများကို အချိန်ယူလေ့လာနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် လယ်ယာသုံးစက်ကိရိယာများကို မိတ်ဆက်သရုပ်ပြသခြင်းများ ဆောင်ရွက်မည်ဖြစ်ပြီး တောင်သူများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခြင်း၊ အရစ်ကျစနစ်ဖြင့် ရောင်းချပေးခြင်းစသည့် ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထွန်းအေးနှင့် အသင်းဥက္ကဋ္ဌ ဦးနိုင်ဦးတို့က ပြပွဲကျင်းပခြင်းနှင့် လုပ်ငန်းဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ Farmers Choice Tractor Co.,Ltd ကSonalika ထွန်စက်ကြီး နှစ်စီးနှင့် နောက်တွဲကိရိယာ နှစ်လက်၊ Myanmar Empire Co.,Ltd က ဘယ်လာရုစ်နိုင်ငံထုတ် ထွန်စက်ကြီးတစ်စီးနှင့် နောက်တွဲကိရိယာတစ်လက်၊ Mandalar Shwe Thiha Co.,Ltd က Sonalika 90HP Tractor နှင့် တွဲဖက်အသုံးပြုသည့်ပြည်တွင်းဖြစ် Front Dozer တစ်လက်တို့ကို ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်လှူဒါန်းကြရာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးများနှင့်တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသော လယ်ယာသုံးစက်ကိရိယာပြခန်းများနှင့် လယ်ယာသုံးစက်ကိရိယာများဖြင့် လက်တွေ့ထွန်ယက်စိုက်ပျိုးသရုပ်ပြသနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ပြပွဲတွင် မြေယာပြုပြင်ခြင်းလုပ်ငန်းသုံး ထွန်စက်ကြီးအမျိုးမျိုး၊ နောက်တွဲကိရိယာများ၊ ကောက်စိုက်စက်၊ မျိုးစေ့ချကိရိယာ၊ ကြားပေါင်းလိုက်စက်များ၊ ဆေးဖျန်းကိရိယာများ၊ စပါးရိတ်သိမ်းခြွေလှေ့စက်များ၊ ကောက်ရိုးထုံးစက်များ၊ စပါးအခြောက်ခံစက်များ၊ အာလူးစိုက်စက်၊ အာလူးဖော်စက်၊ ပီလောပီနံစိုက်စက်၊ ပြောင်းရိတ်စက်စသည့် စက်ကိရိယာအမျိုးပေါင်း ၃၀၀ ကျော်ကို ကုမ္ပဏီပေါင်း ၂၂ ခုမှ ပြခန်းပေါင်း ၃၀ ဖြင့် ယနေ့မှ ဒီဇင်ဘာ ၂၄ ရက်ထိ ခင်းကျင်းပြသရောင်းချပေးသွားမည့်အပြင် လယ်ယာသုံးစက်ကိရိယာများအသုံးပြု၍ လက်တွေ့မောင်းနှင်ထွန်ယက် စိုက်ပျိုးပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စမ်းချောင်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ One Stop Service ဖြင့် ဆောင်ရွက်ပေး

**နေပြည်တော် ဒီဇင်ဘာ ၂၂**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပျက်စီး၊ ပျောက်ဆုံးသွားသည့် ဒေသခံပြည်သူများနှင့် အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် မလျှောက်ထားရသေးသူများကို ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ဆောင်ရွက်ပေးနေမှု ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ဝန်ထမ်းများက ဒေသခံပြည်သူများကို ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီစိစစ်၍ One Stop Service ဖြင့် လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်နေမှုနှင့် နိုင်ငံသားစိစစ်ရေးကတ် ရရှိပြီးသူများကို e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ Unique ID နံပါတ်တစ်ပါတည်းဆောင်ရွက်ထုတ်ပေးနေမှုအခြေအနေကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် မြို့နယ်ရုံး၏ ရုံးခန်းများအတွင်း ရုံးစာရွက်စာတမ်းများနှင့် ရုံးသုံးပစ္စည်းများထိန်းသိမ်းထားရှိမှု၊မှတ်တမ်းခန်းအတွင်း ကိုယ်ရေးမှတ်တမ်းများ စနစ်တကျထိန်းသိမ်းထားရှိမှု အခြေအနေများကို



လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စာရွက်စာတမ်းနှင့် စက်ပစ္စည်းကိရိယာများလုံခြုံမှုရှိစေရေး၊ မဲပေးပိုင်ခွင့်ရှိသူတိုင်း ကိုင်ဆောင်ကတ်တစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် အလေးထားဆောင်ရွက်ကြရန် မှာကြားပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် အလုံခရိုင် ဦးစီးမှူးရုံးအတွင်း ဝန်ထမ်းများ ရုံးလုပ်ငန်းဆောင်ရွက်နေမှုနှင့် ရုံးစာရွက်စာတမ်းများ ထိန်းသိမ်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများ အချိန်မီပြီးစီးအောင်မြင်စေရန် ဆက်စပ်ဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေး၊ လုံခြုံရေးအသိ၊ လုံခြုံရေးသတိအမြဲရှိစေရေး မှာကြားသည်။

ထို့နောက် ခရိုင်နှင့်မြို့နယ်ရုံး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြင်ဦးလွင်မြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်ရေး "ဒို့အတူတူ မဲပေးကြမယ်" ပြည်သူလူထုလှုံ့ဆော်ရေး(Campaign)ဆောင်ရွက်

**ပြင်ဦးလွင် ဒီဇင်ဘာ ၂၂**

ဆန္ဒပြု မဲပေးခြင်းသည် နိုင်ငံသားများ၏ အမျိုးသားရေးတာဝန်ထမ်းဆောင်ခြင်းဖြစ်ရာ ရွေးကောက်ပွဲမှတစ်ဆင့် ပိုမိုအားကောင်းသောအနာဂတ်ကို ဖော်ဆောင်နိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ အောင်မြင်စွာကျင်းပရေးလှုံ့ဆော်မှု(Campaign)ကို နိုင်ငံတစ်ဝန်း၌ စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် တာဝန်ရှိသူများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ခေတ်ပေါ်တီးဝိုင်းနှင့် ဝန်ထမ်းအဆိုရှင်များ၊ နိုင်ငံကျော်ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များနှင့်အတူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌ ၂၀၂၅ ခုနှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်ရေး ပြည်သူလူထုလှုံ့ဆော်ရေး Campaign ကို ဆောင်ရွက်ကြသည်။

အဆိုပါအစီအစဉ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများက တက်ရောက်လာကြသည့် ပြင်ဦးလွင်ခရိုင်နှင့်မြို့နယ်တို့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများအား "ဒို့အတူတူ မဲပေးကြမယ်" အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။

ဦးစွာ MRTV မှထုတ်လုပ်သည့် "ရှေ့သို့ ချီမည်ပန်းတိုင်ဆီ" Video Clip ကို ဖွင့်လှစ်ပြသသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် နယ်မြေတည်ငြိမ်လုံခြုံရေး၊ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးသည်နယ်မြေဒေသဖွံ့ဖြိုးရေးအတွက် အရေးကြီးသည်ကို မကြာမီက နယ်မြေဆက်စပ်ပြီး ကြုံတွေ့ခဲ့ရသည့် ပြင်ဦးလွင်မြို့နယ်မှ ပြည်သူများအနေဖြင့် ပိုမိုသိရှိကြပြီးဖြစ်ပါကြောင်း၊ ဒီဇင်ဘာ ၂၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် မိမိတို့ဒေသအကျိုးဆောင်ရွက်ပေးနိုင်မည့်သူများကိုရွေးချယ်ပြီး ဆန္ဒအလျောက်လွတ်လပ်စွာ ဆန္ဒပြုမဲပေးကြရန်နှင့် ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းနှိုးဆော်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြင်ဦးလွင်ခရိုင်အတွက် MRTV DTH စလောင်းအစုံ ၃၀ နှင့် DVB– T2 Set Top Box အလုံး ၂၀ ကိုပေးအပ်လှူဒါန်းရာ ပြင်ဦးလွင်ခရိုင်အုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

ယင်းနောက် ဖျော်ဖြေရေးအစီအစဉ်ကို စတင်ရာ ပြင်ဦးလွင်မြို့ အထက(၂)မှ ကျောင်းသူလေးများက "မေမြို့ သို့မဟုတ် ပြင်ဦးလွင်"တေးသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် အတူ ရုပ်ရှင်သရုပ်ဆောင် ဆုပန်ထွာ၊ ပွင့်၊ ဆောင်းယွန်းစံ၊ စည်သူဝင်း၊ သရုပ်ဆောင်၊ တေးသံရှင် ဟန်ထူးဈာန်၊ ဈာဈာန်ဟန်သာ၊ သံသာမိုးသိမ့်၊ တေးသံရှင် စစ်သွေး၊ ထက်အဥ္ဇလီ၊ ပိုးဖြူဖြူ၊ နွေဦးသခင်နှင့် MRTV မှ တေးသံရှင် တျားရအောင်၊ စောဒယ်နီရယ်၊ စောရက်စတာ၊ ဝမ်းကေဇင်၊ ဖူးဧကရီဆောင်း၊ မြတ်ဆုချယ်၊ အင်ကြင်းနိုင်ဦး၊ မေသူမျိုး၊ လဝန်းမေ၊ ခတ္တာတို့က သီဆိုဖျော်ဖြေကြရာတက်ရောက်လာကြသည့် ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများကလည်း ပါဝင်သီဆိုကခုန်ကာ ပျော်ရွှင်စွာအားပေးကြသည်။

အဆိုပါ ဖျော်ဖြေရေးအဖွဲ့များအတွက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပြင်ဦးလွင်ခရိုင် အုပ်ချုပ်ရေးအဖွဲ့များက ဂုဏ်ပြုချီးမြှင့်ငွေများကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့မိမြို့ဖများက ပေးအပ်ကြသည်။

နံနက်အစောပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အနုပညာရှင်များနှင့်အတူ ပြင်ဦးလွင်မြို့ရှိအမျိုးသားကန်တော်ကြီးဥယျာဉ်သို့ သွားရောက်လေ့လာကြသည်။

ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်ကို ရေပြင်ဧရိယာ ဧက ၇၀ အပါအဝင် အကျယ်အဝန်း ၄၃၆ ဒသမ ၃၆ ဧကတွင် သဘာဝသစ်ပင်၊ ပန်းပင်များထိန်းသိမ်းထားရှိမှုအပြင် မူရင်းပန်းမျိုးများ၊ စပ်မျိုးပန်းပင်များနှင့် စုဖွဲ့စိုက်ပျိုးခင်းကျင်းပြသထားမှုကိုလည်းကောင်း၊ အင်ကြင်းကျောက်ပြတိုက်၊ ရွှံ့ညွန်ဖြတ်လျှောက်တံတား၊ သဘာဝငှက်ဥယျာဉ်၊ လိပ်ပြာပြတိုက်စသည့် ပြကွင်း၊ ပြကွက်များဖြင့်လည်းကောင်း စုဖွဲ့ကာ အများပြည်သူလေ့လာနိုင်ရန်နှင့် အပန်းဖြေနိုင်ရန် စီစဉ်ဆောင်ရွက်ထားသည်။

ထို့ပြင် နှစ်စဉ်ဆောင်းရာသီတိုင်းတွင် ပန်းပွဲတော်များ စီစဉ်ကျင်းပလျက်ရှိရာ ယခုနှစ် ဒီဇင်ဘာ ၄ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၆ ရက်ထိ ၁၈ ကြိမ်မြောက် ပန်းပွဲတော်ကို နိုင်ငံကျော်အနုပညာရှင်များ ပါဝင်ကာ စင်တင်တေးဂီတဖြင့် ထည့်သွင်းကျင်းပလျက်ရှိရာတွင် ရုံးပိတ်ရက်များနှင့်အချို့ရက်များ၌ လာရောက်လေ့လာလည်ပတ်မှုနှင့် အပန်းဖြေရန်လာရောက်မှုဦးရေမှာ ပြည်ပခရီးသွားများ အပါအဝင် လေးသောင်းခန့်ထိရှိနေပြီး မျှော်မှန်းထားသည်ထက် ပိုမိုလာရောက်လည်ပတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သစ်လွင်သူနာပြုဦးရေ ၁၅၂၀ နှင့် သစ်လွင်သားဖွား ၃၆၁ ဦးတို့ကို နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ပေးခန့်အပ်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ကျန်းမာရေးဝန်ကြီးဌာနမှ သူနာပြု–သားဖွား ဒီပလိုမာ သုံးနှစ်သင်တန်းဆင်းမည့် သစ်လွင်သူနာပြုများနှင့် သားဖွားဒီပလိုမာ နှစ်နှစ်သင်တန်းဆင်းမည့် သစ်လွင်သားဖွားများကို နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ပေးအပ်သည့် ခန့်အပ်လွှာပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် သူနာပြုတက္ကသိုလ်(ရန်ကုန်) Auditorium ခန်းမ၌Hybrid စနစ်ဖြင့် ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သစ်လွင်သူနာပြုများနှင့် သစ်လွင်သားဖွားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် အရည်အသွေးသာမက အရည်အချင်းပါပြည့်ဝရုံမျှမက မိမိတို့သူနာပြု၊ သားဖွားများလိုက်နာရမည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာကျင့်ဝတ်များကို လိုက်နာကျင့်ကြံကြစေလိုကြောင်း၊ အခြေခံသူနာပြုစုမှုနှင့် သားဖွားအတတ်ပညာများကို အသုံးပြု၍ ပြည်သူများကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် ပြုစုပေးနိုင်သော မှန်ကန်သောခံယူချက်ရှိသည့် သူနာပြု၊ သားဖွားကောင်းများဖြစ်ကြစေလိုကြောင်းနှင့် ပြည်သူလူထုနှင့်ဆက်ဆံရာတွင် ဖော်ရွေစွာပြောဆိုဆက်ဆံကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းဆင်းသစ်လွင်သူနာပြုနှင့် သားဖွားများအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထုကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ရာတွင် သူနာပြုအတတ်ပညာဖြင့် ပြည်သူလူထုကို အကျိုးပြုကြရန်ပြောကြားသည်။




ယင်းနောက် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥက္ကဋ္ဌက သင်တန်းဆင်းမည့်သစ်လွင်သူနာပြု၊ သားဖွားများကို နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်စတင်ထမ်းဆောင်သည့်အချိန်မှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ သက်ဆိုင်ရာဆေးရုံ၏ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာဆောင်ရွက်စေလိုကြောင်း၊ လူနာများကိုပြုစုစောင့်ရှောက်ရာတွင် သူနာပြုသစ္စာခံဌာန် ရှစ်ချက်နှင့်အညီ လိုက်နာ ဆောင်ရွက်ကြစေလိုကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နေပြည်တော် သူနာပြု၊ သားဖွားသင်တန်းကျောင်းမှတက်ရောက်အောင်မြင်သူ သစ်လွင်သူနာပြု ၈၆ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိသူနာပြု၊ သားဖွားသင်တန်းကျောင်းများမှတက်ရောက်အောင်မြင်သူ သစ်လွင်သူနာပြု ဦးရေ ၃၄၀၊ ရန်ကုန်ဗဟိုသားဖွားသင်တန်းကျောင်းမှ တက်ရောက်အောင်မြင်သူသစ်လွင်သားဖွား ၁၆၂ ဦး စုစုပေါင်း ၅၈၈ ဦး ကိုယ်စား သစ်လွင်သူနာပြု နှစ်ဦး၊ သစ်လွင်သားဖွား တစ်ဦးတို့ထံ ခန့်အပ်တာဝန်ပေးအပ်သည့် ဌာနဆိုင်ရာ အမိန့်စာများပေးအပ်ရာ သစ်လွင်သူနာပြုတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်ရှိသူနာပြုသင်တန်းကျောင်း ခြောက်ကျောင်း၊ သားဖွားသင်တန်းကျောင်း တစ်ကျောင်းတို့အတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၃၅၀ ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးကလက်ခံရယူပြီး တေးသရုပ်ဖော်အကအဖွဲ့များကို ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ယခုနှစ်တွင် သစ်လွင်သူနာပြုဦးရေ ၁၅၂၀ နှင့် သစ်လွင်သားဖွား ၃၆၁ ဦးကို နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ်တာဝန်ပေးနိုင်ခဲ့ပြီး ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလနှင့် မေလတို့တွင် သူနာပြု ၁၇၆၂ဦးကို သစ်လွင်သူနာပြုများအဖြစ် ခန့်အပ် တာဝန်ပေးအပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

# အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီအစည်းအဝေး (၂/၂၀၂၅) ကျင်းပ





နေပြည်တော် ဒီဇင်ဘာ ၂၂

အသေးစား ငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၅) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရုံးအမှတ်(၄၆) ရှိ ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အသေးစားငွေရေးကြေးရေး လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများအသင်းမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ၂၀၂၅ ခုနှစ် အောက်တိုဘာလစာရင်းအရ အသေးစားငွေရေးကြေးရေးကုမ္ပဏီများသည် တိုင်းဒေသကြီး၊ ပြည်နယ် ၁၅ ခုရှိ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာများရှိ အသင်းဝင် ဦးရေ ၂ ဒသမ ၈၄၂ သန်းသို့ အသေးစားငွေကြေးဝန်ဆောင်မှုများ ပေးလျက်ရှိရာ ၂၀၁၉ ခုနှစ် ကိုဗစ်-၁၉ ကပ်ရောဂါကာလနောက်ပိုင်းမှစပြီး လုပ်ငန်းဆောင်ရွက်မှု ပမာဏသည် အတိုင်းအတာတစ်ခုထိ ကျဆင်းသွားခဲ့သော်လည်း ၂၀၂၅ ခုနှစ် မတ်လနောက်ပိုင်း ဧပြီလမှစ၍ လုပ်ငန်းများ ပြန်လည်ကောင်းမွန်လာကြောင်း၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲမှု လျှော့ချရေးရည်ရွယ်ချက်ဖြင့် ဆောင်ရွက်သော လူမှုရေးအခြေပြုစီးပွားရေးဖြစ်ကြောင်း။

အလားတူ လုပ်ငန်းဆောင်ရွက်မှု ကုန်ကျစရိတ် တဖြည်းဖြည်းမြင့်မားလာခြင်းသည် နည်းလမ်းရှာဖြေရှင်းရမည့် အခြေအနေဖြစ်ကြောင်း၊ မတည်ငွေရင်း ကုန်ကျစရိတ်နှင့် လုပ်ငန်းဆောင်ရွက်မှု ကုန်ကျစရိတ်များသည် အနည်းငယ် မြင့်မားနေသည်ဟု သုံးသပ်မိသဖြင့် ကုန်ကျစရိတ်များ လျှော့ချနိုင်ရေး သက်ဆိုင်သူများအကြား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်မည်ဆိုပါက အသင်းသားများ ချေးယူငွေအပေါ်ကောက်ခံသည့် အတိုးနှုန်းကို သင့်လျော်သောနှုန်းထားတစ်ခုသို့ လျှော့ချပေးနိုင်မည့် အခြေအနေဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း ကျေးလက်ဒေသနေ ဝင်ငွေနည်းပြည်သူများ၊ MSME များနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများသည် ဘဏ်များမှ ငွေကြေးဝန်ဆောင်မှုရယူနိုင်မှု ကန့်သတ်ချက်ရှိနေဆဲအခြေအနေ ဖြစ်သည်ကို တင်ပြချက်များအရ သိရကြောင်း။

အသေးစားငွေရေးကြေးရေး ကုမ္ပဏီများနှင့် ယင်းကဝန်ဆောင်မှုပေးနေသော အသင်းဝင်များအနေဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့ခြင်း (AML/CFT) ကိစ္စများဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို စနစ်တကျလိုက်နာရေး၊ Online Scam များ၏ တလွဲအသုံးချမှုမခံရစေရေးနှင့် Cyber Security အပါအဝင် လုံခြုံရေးဆိုင်ရာကိစ္စများကိုလည်း အလေးထားဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ အသေးစားငွေရေးကြေးရေးဝန်ဆောင်မှုများသည် အသင်းဝင်များ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ MSME ကဏ္ဍ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေးလုပ်ငန်းများအတွက် အမှန်တကယ်အထောက်အကူပြုရေးကိုစေတနာထား၍ အလေးအနက်ထားဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က တိုင်းဒေသကြီး၊ပြည်နယ်ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနများအနေဖြင့် အသေးစားငွေရေးကြေးရေးကုမ္ပဏီများ၏လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရေး၊ မတည်ငွေရင်း ထပ်မံဖြည့်ဆည်းရန်လိုအပ်သည့် အသေးစားငွေရေးကြေးရေး ကုမ္ပဏီများအတွက် မတည်ငွေ ဖြည့်တင်းရေးဆိုင်ရာကိစ္စရပ်များကို အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အသေးစားငွေရေးကြေးရေး လုပ်ငန်းကဏ္ဍ၏ လက်ရှိလုပ်ငန်းဆောင်ရွက်မှု၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်လျှောက်ထားသည့် ကုမ္ပဏီနှစ်ခုကို လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေးရေး၊ အသေးစားငွေရေးကြေးရေး ကုမ္ပဏီများပြည်တွင်း၊ ပြည်ပချေးငွေရယူခွင့်ပြုရေး အတည်ပြုရန်အချက်များဖြစ်သည့် အသေးစားငွေရေးကြေးရေး ကုမ္ပဏီများနယ်မြေတိုးချဲ့မှု၊ မတည်ငွေရင်း ထည့်ဝင်မှု၊ အစုရှယ်ယာထည့်ဝင်မှုနှင့် ဒါရိုက်တာဘုတ်အဖွဲ့ ပြောင်းလဲမှု အပါအဝင် ကြီးကြပ်မှုကော်မတီက ဆွေးနွေးဆုံးဖြတ်ရန် အချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံအသေးစား ငွေရေးကြေးရေးလုပ်ငန်းများအသင်းက အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးတည်ဆောက်မှု သင်တန်းများ ဖွင့်လှစ်ပို့ချမှု၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ အသေးစားငွေရေး ကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီက ဖြည့်ဆည်းဆောင်ရွက်ပေးရန်အချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသူ ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးကြပြီး ဆုံးဖြတ်မှုများဆောင်ရွက်ကြသည်။ အစည်းအဝေးတွင် အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်ခွင့်ပြုသည့် ပြည်တွင်းကုမ္ပဏီ တစ်ခု၊ ပြည်ပကုမ္ပဏီ တစ်ခု၊ အပ်ငွေလက်ခံခြင်း ဆောင်ရွက်ခွင့်ပြုသည့် ကုမ္ပဏီ နှစ်ခု၊ မတည်ငွေ တိုးမြှင့်ခွင့်ပြုသည့်ကုမ္ပဏီ သုံးခု၊ ကော်ပိုရိတ် အသက်အာမခံကိုယ်စားလှယ်ခွင့်ပြုမှု နှစ်ခု၊ နယ်မြေတိုးချဲ့သည့် ကုမ္ပဏီ လေးခုတို့ကို ခွင့်ပြု၍ အတည်ပြုမှတ်တမ်းတင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

## ရှေ့ဖုံးမှအဆက်

အဆိုပါ အသည်းအစားထိုးခွဲစိတ်ကုသမှုကို ပြည်သူ့ဆေးရုံကြီးများတွင် အသည်းအစားထိုးခွဲစိတ်မှု အောင်မြင်စွာ ပြန်လည်ဆောင်ရွက်နိုင်ရေး လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ပါမောက္ခ ဌာနကြီးမှူး (ဆေးလက်တွေ့) ပါမောက္ခဒေါက်တာမင်းဇော်ဦး ဦးဆောင်သောအဖွဲ့၊ ပါမောက္ခဒေါက်တာစိုင်းအောင်ညွန့်ဦး ဦးဆောင်သော အသည်းခွဲစိတ်ကုသမှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ပါမောက္ခဒေါက်တာဝင်းဝင်းဆွေ ဦးဆောင်သော အသည်းဆေးကုသမှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ပါမောက္ခဒေါက်တာမူမူနိုင် ဦးဆောင်သော မေ့ဆေးဆိုင်ရာလုပ်ငန်းအဖွဲ့၊ ပါမောက္ခ ဒေါက်တာဝင်းဝင်းကျော် ဦးဆောင်သော နှလုံးနှင့်သွေးကြောခွဲစိတ်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဓာတ်ခွဲ) ဒေါက်တာဆွေဆက် ဦးဆောင်သော ရောဂါရှာဖွေရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ပါမောက္ခ ဒေါက်တာအောင်ချိုထွန်း ဦးဆောင်သော ဓာတ်မှန်ပညာဆိုင်ရာ လုပ်ငန်း အဖွဲ့၊ဒုတိယညွှန်ကြားရေးမှူးချုပ် (အမျိုးသားသွေးဌာန) ဒေါက်တာအယ်ထူးဖေ ဦးဆောင်သော သွေးနှင့်သွေးပစ္စည်းဆိုင်ရာ အထောက်အကူပြုလုပ်ငန်းအဖွဲ့၊ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်မြို့မှ ဆေးရုံအုပ်ကြီး ဒေါက်တာအိသန္တာထွေးနှင့် သူနာပြုများအဖွဲ့၊ ကျွမ်းကျင်ဝန်ထမ်းများနှင့် အထောက်အကူပြုဝန်ထမ်းများ အားလုံးပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ကိုရီးယားသမ္မတနိုင်ငံ Seoul National University Hospital မှ Professor Kwang Woong Lee က ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုများကို အထွေထွေရောဂါကုဆေးရုံသစ်ကြီး ရန်ကုန်မြို့၌ ၂၀၀၄ ခုနှစ်တွင် တစ်တွဲနှင့် ၂၀၀၉ ခုနှစ်တွင် တစ်တွဲ၊ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) ရန်ကုန်မြို့၌ ၂၀၁၅ ခုနှစ်တွင် တစ်တွဲ၊ ၂၀၁၆ ခုနှစ်တွင် လေးတွဲ၊ ၂၀၁၇ ခုနှစ်တွင် ခြောက်တွဲ၊ ၂၀၁၈ ခုနှစ်တွင် ၁၁ တွဲ၊ ၂၀၁၉ ခုနှစ်တွင် ၁၀ တွဲ၊ ၂၀၂၃ ခုနှစ်တွင် တစ်တွဲ၊ ၂၀၂၄ ခုနှစ်တွင် နှစ်တွဲ၊ ယခု ၂၀၂၅ ခုနှစ်တွင် နှစ်တွဲ စုစုပေါင်း ၃၉ တွဲကို ခွဲစိတ်ကုသမှု ဆောင်ရွက်ပြီးဖြစ်သည်။

ယခုကဲ့သို့ ပြည်တွင်း၌ အသည်းအစားထိုးခွဲစိတ်ကုသမှုများကို ဆောင်ရွက်နိုင်ခြင်းအားဖြင့် ပြည်သူများအတွက် လိုအပ်သောကုသမှုကိုလက်လှမ်းမီရရှိစေကာ ပြည်ပသို့ သွားရောက်ကုသရမည့် ကုန်ကျစရိတ်များ သက်သာစေနိုင်သည့်အပြင် ပြည်သူ့ဆေးရုံများတွင် ဝန်ဆောင်မှုပိုမိုတိုးတက်ကောင်းမွန်စေခြင်းနှင့် ပြည်သူတစ်ဦးချင်းစီမှ စိုက်ထုတ်သုံးစွဲရငွေ လျော့ကျစေမည်ဖြစ်ကြောင်းနှင့် အသည်းအစားထိုး ကုသမှုများ ပုံမှန်ဆက်လက်ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**❑ ရာသီတုပ်ကွေးရောဂါမှအဆက်**

စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။ ထိုသို့ ရောဂါစောင့်ကြပ်ကြည့်ရှုမှုသတင်းအချက်အလက်များအရ Influenza A H3N2 အမျိုးအစား ရာသီတုပ်ကွေးရောဂါပိုးသည် ယခင်နှစ် များကပင် မြန်မာနိုင်ငံ၌ကူးစက်ဖြစ်ပွားခဲ့ပြီး ယခုနှစ်စက်တင်ဘာလမှ စတင်၍လည်း အဓိကကူးစက် ဖြစ်ပွားသည့် ရာသီတုပ်ကွေးရောဂါပိုး အမျိုးအစားဖြစ်ကြောင်းနှင့် Influenza A (H3N2) Subclade K ရောဂါပိုးကိုမူ ဓာတ်ခွဲစစ်ဆေးမှုများအရ မြန်မာနိုင်ငံတွင် မတွေ့ရှိသေးသော်လည်း လူထုအတွင်း Influenza A (H3N2) ရောဂါပိုးကို ကာကွယ်နိုင်မည့် ကိုယ်ခံစွမ်းအား အသင့်အတင့်ရှိနေမည်ဖြစ်ခြင်း၊ လက်ရှိ အသုံးပြုနေသည့် တုပ်ကွေးရောဂါကာကွယ်ဆေးများနှင့် ကုသသည့်ဆေးဝါးများဖြင့်လည်း ကာကွယ်ကုသ နိုင်ခြင်းတို့ကြောင့် ပြည်သူလူထုအနေဖြင့် အထူးစိုးရိမ်ရန်မလိုကြောင်း သုံးသပ်ပါသည်။

၃။ ရာသီတုပ်ကွေးရောဂါပိုးသည် အသက်အရွယ်မရွေး ကူးစက်ဖြစ်ပွားနိုင်ပြီး ကလေးငယ်များ၊ အသက်အရွယ်ကြီးရင့်သူများ၊ ကိုယ်ခံအားစနစ် ကျဆင်းနေသူများ၊ ဆီးချိုသွေးချိုရောဂါ၊ နှလုံးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ ကင်ဆာရောဂါနှင့် အာရုံကြောရောဂါကဲ့သို့သော နာတာရှည်ရောဂါအခံရှိသူများနှင့် ကိုယ်ဝန်ဆောင်များတွင် ရောဂါကူးစက်ဖြစ်ပွားပါက ရောဂါပိုမိုပြင်းထန်နိုင်ခြေရှိပါသည်။

ရာသီတုပ်ကွေးရောဂါပိုးသည် ချောင်းဆိုးခြင်း၊ နှာချေခြင်းမှထွက်ရှိသည့် အစက်အမှုန်များမှတစ်ဆင့် ကူးစက်ခြင်း (Droplet transmission)၊ ရောဂါကူးစက်ခံစားနေရသူနှင့်ထိတွေ့ခြင်း သို့မဟုတ် လက်ဆွဲနှုတ်ဆက်ခြင်းအစရှိသော အနီးကပ်ထိတွေ့ခြင်း၊ ရောဂါပိုးကပ်ငြိနေသည့် အရာဝတ္ထုအသုံးအဆောင်ပစ္စည်းများနှင့် မျက်နှာပြင်များမှတစ်ဆင့် ပါးစပ်၊ နှာခေါင်း၊ မျက်စိတို့ကို ထိတွေ့ခြင်းတို့မှ ကူးစက်နိုင်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ရာသီတုပ်ကွေးရောဂါပိုးကဲ့သို့သော လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ကူးစက်မခံရစေရေး အောက်ဖော်ပြပါ ရောဂါကာကွယ်နိုင်သည့် နည်းလမ်းများကို လိုက်နာခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန် တိုက်တွန်းအပ်ပါသည် -

(က) ဆပ်ပြာ၊ ရေ သို့မဟုတ် ရေမလို လက်သန့်ဆေးရည်ဖြင့် စနစ်တကျလက်ဆေးခြင်း၊

( ခ ) ရောဂါပိုးကူးစက်ခြင်းခံရသူ သို့မဟုတ် သံသယလူနာများနှင့် ခပ်ခွာခွာနေခြင်း၊

( ဂ ) ဖျားနာခြင်းအစရှိသော သံသယလက္ခဏာရှိသူများအနေဖြင့် နှာချေချောင်းဆိုးခြင်း ခံစားနေရပါက ပါးစပ်နှာခေါင်းစည်းဝတ်ဆင်ခြင်း။

**ကျန်းမာရေးဝန်ကြီးဌာန**

# AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းဆောင်ရွက်ရန် ညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၂၂

ဥပဒေရေးရာဝန်ကြီးဌာနနှင့် အမျိုးသားဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတို့ပူးပေါင်း၍ AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးက အမိန့်ကြော်ငြာစာအမှတ် ၁၂၀/၂၀၂၅ ဖြင့် “AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားရေးကြီးကြပ်မှုကော်မတီ” ကို ဖွဲ့စည်းပေးခဲ့ပြီး Legal Assistant AI Model ဆောင်ရွက်လျက်ရှိရာ ဥပဒေအသိပညာ အချက်အလက်များ ထည့်သွင်းပြီးစီးမှုနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသားဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဒါရိုက်တာ ဒေါက်တာတင်ဖုန်းကျော်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က အဖွင့်အမှာစကားပြောကြားပြီး အမျိုးသားဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဒါရိုက်တာနှင့် စီမံကိန်းအဖွဲ့ဝင်တို့က AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်း ဆောင်ရွက်ရန် Data Collection ပြုလုပ်ခြင်းနှင့် ရရှိပြီးသည့် Data များကို Legal Assistant AI Model အတွင်း ထည့်သွင်းလေ့ကျင့်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက AI နည်းပညာကို ဥပဒေအသိပညာနှင့် ချိတ်ဆက်၍ ကျယ်ပြန့်စွာအသုံးချခြင်းဖြင့် ပြည်သူများကို ဥပဒေဗဟုသုတအသိပညာများကို ဖြန့်ဖြူးနိုင်ရေး၊ Legal Assistant AI Model ပိုမိုကောင်းမွန်စေရန် ထပ်မံထည့်သွင်းလေ့ကျင့်ရမည့် ဥပဒေများအတွက် Data စုဆောင်းနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အဝေးသင်သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

### အဝေးသင်သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာခြင်း

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိတက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ၂၀၂၆ ပညာသင်နှစ် ပထမနှစ် အဝေးသင် သင်တန်းများ၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၂၉-၁၂-၂၀၂၅ ရက်မှ ၃၁-၃-၂၀၂၆ ရက်ထိလည်းကောင်း၊ ဒုတိယနှစ်နှင့်အထက် အဝေးသင် သင်တန်းများ၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၄-၂-၂၀၂၆ ရက်မှ ၁၅-၅-၂၀၂၆ ရက်ထိလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန

## ဒီဇင်ဘာ ၁၄ ရက်မှ ၂၁ ရက်ထိ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၂

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၄ ရက် ည ၈ နာရီမှ ဒီဇင်ဘာ ၂၁ ရက် ည ၈ နာရီထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၇ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ သုံးလနှင့်အထက်)ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးနေပြီဖြစ်၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

# နောင်ချိုမြို့နယ် သုံးဆယ်တိုက်နယ်ဆေးရုံ ပြန်လည်ဖွင့်လှစ်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ





နောင်ချို ဒီဇင်ဘာ ၂၂

ကျန်းမာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုသရေးဦးစီးဌာန နောင်ချိုမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် နီးနွယ်ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် စေတနာရှင်များ ပူးပေါင်း၍ ဒေသတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာလကုန်မှစ၍ လုပ်ငန်းယာယီရပ်ဆိုင်းထားသော နောင်ချိုမြို့နယ် သုံးဆယ်တိုက်နယ်ဆေးရုံကို ပြန်လည်ပြုပြင်ပြီး ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်ကာ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုသရေးဦးစီးဌာနအနေဖြင့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကို ယခုနှစ် ဩဂုတ် ၂ ရက်က ပြန်လည်ဖွင့်လှစ်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပြီး ယခုအခါ သုံးဆယ်တိုက်နယ်ဆေးရုံ ပြန်လည်ဖွင့်လှစ်နိုင်သည့်အတွက် သုံးဆယ်တိုက်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူ ဦးရေ ၃၀၀၀၀ ကျော်ကို ကျန်းမာရေး စောင့်ရှောက်မှုများ လွှမ်းခြုံဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမှုတိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၀ ရက်ထိ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲ ၃၄ ခု ပြန်လည်ဖွင့်လှစ်ထားရှိပြီး ပဏာမကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်လျက်ရှိသည်။

နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများသည် နောင်ချိုမြို့ပေါ်နှင့် အနီးတစ်ဝိုက်ရှိ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း၊ ကိုယ်ဝန်ဆောင်စောင့်မိခင်နှင့် ကလေးရှောက်ရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းကို ပြန်လည်အားဖြည့်ဆောင်ရွက်ရန်အတွက် အမီလိုက်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း၊ အသက် ၁၅ နှစ်အောက် ကလေးများကို အထူးအစီအစဉ် (Special Immunization Activities) ဖြင့် ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးပေးခြင်း စသည်ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို ကလေးတိုင်းဆီသို့ ရောက်ရှိအောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံ ကျန်းမာရေးဝန်ထမ်းများသည် အောက်တိုဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၂၀ ရက်ထိ အသက် ၁၅ နှစ်အောက် ကလေးငယ်ဦးရေ ၃၂၃၅၀ ကို လိုအပ်သောကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ မဲရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၂

၂၀၂၅ ခုနှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးအတွက် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ မဲရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး မဲရုံ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မဲရုံတာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့် မဲပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အခြေခံပညာအထက်တန်းကျောင်း (ရွှေစက်)နှင့် အခြေခံပညာအထက်တန်းကျောင်း(မန်ခိန်)တို့၌ မဲရုံများ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကြရာ မဲရုံတာဝန်ရှိသူများက မဲပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဧဝ၁)



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးတို့ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး မြစ်ကြီးနားမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ မဲရုံများ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# မြိတ်မြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ၊ မဲရုံမှူးနှင့် အဖွဲ့ဝင်များကို သက်ဆိုင်ရာမဲရုံများသို့ ပို့ဆောင်နေရာချထားပေးခြင်းဆိုင်ရာညှိနှိုင်းအစည်းအဝေး ပြုလုပ်

နေပြည်တော် ဒီဇင်ဘာ ၂၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)များကိုသက်ဆိုင်ရာမဲရုံများသို့ သယ်ယူပို့ဆောင်ခြင်းနှင့် မဲရုံမှူးနှင့်အဖွဲ့ဝင်များကို ပို့ဆောင်နေရာချထားပေးခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် မြိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် အဖွဲ့ဝင်များ၊ မြိတ်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များကို သတ်မှတ်ရက်တွင် သက်ဆိုင်ရာမဲရုံများသို့ သယ်ယူပို့ဆောင်ရေး၊ မဲရုံမှူးနှင့် အဖွဲ့ဝင်များကို ပို့ဆောင်နေရာချထားရေး၊ လုံခြုံရေးပိုင်းဆိုင်ရာတို့နှင့်ပတ်သက်၍ အမှာစကား ပြောကြားသည်။ ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူအသီးသီးက သက်ဆိုင်ရာကဏ္ဍများအလိုက် ပြင်ဆင်ဆောင်ရွက်ထားမှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မြိတ်မြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)များ၊ မဲရုံမှူးနှင့် အဖွဲ့ဝင်များကို သက်ဆိုင်ရာမဲရုံများသို့ ပို့ဆောင်နေရာချထားပေးခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် MEVM စက်များ၊ မဲရုံမှူးနှင့် အဖွဲ့ဝင်များကို သယ်ယူပို့ဆောင်နေရာချထားပေးခြင်းများနှင့်ပတ်သက်၍ လက်တွေ့သရုပ်ပြ ပြင်ဆင်ထားမှုများကို ကြည့်ရှုစစ်ဆေးကာ လုံခြုံရေးပိုင်းဆိုင်ရာများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဧဝ၁)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အောင်ပွဲရတပ်မတော်သားများအတွက် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ




**မန္တလေး ဒီဇင်ဘာ ၂၂**

အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် အောင်ပွဲရ တပ်မတော်သားများအတွက် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ ညပိုင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် အတွင်းရေးမှူး၊ အောင်ပွဲရ တပ်မတော်သားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အောင်ပွဲရ တပ်မတော်သားများကို ဂုဏ်ပြုအားပေးစကားများပြောကြားပြီး အောင်ပွဲရ တပ်မတော်သားများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြရာ သဇင် FM တေးဂီတအဖွဲ့မှ အနုပညာရှင်များက ဂုဏ်ပြုတေးသီချင်းများ၊ မြူးမြူးကြွကြွ တေးသီချင်းတို့ဖြင့် သီဆိုဂုဏ်ပြုဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“ပြည်သူတွေကို မက်လုံးများစွာနဲ့မြူဆွယ်လာသော ဘဝပျက်စေမည့် လူလိမ်ဂိုဏ်းအား စုပေါင်းကာကွယ်ဖို့လိုအပ်လာ”**ခေါင်းစဉ်ဖြင့် ၂၄-၁၂-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၃၁-၁၂-၂၀၂၅ရက် မွန်းလွဲ ၁ နာရီတွင် **“ပြည်ဖျက်တွေမျှော်လင့်သလို ဖြစ်မလာခဲ့သော ဒီမိုကရေစီရွေးကောက်ပွဲ”**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရွှေပိတောက်ငါးဈေးကြီးမှ တစ်ရက်လျှင် ရေချိုထွက်ကုန် ပိဿာချိန် သုံးသိန်းခန့် ကုန်စည်စီးဆင်းလျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ရန်ကုန်မြို့ရှိ မြို့နယ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ရေထွက်ကုန်များ အဓိကဖြန့်ဖြူးတင်ပို့ရာ ရန်ကုန်မြို့ လှိုင်မြို့နယ် ရွှေပိတောက်ငါးဈေးကြီးမှ တစ်ရက်လျှင် ပျမ်းမျှအားဖြင့် ရေချိုထွက်ကုန် ပိဿာချိန် သုံးသိန်းခန့် ကုန်စည်စီးဆင်းလျက်ရှိကြောင်း ရွှေပိတောက်ဈေးသာယာရေးအဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးရှိ လူဦးရေ ခုနစ်သန်းခန့် ရေချိုထွက်ကုန်စားသုံးနိုင်ရန်နှင့် ကျန်သောဒေသများမှ ပြည်သူများ စားသုံးနိုင်ရန် နေ့စဉ်ရွှေပိတောက်ငါးဈေးကြီးနှင့် ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးတို့မှ ရေထွက်ကုန်များကို ဖြန့်ဖြူးပေးလျက်ရှိရာ ယခုဆောင်းရာသီ၌ ရွှေပိတောက်ငါးဈေးကြီးမှ တစ်ရက်လျှင် ရေချိုထွက်ကုန်ပိဿာချိန် သုံးသိန်းခန့်နှင့်အတူ ရေငန်ထွက်ကုန်ပိဿာချိန် တစ်သိန်းခွဲထိ ကုန်စည်စီးဆင်းလျက်ရှိသည်။

“ပြီးခဲ့တဲ့လတွေမှာ ရေချိုကုန်အဝင်နည်းခဲ့ပေမယ့် နိုဝင်ဘာလဆန်းကစပြီး ကုန်အဝင်မှန်လာတယ်။ ဒီလဆိုရင် တစ်ရက်ကို ကုန်ချိန် နှစ်သိန်းခွဲ၊ သုံးသိန်းနီးပါး ပြန်ဝင်နေပါပြီ။ သူ့ရာသီဖြစ်တဲ့အတွက် ငါးမွေးကန်တွေက ငါးဖော်လာကြတယ်။ ဧပြီလထိ ပုံမှန်ငါးအဝင်ကောင်းနေမှာပါ။ ရန်ကုန်အပြင် ပုသိမ်၊ မန္တလေး၊ နေပြည်တော်၊ စစ်ကိုင်း၊ မုံရွာ၊ ကလေး၊ မော်လမြိုင်နဲ့ မြဝတီထိ ရေထွက်ကုန်တွေ စီးဆင်းနေပါတယ်။ မိုးရာသီထက်စာရင် ကုန်ပစ္စည်းပုံမှန်ဝင်လာတဲ့အတွက် ဈေးနှုန်းနည်းနည်းအေးသွားပေမဲ့ အရောင်းအဝယ်ကောင်းလာပါပြီ။ ကုန်ဝင်များရင်သာ အကြွေးစနစ်နဲ့ တင်ပို့ပေးရတဲ့ အခက်အခဲတော့ရှိတယ်။ အထူးသဖြင့် ကုမ္ပဏီတွေပါ။ ပြည်တွင်းမှာ ပုံမှန်စားသုံးမှုရှိနေတဲ့ ဈေးကွက်ထက် ငါးမြစ်ချင်းများများစားသုံးတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ငါးမြစ်ချင်းဈေးကွက်တစ်ခုပွင့်သွားမယ်ဆိုရင် မွေးမြူရေးငါးဈေးကွက် ဦးမော့လာပြီး စီးပွားရေးပိုပြီး အဆင်ပြေလာမယ်လို့မြင်တယ်။ ကုန်ကြမ်းက နိုင်ငံထဲမှာ အဆင်သင့်ရှိနေပြီးသားပါ”ဟု ရွှေပိတောက် ငါးဈေးသာယာရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်နိုင်က ပြောသည်။

ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ငါးမြစ်ချင်းများကို ရန်ကုန်မြို့ရှိ ငါးဈေးကြီးနှစ်ခုအပြင် ဘင်္ဂလားဒေ့ရှ်၊ ဒူဘိုင်း၊ ဆော်ဒီအာရေဗျ၊ ကာတာနိုင်ငံတို့သို့ အဓိကတင်ပို့လျက်ရှိသည့်အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝယ်လက်များမှတစ်ဆင့် အခြားနိုင်ငံများသို့ ပြုပြင်ထုပ်ပိုး၍ တင်ပို့လျက်ရှိကြောင်း ရေချိုရေငန်လုပ်ငန်းရှင်များထံမှ သိရသည်။



ရွှေပိတောက်ငါးဈေးသို့ မွေးမြူရေးငါးများဖြစ်သည့် ငါးမြစ်ချင်း၊ ငါးတန်၊ငါးခေါင်းပွ၊ ငါးမုန့်၊ တီလားပီးယားငါးများနှင့် သဘာဝရေပြင် မြစ်၊ ချောင်းများမှ ငါးကျည်း၊ ငါးခူ၊ ငါးပြေမ၊ ငါးရံ့၊ ငါးမြွေထိုး၊ ငါးသံချိတ်အပါအဝင် ရေချိုထွက်ကုန် အမည် ၃၀နှင့် ရေငန်ထွက်ကုန်အမည် ၁၅ မျိုး ဝင်ရောက်လျက်ရှိကြောင်း၊ ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးသို့ ရေချိုထွက်ကုန်အချို့နှင့် စံပြငါးဈေးဆိပ်ကမ်းသို့ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ရေငန်ထွက်ကုန်မျိုးစုံဝင်ရောက်လျက်ရှိသည်။

ရန်ကုန်မြို့ပြ၏ ရေထွက်ကုန်စားသုံးမှုလိုအပ်ချက်ကို နေ့စဉ်ပံ့ပိုးပေးလျက်ရှိပြီး နိုင်ငံ၏ ရေထွက်ကုန်စီးဆင်းမှုတွင် အဓိကအခန်းကဏ္ဍ၌ ရပ်တည်လျက်ရှိသည့် ရွှေပိတောက်ငါးဈေးကြီးကို နံနက် ၃ နာရီမှ ညနေ ၅ နာရီထိ နေ့စဉ်ဖွင့်လှစ်လျက်ရှိကာ ဈေးရုံပေါင်းခုနစ်ရုံ၊ ဆိုင်ခန်းပေါင်း ၄၄၄ ခန်း၊ ပျံကျဆိုင်ခန်းပေါင်း ၉၀ ကျော်ဖြင့် နေ့စဉ်ရေထွက်ကုန်ဝယ်ယူသူ၊ ဖြန့်ဖြူးသူ၊ကုန်တင်ယာဉ်၊ငါးသယ်ရေယာဉ်တို့ဖြင့် စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။

**သစ္စာ(MNA)**



PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးပြီး မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သည့် ဧရာဝတီတံတား (ရတနာသိင်္ခ)အား တပ်မတော် စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။

☆ **ကျောဖုံးမှအဆက်**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မြောင်းမြို့ကို ဆက်သွယ်ထား၍ ပြည်သူလူထု၏ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုတို့အတွက် အဓိကအရေးပါသည့် ဧရာဝတီတံတား (ရတနာသိင်္ခ)ကိုလည်း မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သဖြင့် တံတား၏ ရေလယ်တိုင်များဖြစ်သည့် တိုင်အမှတ် RP4 နှင့် RP5 တို့အကြားတွင် လည်းကောင်း၊ RP6-A2 ချဉ်းကပ်လမ်း နေရာတို့တွင်လည်းကောင်း ကျိုးကျပျက်စီးခဲ့သဖြင့် မော်တော်ယာဉ်များနှင့် ခရီးသွားပြည်သူများ ဖြတ်သန်းသွားလာနိုင်ခြင်း မရှိတော့ဘဲ ကုန်စည်စီးဆင်းမှုများ ရပ်တန့်ခဲ့ရသည်။

ထို့ကြောင့် ခရီးသွားပြည်သူများ ပြန်လည်သွားလာနိုင်ရေး၊ ဒေသတွင်း ကုန်စည်စီးဆင်းမှု ပြန်လည်လည်ပတ်နိုင်ရေး တံတားပြုပြင်ခြင်းလုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်နိုင်ရေးတို့အတွက် အဆိုပါ တံတားနေရာတစ်ဝိုက်အား တပ်မတော်စစ်ကြောင်းများက လိုအပ်သည့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ခေတ္တစိုးမိုးထားသည့် အဆိုပါ ဧရာဝတီတံတား(ရတနာသိင်္ခ)နှင့် ၎င်းနေရာတစ်ဝိုက်ကို ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ တပ်မတော်စစ်ကြောင်းများက အဆိုပါနေရာတစ်ဝိုက်ကို ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့်အတွက် ဧရာဝတီတံတား(ရတနာသိင်္ခ)အား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ပူးပေါင်း၍ အမြန်ဆုံး ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပြီး တံတားပြန်လည်ပြုပြင် ပြီးစီးပါက ဒေသအတွင်း ကုန်စည်ကူးသန်းရေးနှင့် လမ်းပန်းဆက်သွယ်ရေးများ ပြန်လည်ကောင်းမွန်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြန်လည်လုပ်ဆောင်နိုင်မည်ဖြစ်သည့်အတွက် ပြည်သူများက ဝမ်းမြောက်လျက်ရှိကြောင်းသိရှိရပြီး တပ်မတော်စစ်ကြောင်းများက လိုအပ်သည့်နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းပြုလုပ်သူများကို အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမှုကို ပျက်ပြားစေရန်ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အများပြည်သူဆိုင်ရာ နေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများ ချိတ်ဆွဲခြင်း စသည်တို့ဖြင့် နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၆ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ အမှတ်(၈)ရပ်ကွက်နေ ဒေါ်မြင့်မြင့်မော်(ခ) မော်လေး ၄၇ နှစ်သည် ၎င်းအသုံးပြုသည့် Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အများပြည်သူ အထင်အမြင်လွဲမှားစေရန် ရေးသားထားသည့်စာသားများကိုပြန်လည်မျှဝေထားသည်ကို စိစစ်တွေ့ရှိရသဖြင့် မြင့်မြင့်မော်(ခ)မော်လေးအား ဒီဇင်ဘာ ၁၉ ရက်တွင် မအူပင် မြို့မရဲစခန်းက(ပ) ၂၃၇/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့် တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၃(က) ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာ ၂၇ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ပင်ဖြစ်ကျေးရွာနေ ဒေါ်နှင်းနုနုလှိုင်သည် ၎င်းအသုံးပြုသည့် "Nu Hlaing" Facebook အကောင့်ဖြင့် လူမှုကွန်ရက် စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို အများပြည်သူ အထင်အမြင်လွဲမှားစေရန် ရေးသားထားသည့်စာသားများကို ပြန်လည်မျှဝေထားသည်ကို စိစစ်တွေ့ရှိရသဖြင့် နှင်းနုနုလှိုင်အား ဒီဇင်ဘာ ၁၈ ရက်တွင် ရပ်စောက်မြို့မရဲစခန်းက (ပ) ၁၁၃/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း။

ထို့အတူ ဒီဇင်ဘာ ၁ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ချမ်းမြသာစည်ရပ်ကွက်နေ ဦးမြင့်ဝင်း ၅၀ နှစ်သည် ၎င်းအသုံးပြုသည့် "Ko Myint Win" Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အများပြည်သူ အထင်အမြင်လွဲမှားစေရန် ရေးသားထားသည့် စာသားများကို ရေးသားလွှင့်တင်ခြင်း၊ ပြန်လည်မျှဝေခြင်းများ ပြုလုပ်ထားသည်ကို စိစစ်တွေ့ရှိရသဖြင့် မြင့်ဝင်းအား ဒီဇင်ဘာ ၁၇ ရက်တွင် တောင်ကြီးနယ်မြေရဲစခန်းက (ပ)၁၈၃/ ၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကိုနှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း။

အလားတူ ဒီဇင်ဘာ ၄ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ဟဲဟိုးမြို့ အမှတ်(၃)ရပ်ကွက်နေ ဒေါ်သင်းသင်းဖြူ ၃၄ နှစ်သည် ၎င်းအသုံးပြုသည့် "Phyu"Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အများပြည်သူ အထင်အမြင်လွဲမှားစေရန် ရေးသားထားသည့် စာသားများအား ပြန်လည်မျှဝေထားသည်ကို စိစစ်တွေ့ရှိရသဖြင့် သင်းသင်းဖြူအား ဒီဇင်ဘာ ၁၇ ရက်တွင် ဟဲဟိုးနယ်မြေရဲစခန်းက (ပ)၇၄/ ၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း။

ထို့အတူ ဒီဇင်ဘာ ၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး ဆွာမြို့ အမှတ်(၅) ရပ်ကွက်နေ ဦးအောင်ဇော်မျိုးထက်(ခ) ဖိုးလပြည့်(ခ) ဖိုးထက် ၃၅ နှစ်သည် ၎င်းအသုံးပြုသည့် "Phoe Htet" Face-book အကောင့်ဖြင့် လူမှုကွန်ရက် စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို အများပြည်သူအထင် အမြင်လွဲမှားစေရန် ရေးသားထားသည့် စာသားများအား ထပ်ဆင့်ပြန်လည်မျှဝေထားကြောင်း စိစစ်တွေ့ရှိရသဖြင့် အောင်ဇော်မျိုးထက်(ခ) ဖိုးလပြည့်(ခ) ဖိုးထက်အား ဒီဇင်ဘာ ၁၉ ရက်တွင် ဆွာနယ်မြေရဲစခန်းက (ပ)၅၇/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း။

အလားတူ ဒီဇင်ဘာ ၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အောင်ဇေယျာရပ်ကွက်နေ မမေသူကျော် ၂၉ နှစ်သည် ၎င်းအသုံးပြုသည့် "May Thu Kyaw" Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အများပြည်သူ အထင်အမြင်လွဲမှားစေရန် ရေးသားထားသည့် စာသားများအား ပြန်လည်မျှဝေထားသည်ကို စိစစ်တွေ့ရှိရသဖြင့် မေသူကျော်အား ဒီဇင်ဘာ ၁၉ ရက်တွင် မုံရွာမြို့မရဲစခန်းက (ပ)၂၃၉/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကိုနှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့်လည်းကောင်း။

ထို့အတူ ဒီဇင်ဘာ ၁၅ ရက် ည ၇ နာရီ မိနစ် ၂၀ တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၄)ရပ်ကွက် ဘုရင့်နောင်လမ်း ကမ္ဘောဇဘဏ်ရှေ့၌ ပြည်သူ့ရှေ့ဆောင်ပါတီ(PPP)မှ လွှတ်တော် ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဗီနိုင်းဆိုင်းဘုတ်ကို အမျိုးသားတစ်ဦးက ဆုတ်ဖြဲဖျက်ဆီးခဲ့ကြောင်းသိရှိရသဖြင့် စုံစမ်းဖော်ထုတ်ခဲ့ရာ အဆိုပါဆိုင်းဘုတ်ကို ဆုတ်ဖြဲဖျက်ဆီးသွားသူ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် အမှတ်(၅)ရပ်ကွက်နေ ဝေလင်းနိုင်(ခ) ဝေလင်း ၂၅ နှစ်အား ဖော်ထုတ်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းကို ပိတောက်ချောင်းနယ်မြေရဲစခန်းက (ပ)၇၁/ ၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့် တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း။

အလားတူ ဒီဇင်ဘာ ၁၆ ရက်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝန်းကျောက်ရပ်ကွက်နေ အောင်ကျော်ဟိန်း ၃၁ နှစ်သည် ၎င်းအသုံးပြုသည့် "Aung Kyaw Hein" Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အများပြည်သူ အထင်အမြင်လွဲမှားစေရန် ရေးသားထားသည့်စာသားများ ရေးသားဖြန့်ဝေခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် အောင်ကျော်ဟိန်းအား ဒီဇင်ဘာ ၁၇ ရက်တွင် ဟောင်လိတ်နယ်မြေရဲစခန်းက (ပ)၂၁၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း။

ထို့အတူ ဒီဇင်ဘာ ၁၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၄)နေ အာမတ်ခန့် ၅၀နှစ်သည် ၎င်းအသုံးပြုသည့် "တစ်ချိန်က မေမြို့သားကြီး အကောင့်ကျအာမတ်" Facebook အကောင့်ဖြင့် လူမှုကွန်ရက် စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို အများပြည်သူအထင် အမြင်လွဲမှားစေရန် ရေးသားထားသည့် စာသားများ ရေးသားဖြန့်ဝေခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် အာမတ်ခန့်အား ဒီဇင်ဘာ ၁၇ ရက်တွင် ပြင်ဦးလွင်မြို့မ ရဲစခန်းက (ပ)၂၆၂/၂၀၂၅၊ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ ကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း။

အလားတူ ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ရပ်ကွက်(၆) အေးသာယာ-စက်မှုဇုန်သွားလမ်းနှင့် စစ်ကိုင်းလမ်းဆုံ၌ ပြည်ခိုင်ဖြိုးပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဗီနိုင်းဆိုင်းဘုတ်ကို အမျိုးသား တစ်ဦးက ဖျက်ဆီးနေကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါဆိုင်းဘုတ်ကို အေးသာယာမြို့ ရပ်ကွက်(၉)နေ သီဟစိုး(ခ) အလီ ၃၅ နှစ်က ဖျက်ဆီးနေသည်ကို တွေ့ရှိရသဖြင့် ဖမ်းဆီးကာ ၎င်းကို ဒီဇင်ဘာ ၁၇ ရက်တွင် အေးသာယာ နယ်မြေရဲစခန်းက (ပ)၁၅၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့် လည်းကောင်း။

ထို့အတူ ဒီဇင်ဘာ ၁၉ ရက်တွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့ မင်္ဂလာရပ်ကွက်နေ စည်သူမင်း ၄၁ နှစ်သည် ၎င်းအသုံးပြုသည့် "Si Thu Min" Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အများပြည်သူ အထင်အမြင်လွဲမှားစေရန် ရေးသားထားသည့်စာသားများ ရေးသားဖြန့်ဝေထားသည်ကို စိစစ်တွေ့ရှိရသဖြင့် စည်သူမင်းအား ဒီဇင်ဘာ ၁၉ ရက်တွင် ပျဉ်းမနားမြို့မရဲစခန်းက (ပ)၂၈၈/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်ဖမ်းဆီးခဲ့ပြီး တရားခံများကို ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

# ကလေးမြို့တွင် ငွေကျပ် ၃၂၆၄ ဒသမ ၂၅ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ






**နေပြည်တော် ဒီဇင်ဘာ ၂၂**

ကလေးမြို့တွင် ငွေကျပ် ၃၂၆၄ ဒသမ ၂၅ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၇ ရက် ညနေ ၄ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလေးမြို့ တာဟန်းရပ်ကွက် နယ်မြေ (၁၆)ရှိ ဗန်လားရို ထန်းငါ(ခ) ထန်းသဲ ၂၈ နှစ်နှင့် မမန်းဟောက်ကိမ် ၃၁ နှစ်တို့၏ နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါး TRAMADOL ဆေးတောင့် ၃၁၃၀၀၀ (တစ်တောင့်လျှင် ငွေကျပ် ၇၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၁၉၁ သိန်း)၊ စိတ်ပြောင်းဆေးဝါး ALPRAZOLAM ဆေးပြား ၇၁၅၅၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၁၀၇၃ ဒသမ ၂၅ သိန်း)တို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် ဗန်လားရိုထန်းငါ (ခ) ထန်းသဲနှင့် မမန်းဟောက်ကိမ်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ ဒီဇင်ဘာ ၂၀ ရက် ည ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ပြင်ဦးလွင်မြို့နယ် အောင်ချမ်းသာကျေးရွာအုပ်စု စည်ကားကျေးရွာနှင့် ဝါးဘိုးရေကျေးရွာ ရွာချင်းဆက်လမ်းတွင် လမ်းလျှောက်လာသူ စိုင်းဆာအေး (ခ) ဒေါ်န ၅၁ နှစ်၊ ဝါးဘိုးရေကျေးရွာ ပြင်ဦးလွင်မြို့နယ်နေသူကို စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၀၀ (တစ်ပြားလျှင်ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၃၄ သိန်း) ဖမ်းဆီးရမိသဖြင့် စိုင်းဆာအေး(ခ)ဒေါ်နအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၄၈၈ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးစီး၊ မြဝတီမြို့နှင့်အနီးတစ်ဝိုက်ရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် အဆောက်အအုံများကို ချိပ်ပိတ်သိမ်းဆည်း




နေပြည်တော် ဒီဇင်ဘာ ၂၂

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချ လုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park)နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃)နယ်မြေအတွင်းရှိ တရားမဝင် လေးထပ်အဆောက်အအုံ သုံးလုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၄၈၈ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ KK Park နယ်မြေအတွင်းရှိ အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင်အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့ထိ နှစ်ထပ်အဆောက်အအုံ ၃၆ လုံးကို ရာခိုင်နှုန်းပြည့် ဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင်ပြည်ပနိုင်ငံသားများဝင်ရောက်နေထိုင်ခြင်းနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ခြင်းမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာ ၈ ရက်မှစတင်၍ ရှာဖွေရှင်းလင်းခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း အဆောက်အအုံ ၁၉ လုံးကို ထပ်မံရှာဖွေစစ်ဆေးနိုင်ခဲ့ကြောင်း၊ ထိုသို့ရှာဖွေစစ်ဆေးပြီးစီးသည့်အဆောက်အအုံ ၄၆၄ လုံးအနက် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် အဆောက်အအုံ ၁၂ လုံးကို စစ်ဆေးဖော်ထုတ်နိုင်ခဲ့ပြီး အဆိုပါအဆောက်အအုံများအား ပြန်လည်အသုံးပြုမှုမရှိစေရေးအတွက် ချိပ်ပိတ်သိမ်းဆည်းခြင်းများ ဆောင်ရွက်လျက်လျက်ရှိရာ ယနေ့တွင် အဆိုပါ တရားမဝင်အဆောက်အအုံအားလုံးကို ချိပ်ပိတ်သိမ်းဆည်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

၎င်းအပြင် KK park နှင့် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် ပစ္စည်းများကို ထပ်မံအသုံးပြုမှုမရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် လေးထပ်တိုက် လူနေအဆောက်အအုံ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။



KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများ မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။



မြဝတီမြို့အတွင်း အွန်လိုင်းလိမ်လည်မှုလုပ်ငန်းတွင် အသုံးပြုခဲ့သော အဆောက်အအုံများ သိမ်းဆည်းချိပ်ပိတ်ထားမှုကို တွေ့ရစဉ်။

## ထူးခြားသည့် ညအပူချိန်များ ( ၂၂ - ၁၂ - ၂၀၂၅ )

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ဟားခါး | ၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | မိုင်းယန်း | ၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် | ပင်လောင်း | ၇ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၆ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် | မင်းကင်း | ၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | မချမ်းဘော့ | ၉ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | တောင်ကြီး | ၉ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |

## ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၂ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၅၉၉၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

ဝတ္ထုတိုကဏ္ဍ

# အရိုးကတော့ များလှသည်

မောင်ခြိမ့်



**ယမန်နေ့မှအဆက်**

ဖိုးမှီတို့အဖေနှင့် သူငယ်ချင်းဖြစ်၏။ ပိုက်လှေကလေး ၁၅ စီးရှိ လူပေါင်း ၃၀ စလုံးက အားလုံး သဘောတူ ခေါင်းဆောင်တင်ထားခြင်းဖြစ်၏။ စကားပြောကလည်း ကောင်း၊ မှတ်သားစရာပုံတိုပတ်စများလည်း အပြောကောင်းလှသည်။ လူငယ်များကို ဆုံးမသည့်အခါတွင်လည်း နင်ပဲငဆမပြောဘဲ သိမ်သိမ်မွေ့မွေ့နှင့် နားဝင်အောင်ပြောတတ်သည်။ သို့ဖြစ်၍ အားလုံးက ချစ်ခင်ကြည်ညိုကြသည်။

ကျုံမငေးအောက်ဘက် မြစ်ကြီးကွေ့ကိုရောက်တော့ မှောင်နေပြီ။ လေစုန်ရေစုန်တွင် လှော်လာရသည်မို့ လူသိပ်မပင်ပန်းလှသော်လည်း ဆာနေကြပြီ။ သို့နှင့်ပင် မြစ်ကွေ့ရေသာချောင်ကောင်းကောင်းမှာ လှေများကပ်ကြ၊ ကြိုးချည်ကြ၊ မီးခွက်မီးအုပ်များ ထွန်းကြ၊ လှေချင်းပူးကပ်ပြီး ပါလာသည့် ထမင်းအိုး၊ ဟင်းအိုးများထုတ်ကြ၊ မီးအမြန်ဖိုကာ ရေနွေးကျိုသူက ကျိုကြနှင့် အလုပ်ရှုပ်နေကြသည်။

ပိုက်သူကြီးကတော်များ ချက်ပြုတ်စီစဉ်ပေးလိုက်သည့်အတွက် သည်ကနေ့ညစာကတော့ ဟင်းကောင်းကြပေလိမ့်မည်။ နောက်နေ့များတွင်တော့ ပုစွန်စုတ်ဖွားကြော်နှင့်ဖြစ်ဖြစ်၊ ငါးဖောင်ရိုးတံငါချက်ကလေးနှင့်ဖြစ်ဖြစ်၊ ကမ်းစပ်ချုံပုတ်များတွင် အလေ့ကျပေါက်နေသည့် စိန်သဘော်တို့၊ ငှက်ကြီးတောင်တို့၊ ဂုံမင်းတို့၊ ဇရစ်ရိုးတို့၊ အလိုလေးညွန့်တို့ စသည့် လက်တစ်ကမ်းဟင်းချိုများ၊ တို့စရာများနှင့် စခန်းသွားကြရလိမ့်မည်။

(၇)

"ထည့်စားစမ်းပါကွ ဖိုးမှီရ၊ အများကြီးချက်လာတာ အားမနာနဲ့နော်။ ကိုသိန်းရွှေကြီးချိတ်လာတဲ့ နွေဖားဆူဆူကြီးတွေဝယ်ပြီး မိန်းမက စပါးလင်များများ၊ ငရုတ်သီးစပ်စပ်နဲ့ ချက်လာတာစားကွာ၊ နောက်နေ့တွေတော့ ဖြစ်သလိုပေါ့ကွာ"

"ဟော့ကောင် ဖိုးမှီ နှိုက်စမ်းပါကွ။ ဘကြီး ငွေမောင်းပျဉ်းမပင် ဝဲကွေ့ကရလာတဲ့ ငါးထွေဆူဆူကြီးတွေကို မန်ကျည်းမှည့်နဲ့ ချဉ်စပ်ကလေး မိန်းမချက်ပေးလိုက်တာဟော့"

"ငါကတော့ အထွေအထူးမဟုတ်ဘူးပေါ့ကွာ။ အိမ်က အဘွားကြီးကိုယ်တိုင်သိပ်ထားတဲ့ ငါးခူငါးပိကောင်ကို ခရမ်းသီးခြောက်ကလေးနဲ့ ကြော်ပေးလိုက်တာ ထည့်စားကြဟော့"ဟု အဘ ဦးသာခင်နှင့်တကွ တစ်ရွာတည်းသားများက ပါသမျှဟင်းများ ချပေးကြသည်။ အတင်းထည့်ပေးကြသည်။

ကိုရွှေဖောင်ကလည်း အားကျမခံ "စားကြဟေ့ စားကြကွ။ ငါ ကိုယ်တိုင် ကွမ်းသီးချောင်းဖျားတမံထဲက နှိုက်လာတဲ့ ငါးရှဉ့်ပါးနီကြီးတွေကို အချဉ်ကလေးနဲ့ချက်လာတဲ့ဟင်းကွ။ မိန်းမက ချက်ပေးလိုက်တာ အားပေးကြပါအုံး" ဟုဆိုကာ အတင်းခပ်ထည့်ပေးပြန်၏။

သူများတကာ ထည့်ပေးသည့် ဟင်းများသည် ဖိုးမှီ၏ပန်းကန်ထဲတွင် အပြည့်အမောက်ဖြစ်နေပြီ။ သူတို့ကို ပြန်ထည့်ပေးစရာ ဘာတစ်ခုမျှ ပါမလာသည့်အတွက် ရှက်လည်းရှက်သည်၊ အိမ်ကမိန်းမကိုလည်း စိတ်ထဲက နာလေသည်။

"စားပါကွာ ဘာမှ စိတ်မကောင်းဖြစ်မနေနဲ့၊ လင်နဲ့မယားဆိုတာ သည်လိုပါပဲကွ။ ကိုက်မိတဲ့အခါ ကိုက်မိ၊ တိုက်မိတဲ့အခါ တိုက်မိ၊ ငြိကြတာလဲ ရှိတာပေါ့ကွာ စား ... စား"

အဘဦးသာခင်က အတင်းတိုက်တွန်းတော့မှ ဖိုးမှီ မနေသာတော့ဘဲ မြစ်ရေထဲတွင် လက်ဆေးလိုက်သည်။ ထမင်းတစ်လုတ်ကို ဟိုဆုပ်သည်နှယ်လုပ်ရင်း ခံစားချက်များ ပွင့်ထွက်လာတော့၏။

"ကျွန်တော်စိတ်မကောင်းလို့ပါ ဘကြီးရယ်၊ ကျွန်တော့်အဖေနဲ့ ဘကြီးဟာ သူငယ်ချင်းတွေဆိုတော့ ကျွန်တော်က ဘကြီးလက်ပေါ်မှာ ကြီးလာခဲ့တာ ဆိုရင်လဲ မမှားပါဘူး။ ကျွန်တော့်အကျင့်စာရိတ္တတွေကိုလဲ ဘကြီးအားလုံးသိတာပါပဲ။ ကျွန်တော် ဘာတစ်ခုမှ အမှားမလုပ်ရဘဲနဲ့ အစွပ်စွဲခံရပြီး သားအမိနှစ်ယောက်စလုံးက စော်ကားနေကြတာ သည်းမခံနိုင်တော့ဘူးဗျာ"

ဘကြီးသာခင်ကတော့ ဘာမျှပြန်မပြော၊ ဖိုးမှီ စိတ်ထဲ ရှိသည်များ၊ ခံစားချက်များ ပြောစမ်းပါစေ ဆိုသည့်သဘောနှင့် ငြိမ်၍နားထောင်နေသည်။

"ဘကြီးစဉ်းစားကြည့်လေ သူ့အမေ သွေးထိုးပေးတာတွေ အဟုတ်ထင်ပြီး ကျုပ်ကို ရန်လုပ်တာ။ အခု ခရီးဝေးထွက်တော့မယ်ဆိုတာ သိလျက်သားနဲ့ အိမ်ကိုလဲ ပြန်မလာဘူး။ ဘာတစ်ခုမှလဲ လုပ်မပေးဘူး။ ဟင်း ... သည်တစ်ခေါက်ပြန်ရင်တော့ သင်းနဲ့ကျုပ် အပြတ်စာရင်းရှင်းရမှာပဲ"

"ဟော့ကောင် ဖိုးမှီ မင်းက မိန်းမကို အလျှော့ပေးလွန်းတာကိုးကွ။ ငါတို့လိုကောင်ကို ဒီလိုအချိုးမျိုးလာချိုးလို့ကတော့ ဒီလိုဒီလိုပေးလိုက်မယ်ဟော့"ဟု ကိုတင်အုံးက ထမင်းလုံးများ ပေနေသည့်လက်နှင့် ဘယ်ပြန်ညာပြန် ရိုက်ဟန်လုပ်ပြသည်။

"ဟ ... သူ့မိန်းမ အေးကြည်မက တော်တော်ရယ် သူ့အမေကြီးက ဝင်ပြီးကဲနေတာကွ။ ဒီလိုယောက္ခမ မျိုး ငါနဲ့တွေ့ချင်လိုက်တာကွာ" ဟု ကိုညိုက ဝင်ပြောသည်။

"ဒီကောင့်ကိုတော့ ပြောမနေပါနဲ့ကွာ။ ယောကျ်ားရင့်မာကြီးဖြစ်လျက်သားနဲ့ မိန်းမကြောက်တဲ့အကောင် ခံရတာနည်းသေးသဟေ့"

တစ်ယောက်တစ်ပေါက် ဝင်ပြောကြသောစကားများကို ဦးသာခင် ကတော့ တစ်တောင်လောက်ရှိသည့် ယုဝတီဆေးပေါ့လိပ်ကြီးဖွာရင်း နားထောင်လျက်ရှိ၏။ ဖွာလက်စဆေးလိပ်ပြာကို ပြာမကြွေစေရန် သံပန်းကန်ပြားဟောင်း ဆေးလိပ်ခွက်ထဲ အသာချပြီး "ဒါကတော့ ဒီလိုရှိတယ်ကွ" ဟု စကားစလိုက်လျှင် ဘေးနားတွင် ဝိုင်း၍ကိုယ်ထင်ရာကိုယ်ပြောနေကြသော စကားသံများ တိတ်သွားတော့၏။ ဘကြီးသာခင် စကားပြောလျှင် မှတ်သားစရာတစ်ခုခုတော့ ပါမြဲဖြစ်၍ အားလုံးက စိတ်ဝင်စားကာ နားစွင့်နေကြသည်။ ကမ်းစပ်ချုံပုတ်များကြားမှ ရေကြက်ကတော်သံနှင့် ဘုတ်အီးသံတို့သာ ကြိုးကြားထွက်ပေါ်ကြသည်။

"ဣတ္ထိဝင်္က၊ နဒီဝင်္ကလို့ ဆိုကြတယ်ကွ။ အဓိပ္ပာယ်က မြစ်တို့သည် ကွေ့ကောက်၏။ ထို့အတူ မိန်းမတို့သည်လည်း မြစ်တို့ကဲ့သို့ပင် ကွေ့ကောက်တတ်ကြ၏လို့ ဆိုလိုတာပေါ့ကွာ။ အဲ... နောက်ပြီးတော့လဲ မိန်းမဟူဘိ ထိုဣတ္ထိသည်၊ မရှိမကောင်း ရှိမကောင်းနှင့် မပေါင်းလည်းခက် ပေါင်းလည်းခက်၏လို့လဲ ရှေးပညာရှိတွေ ဆိုထားကြသေးသကွဲ့"

"အဲဒါမမှန်ဘူးလားအဘရဲ့ မိန်းမဖျက်ရင် ပြည်ပျက်ဆိုတဲ့စကားတောင် ရှိသေးတာပဲ" ဟု ကိုရွှေဖောင်ကဝင်၍ လူတတ်ကြီးလုပ်ပြန်သည်။ ဘကြီးသာခင်ကတော့ ကိုရွှေဖောင်ကို တစ်ချက်လှမ်းကြည့်ပြီး စကားဆက်သည်။

"အဲဒီ အဆိုအမိန့်တွေကို ငါကတော့ ပွင့်ပွင့်လင်းလင်းပြောရရင် သိပ်ပြီးသဘောမတွေ့ဘူးကွ။ ငါတို့ယောကျ်ားတွေကရော အကုန်ဖြောင့်၊ အကုန်ကောင်းလို့လား၊ ယောကျ်ားတွေအားလုံးဟာ မိန်းမတွေထက် ကောင်းပါတယ်၊ ဖြူစင်ပါတယ်လို့ ဘယ်သူက အာမခံနိုင်လို့လဲ။ လူကိုလိုက်ပြီး ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် ကောင်းတာဆိုးတာ ရှိကြတာပေါ့ကွာ" စကားကိုရပ်ပြီး ဘေးနားမှာဝိုင်းနေကြသူများကိုကြည့်ပြီး ပြုံးလိုက်သေး၏။ ပြီးမှ "မိန်းမတစ်ယောက်ယူမိတဲ့သူဟာ ငါးသလောက်တစ်ကောင်ဝယ်စားရတာနဲ့ သိပ်တူတယ်ကွ သိလား"

ဘကြီးသာခင်၏ စကားတစ်ဝက်တစ်ပျက်မှာပင် လှေချင်းကပ်၍ ဝိုင်းဖွဲ့နားထောင်နေသည့် ကာလသား လူပျိုပေါက် လေးငါးယောက်က ဝါးခနဲ သဘောကျစွာ ရယ်ကြသည်။

"ဟား ဟား ဟား မိန်းမယူတာနဲ့ ငါးသလောက်ဝယ်စားတာနဲ့ ဘယ်လိုတူတာလဲ အဘရဲ့ ပြောစမ်းပါအုံး"

"ဟုတ်တယ်အဘ ရှင်းပြပါဗျို့" လူငယ်တွေက တစ်ယောက်တစ်ပေါက် ဝိုင်းအော်နေကြတာမို့ တောခြင်ရိုင်းကြီးများ တဝီဝီပျံဝဲလာကာ ဝိုင်းအုံကိုက်ခဲနေကြသည့်ဒဏ်မှ သက်သာစေရန် မီးဖိုကလေးထဲသို့ ကိုယ်ရံကြီးပင်အလက်များထိုးထည့်ကာ အူထွက်လာသည့် မီးခိုးများကို ဘေးသို့ ယပ်ခတ်ထုတ်နေသော ကိုတင်အုံးက "မင်းတို့ကလည်း အသာနေစမ်းပါကွာ အဘ စကားပြတ်သွားပါအုံးမယ်" ဟု လှမ်းပြောသည်။

ပြာနောက်နောက် ကောင်းကင်ကြီးပေါ်တွင် တဖျတ်ဖျတ်လင်းလက်နေသည့် ကြယ်ကလေးများနှင့် ထိန်ထိန်သာနေသည့် လမင်းကြီးက သူတို့ ပိုက်သမားတစ်စုကို ငုံ့ကြည့်နေကြသည်။

"ငါးမှာ ငါးသလောက်၊ မယားမှာ ဆံတောက်ဆိုတဲ့စကားရှိတာ မင်းတို့လဲ အသိသားပဲဟာ။ ငါးတကာ့ ငါးတွေထဲမှာ ငါးသလောက်က စားလို့အကောင်းဆုံး၊ မယားတကာ့ မယားထဲမှာလဲ ဆံတောက်ဖားဖား ထားစပြုတဲ့ အသက်တစ်ဆယ့်ခြောက်နှစ်အရွယ်က အဲ ...အဲ ဘယ်လိုပြောရမလဲ... အင်း အကောင်းဆုံးလို့ဆိုချင်တဲ့သဘောပေါ့ကွာ"

ကာလသားကလေးများက အဘဦးသာခင်၏ စကားကိုနားထောင်ပြီး တခွီခွီ သဘောကျနေသလို အိမ်ထောင်သည်များကလည်း ဦးသာခင် စကားလုံးရွေးချယ်ရ ခက်နေပုံကိုကြည့်ပြီး ပြုံးစိစိလုပ်နေကြသည်။

အဘဦးသာခင်ကို လူငယ်များ သဘောကျနေကြခြင်း၊ ချစ်နေကြခြင်းက အဲဒါပဲဖြစ်၏။ တခြားအဘိုးကြီးများကဲ့သို့ မှင်နှင့်မောင်းနှင့် ဟိန်းဟောက်၊ ဟန်လုပ်မနေဘဲ လူငယ်များနှင့်အလိုက်သင့် ရောရောနှောနှော ပြောကာဆိုကာနှင့်နေပြီး နားဝင်အောင် ဆုံးမတတ်၍ဖြစ်သည်။ ယခုပင်ကြည့် စိတ်ညစ်မှုန်တေနေသည့် ဖိုးမှီပင် ရယ်စမောစပြုလာနေပြီ။

"မင်းတို့စဉ်းစားကြည့်စမ်း၊ ငါးသလောက်ဆိုတဲ့ငါးဟာ ဘယ်လောက် အရိုးများတယ်ဆိုတာ ခေါင်းတို့၊ ဇက်သားတို့၊ အမြီးပိုင်းတို့ဆို ဘယ်မှာလာစားစရာ အသားရှိလို့တုံး။ အဲ... ကောင်းတာလေးတစ်ကွက်တော့ရှိသဗျာ။ ငါးရဲ့အလယ်ပိုင်းလေး အထူးသဖြင့် ငါးရဲ့ဗိုက်သားလေးပေါ့ကွာ။ အဲဒီနေရာက ဆူလဲဆူသကွ၊ အရိုးလဲ မရှိသလောက်ပဲကွ။ ပြီးတော့ ဝင်းလို့ အိလို့၊ တကယ့်ကို အဆီတစ်ထပ်၊ အသားတစ်ထပ်ပေါ့ကွာ။ စားလို့များပြီးရင် မျက်တောင်ကလေးစင်းလာအောင် အီလဲအီ ဆိမ့်လဲ ဆိမ့်ဗျား။ အေး... ဒါပေမဲ့ ငါးသလောက်တစ်ကောင်ဝယ်စားမယ်ဆိုရင်တော့ မင်းတို့ကို ဗိုက်သားချည်းပဲ လှီးပေးမှာမဟုတ်ဘူးလေ၊ အရိုးများတဲ့ ခေါင်းတို့၊ ဇက်ပိုင်းတို့၊ အမြီးတို့လဲ မဖြစ်မနေပါလာတာပဲ မဟုတ်လား။ ငါပြောချင်တာက ဗိုက်သားကလေးခဲရတုန်းကတော့ ဖိမ်ကိုတွေ့လို့၊ မျက်စိကလေးတွေမှေးလို့၊ အဆီယစ်လို့၊ ကိုယ့်အိမ်ဩ့သည်လာတာတောင် မကြိုက်ဘူး မဟုတ်လား။ အရိုးများတဲ့ခေါင်းတွေ၊ အမြီးတွေကိုက်ရလို့ အရိုးစူးတော့မှ ထအော်နေလို့ ဖြစ်မလားကွ သည်းခံပြီး စားကြပေါ့ကွာ"

(၈)

နားထောင်နေကြသူများအားလုံး ငြိမ်ပြီးတွေးနေကြသည်။ သဘောတော့ သိပ်မပေါက်ကြသေးပေ။ အားလုံးဟာ ငါး၊ ပုစွန်ဖမ်းနေကြရသည့် တံငါများမို့ ငါးသလောက်အကြောင်း ကောင်းကောင်းသိကြပါ၏။ သို့သော် ငါးသလောက်နှင့် ဆံတောက်မဟာ ဘယ်လိုတူတာလဲဆိုတာကိုတော့ သူတို့ဆက်စပ်တွေး၍ မရသေး။

စာမျက်နှာ ၂၅ သို့ á

# ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၈၀၁၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မော်လိုက် ဒီဇင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၈၀၁၉ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၅၁၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၈၀၁၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဖောင်းပြင်မြို့နယ်မှာ မြေပဲ ဧက ၁၁၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၈၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ယခုနှစ် ဖောင်းပြင်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက် မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဖာပွန်မြို့နယ် ကမမောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဖာပွန် ဒီဇင်ဘာ ၂၂**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကမမောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၂၁ ရက်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကမမောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်းက စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကမမောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၃၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ဒသမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ အခြားလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၁ ဦးကို ရန်ပုံငွေကျပ် ၄၄၅ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ကိုသက်**

á စာမျက်နှာ ၂၄ မှအဆက်

ဖိုးမှိုကလည်း အဘဦးသာခင်ပြောနေသည်များက သူ့ကိုဦးတည်ပြောခြင်းဖြစ်သည်ကိုတော့ သိ၏။ သို့သော် မရှင်းသေး။ ကိုညိုကတော့ "ရှင်းရှင်းပြောစမ်းပါအဘရယ် ကျုပ်တို့ နားမလည်သေးဘူးဗျ" ဟုဝင်ပြောသည်။ ဦးသာခင်ကတော့ မည်းတူးနေသည့် ရေနွေးကြမ်းအိုးကြီးထဲမှ ခါးနေသည့်အကျရည်များကို တငွတ်ငွတ်မော့သောက်နေသေးသည်။ ပြီးတော့ သူ့ဘေးမှာဝိုင်းပြီး ငါးသလောက်နှင့် ဆံတောက်မ ဘယ်လိုတူတာလဲဆိုတာသိချင်နေသည့် ပိုက်သမားများကို တစ်ယောက်ချင်း လိုက်၍ကြည့်နေသေးသည်။

နီကြင်ကြင် ဒီဇယ်မီးခွက်အလင်းရောင်အောက်တွင် ပိုက်သမားများ၏ မျက်လုံးများက သိချင်စိတ်ဖြင့် ဖိတ်ဖိတ်လက်နေကြသည်။ မြစ်ပြင်ပေါ်တွင် ရုပ်တိုက်ပျံသန်းရင်း အော်ဟစ်သွားသော မြစ်တွေးငှက်တစ်ကောင်၏ အသံကလည်း လေဟုန်စီးကာ လွင့်ပျံလာနေသည်။

"တော်တော်ဒုံးဝေးကြသကိုးကွ။ စောစောက ငါပြောခဲ့တဲ့ စကားထဲမှာ ငါးသလောက်ဝယ်စားရင် ဗိုက်သားကလေးချည်းပဲမရဘူး။ ကိုယ်မကြိုက်တဲ့ ခေါင်းပိုင်းတွေ၊ အမြီးပိုင်းတွေ၊ ဇက်ပိုင်းတွေကိုလဲ သည်းခံပြီးစားရတယ်ဆိုတာ ပါပြီးပြီနော်။ အဲဒီလိုပဲကွ မိန်းမတစ်ယောက်ယူမယ်ဆိုရင်လဲ ခေါင်းပိုင်းတွေ၊ အမြီးပိုင်းတွေ၊ ဇက်ပိုင်းတွေနဲ့တူတဲ့ ယောက္ခမတွေ၊ ယောက်ဖတွေ၊ ခယ်မတွေလဲ ပါဝင်ပတ်သက်လာတော့တာပဲကွ။ ဘယ်လာပစ်ပယ်လို့ရမတုံး။ သူ့မလဲ ဆွေနဲ့မျိုးနဲ့မဟုတ်လား။ အဲဒီတော့ လူမှုဝတ္တရားအရ သင့်တင့်မျှတအောင် ဆက်ဆံကြရမှာပေ့ါ။ လူဖြစ်နေတာကိုးကွ။ လူ့အသိုင်းအဝိုင်းကို ပစ်ပယ်လို့ ရမတဲ့လား။

အခုလဲကြည့် ဖိုးမှိုတစ်ယောက် အေးကြည်မနဲ့ အဆင်ကိုပြေလို့။ ကလေးနှစ်ယောက်နဲ့ နောက်ထပ်ဗိုက်ထဲမှာလဲ တစ်ယောက်က မွေးတော့မယ်။ ဟော ... ယောက္ခမကြီးက ဝင်ပြီးသွေးထိုးလိုက်၊ ကုန်းတိုက်လိုက်၊ မြှောက်မပေးသင့်တာ မြှောက်ပေးလိုက်နဲ့ လင်မယားကြားမှာ ဝင်မပါသင့်တာပါနေတော့ လင်မယား တကျက်ကျက်ဖြစ်ပြီး ကွဲမယ် ကွာမယ်အဆင့်ထိ ရောက်ကရောမဟုတ်လား။ ဒါကြောင့် သည်းခံပြီး ပေါင်းဖို့ပြောနေတာကွ ရှင်းရဲ့မဟုတ်လား။

ကောင်းကင်တစ်ခွင်တစ်ပြင်လုံးတွင် မိုးသားတိမ်လိပ်များ ကင်းစင်ပြီး လမင်းကြီးကလည်း ဝင်းပလို့၊ ကြယ်ကလေးများကလည်း ရွှန်းမြလို့၊ မြစ်ပြင်တွင်တော့ တသုန်သုန်တဖြူးဖြူး တိုက်ခတ်နေသည့်လေကလေးကြောင့် လှိုင်းကလေးများသည် လရောင်စိုလူးပြီး တဖျတ်ဖျတ် တလက်လက်နှင့် လွမ်းမောစရာကောင်းနေတော့သည်။

ရေတောင်တော်တော်ကျသွားပြီ။ သောင်စပ်တစ်လျှောက်တွင် စောစောတုန်းက မြုပ်နေသည့်ငါးတန်ပိန်းများ၊ ခရာပင်ငယ်ကလေးများ၊ လမုပင်၊ လမုငုတ်ကလေးများပင် ထိုးထိုးထောင်ထောင် ပေါ်နေကြပြီ။

ရေတက်လျှင် ရေတက်အလျောက်၊ ရေကျလျှင် ရေကျအလျောက် အော်မြည်တတ်သည့် ဘုတ်အီးသံများကလည်း ဝေစီနေသည်။ တစစ်စစ် တစီစီအော်မြည်နေသည့် ပိုးပုရစ်အသံများကလည်း တိုးတစ်ခါ ကျယ်တစ်လှည့်နှင့် မြစ်ဝကျွန်းပေါ် ဒီရေတော၏စရိုက်ကို ဖော်ကျူးလျက်ရှိသည်။

ပိုက်လှေကလေးများပေါ်တွင်တော့ ပိုက်သမားများအားလုံး တခူးခူး တခေါခေါ ဟောက်သံများပေးကာ အိပ်ပျော်နေကြပြီ။ ဖိုးမှိုတစ်ယောက်ကတော့ လှေကလေး၏ပဲ့ပိုင်းတွင် ဂုန်နီအိတ်ပိုင်းကလေးကိုခင်း လှေပဲ့တုံးပေါ်ခေါင်းတင်ရင်း အတွေးထဲတွင် နစ်မျောနေသည်။

အင်း ... ယခုတစ်ခေါက် ခရီးဝေးကအပြန်တွင် အိမ်မှာကျန်ခဲ့သည့် ငါးသလောက်ဗိုက်သားကလေးနှင့် ဘယ်လိုစာရင်းရှင်းရပ့ါ။ မဆုံးဖြတ်နိုင်သေးပေ။

## လပြာသို

- မြောက်ပြန်လေသွေး ချမ်းအေးရာသီ
နှင်းမြူပုလဲ ဆင့်ကဲရွာသွန်းပြီ
ရှစ်တိုင်းဌာနီ ဇာခြည်ယှက်သန်း
ဖော်ဝေးမောင်မယ် ချစ်ကြိုးသွယ်
ရည်ရွယ်တမ်းတ လွမ်းသည့်နှင့်လေး။

- ယောက်ျားရေထမ်း ထူးဆန်းရုပ်သွင်
သင်္ကေတစွဲ ရေထဲပုစ္စန်ပင်
နက္ခတ်စန်းယှဉ် မည်တွင်ဖုသျှ
မကရရာသီ ချိန်ခါညီ
လီလီပြောင်းရ လှသည့်နှင့်လေး။

- ခါသမယ သည်လပြာသို
ဟေမဝန်နန်း ကြိုင်လျှမ်းပန်းခွာညို
ကျေးငှက်သံချို ရင်ဖိုစိမ့်အေး
အလှပန်းချီ စာဖွဲ့စီ
ဂုဏ်ရည်ထူးမြတ် မွေးသည့်နှင့်လေး။

- ရဲမာန်ရဲသွေး စိတ်မွေးထင်ပေါ်
မျိုးဂုဏ်ဇာတိ လာရှိစဉ်လာကျော်
မြင်းခင်းပွဲတော် နွဲပျော်ရွှင်မြူး
စည်းလုံးညီညာ ပြည်မြန်မာ
သာယာပြယုဂ် ထူးသည့်နှင့်လေး။

- နယ်ချဲ့ယစ်မူး ဆောက်စူးပမာ
ပြည်နယ်ပြည်မ ခွဲကြံကြံဆောင်ရာ
သွေးချင်းတို့မှာ ညီစွာလက်တွဲ
ခြိမ့်ခြိမ့်သဲညံ အောင်ပွဲခံ
ရည်သန်လွတ်လပ် နွှဲသည့်နှင့်လေး။
- စဉ်မြဲလှပတောရိပ်မြို့ လျှမ်းထုံဖြာဝေစည်ပေသည်။
- ယှဉ်တွဲမျှတမြန်မာ့ဂုဏ် လွှမ်းခြုံကမ္ဘာတည်စေမည်။

**စန်းထက်(ဖန်ခါးမြေ)**

### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။


### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



# လူကြိုက်များသောစာအုပ်များ

**သတင်းစာဆရာတစ်ဦး**




စာဖတ်သူစဉ်းစား၍ရသမျှ မှတ်မိနေသည့်အထဲက လူကြိုက်များခဲ့ဖူးသော စာအုပ်တချို့ကို ပြောပြစေလိုပါသည်။

သော်တာဆွေ၏ ကျွန်တော့်ဘဝဇာတ်ကြောင်းလည်း ဖြစ်ကောင်းဖြစ်မည်။ မင်းလူ၏ ပန်းကျောင်းလည်းဖြစ်ကောင်းဖြစ်မည်။ မြသန်းတင့်၏ ခါးတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်လည်းဖြစ်ချင်ဖြစ်မည်။ တက္ကသိုလ်ဘုန်းနိုင်၏ သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်ခိုင်ဝတ္ထုလည်း ဖြစ်ချင်ဖြစ်မည်။ မှန်ပါသည်။ တူရာကွဲရာရှိနိုင်ကြပါသည်။

သာဂဒိုး၏ **ပိစပ်ပင်အကြောင်းပါဝင်သော စူလာနဖာနှင့်ဆေးနည်းဆေးပင်များ-၃**စာအုပ်၊ မကွေးဝင်းမြင့်၏ **အုန်းမှုတ်ခွက်နင်း၊ ရောဂါကင်း**စာအုပ်တို့က စောင်ရေသောင်းချီပုံနှိပ်ခဲ့ရပြီး စာအုပ်ဆိုင်တိုင်းတွင် မပြတ်တမ်းရောင်းနေရသည်ကိုလည်း မှတ်မိပါလိမ့်မည်။ ဗေဒင်ဆရာတစ်ဦး၏ ခုနစ်ရက် **"ခုနစ်နေ့သားသမီးများအဟောစာအုပ်"** နှစ်အလိုက်ထွက်သမျှ လက်မလည်အောင်ရောင်းကောင်းခဲ့ဖူးသည်ကိုလည်း သတိရချင်ရပေလိမ့်မည်။

တစ်ဦးနှင့်တစ်ဦး အကြိုက်ချင်းမတူနိုင်ပါ။

တစ်နေရာနှင့်တစ်နေရာ အကြိုက်ချင်းလည်း မညီနိုင်ကြပေ။ အချိန်ကာလကြာမြင့်သည်နှင့်အမျှ ခေတ်စားခြင်း၊ လူကြိုက်များခြင်းတို့သည်လည်း ရွေ့လျားပြောင်းလဲကြောင်း တွေ့ရပါလိမ့်မည်။ ဆရာတင့်တယ်၊ ဆရာမောင်သာရ၊ ဆရာမြသန်းတင့်၊ ဆရာတက္ကသိုလ်ဘုန်းနိုင်၊ ဆရာမ ခင်ဆွေဦး၊ ဆရာမ မိုးမိုး(အင်းလျား)၊ ဆရာမဂျူး၊ ဆရာမ ခင်ခင်ထူး၊ ဆရာကြီး လယ်တွင်းသားစောချစ် စသည်ဖြင့် အရောင်းရဆုံးစာအုပ်များသည် သူ့ခေတ်သူ့အခါက ထိပ်ဆုံးမှာရှိခဲ့ဖူးကြလေသည်။

နှစ်ပေါင်း ၇၀ လောက် ကြာသည့်တိုင်အောင် တစိမ့်စိမ့်ရောင်းကောင်းနေကြသော စာအုပ်မျိုးလည်းရှိ၍နေသည်။ ဘယ်ခေတ်မှာမှမရိုးသော သုတစာအုပ်၊ ရသစာအုပ်များလည်း စာရင်းထည့်၍မဆံ့အောင်ပင် များပြားခဲ့လေသည်။ မိမိစိတ်ထဲပေါ်ရာ ပြောရလျှင် နန္ဒသိန်းဇံ၏ **ခရောင်းလမ်းကို ဖြတ်ကျော်ခြင်း၊** သိန်းသန်းထွန်း၏ **ဘယ်ပန်းချီရေးလို့မှ မမှီ၊** ဒေါက်တာ မတင်ဝင်း၏ **ဇာတိနဲ့အစဉ်အလာ၊** ဒေါက်တာကျော်စိန်၏**လူငယ်လမ်းညွှန်၊** မောင်ခင်မင်(ဓနုဖြူ)၏ **စကားပြေသဘောတရား၊ စကားပြေအတတ်ပညာ၊** ရွှေဥဒေါင်း၏ **စုံထောက်မောင်စံရှား၊** ဒေါ်အမာ၊ မင်းလူတို့၏စာအုပ်များ စသည်စသည် စာအုပ်သမုဒ္ဒရာကြီးကား ပြော၍မကုန်နိုင်အောင်ပင် ကျယ်ဝန်းနက်ရှိုင်းလှပါသည်။

လူကြိုက်များသောစာအုပ်တစ်အုပ်သည် အချို့လူတို့က သတိပြုမိချင်မှပြုမိမည်ဖြစ်သော်လည်း ကောင်းမွန်ခြင်းမှန်လျှင် တစ်ချိန်ချိန်တွင် ပြန်ပေါ်လာမြဲဖြစ်ပါပေသည်။ ဥပမာဆောင်ရလျှင် ဂျိမ်းစ်လှကျော်၏ **မောင်ရင်မောင် မမယ်မ(၁၉၀၄)၊** ဦးနု၏ **မိတ္တဗလဋီကာ၊** ဆရာကြီးရွှေဥဒေါင်း၏ **အကြံဉာဏ်ဖြင့် ကြီးပွားရေး၊** ဖျာပုံတိုက်သစ်ဆရာတော် အရှင်ဩဘာသာဘိဝံသ(၁၉၀၆-၁၉၉၉)၏ **သုတေသန သရုပ်ပြအဘိဓာန်** စသောစာအုပ်များလည်း လူကြိုက်များနေဆဲပေ။

စာအုပ်ရေ သောင်းနှင့်သိန်းနှင့်ချီ၍ ရောင်းခဲ့ရပြီး ယခုပြန်ရိုက်လျှင်လည်း ရောင်းကောင်းဦးမည့်စာအုပ်မျိုးတွေလည်း ရှိနေပေသေး၏။ နမူနာတစ်အုပ်ဖော်ထုတ်ရလျှင် အမရပူရမဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ(၁၉၀၀-၁၉၇၇) ပြုစုတော်မူခဲ့သော လူကြိုက်များနေဆဲ **"ကိုယ်ကျင့်အဘိဓမ္မာ"**စာအုပ်ထက်ပင် ပိုမိုပုံနှိပ်သောစာအုပ်တစ်အုပ်ကား **ပုံပြရုပ်စုံဗုဒ္ဓဝင်** ရောင်စုံပန်းချီကားကြီးများဖြင့် ပန်းချီဆရာကြီး ဦးဘကြည်ရေးဆွဲသရုပ်ဖော်ခဲ့သော ကြွေစက္ကူ (Art Paper)စာအုပ်ဖြစ်ပေသည်။ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းက ဈေးချိုချိုနှင့် ရောင်းချထုတ်ဝေနေခဲ့သည်။ ကောင်းလည်းကောင်း၍ ရောင်းလည်းရောင်းရသော်လည်း ဈေးမကြီးသဖြင့် သိသူများက ဝယ်ကြ၊ ဝယ်၍ လှူကြသည်။

လူကြိုက်များသောစာအုပ်များဟု ဆိုရသော်လည်း စာဖတ်သူက မိမိတော့မကြိုက်ပေါင်ဟူသော စာအုပ်မျိုးတွေလည်း ပါနိုင်လေသည်။ လူတစ်ဦးနှင့်တစ်ဦး အမြင်ချင်း၊ သဘောထားချင်း၊ ခံစားမှုချင်း၊ ဖြတ်သန်းခဲ့သောအတွေ့အကြုံချင်း တူမှမတူကြပေဘဲကိုး။

နိုင်ငံတကာမှာ လူကြိုက်အများဆုံးစာအုပ်စာရင်းကိုအရေအတွက်နှင့်တကွ နှစ်စဉ်ထုတ်ပြန်သတင်းကြေညာလေ့ရှိပါ၏။ နှစ်စဉ်နှစ်တိုင်း လေး၊ ငါးနှစ်ကြာ ထိပ်ဆုံးမှာနေရာရပြီး နောက်တော့ အမှတ်စဉ်အဆင့်ကျပြီး စာရင်းတွင်မပါတော့သော စာအုပ်မျိုးတွေလည်း တွေ့ရသည်။ ဘယ်လောက်ပင်ကောင်းကောင်း၊ ဘယ်လောက်ပဲကြိုက်ကြိုက်၊ အချိန်ကာလရေစီးကြောင်းက ပြောင်းလဲနေစမြဲသဘောသဘာဝကြောင့် လူကြိုက်အများဆုံးစာအုပ်များသည်လည်း ယာယီသဘောမျှသာမဟုတ်လား။ အနိစ္စပါတကား။

တစ်ယောက်ဆင်းတစ်ယောက်တက်၊ ဆက်လက်ထွက်ခွာလာသော ကာလယန္တရားကြီးမှာနေရာထိုင်ခုံများ အတက်အကျ၊ ရှေ့နောက်၊ ပြောင်းလဲရမြဲဖြစ်သကဲ့သို့ ဘယ်အရာမှတော့ မတည်မြဲပါချေ။ နိုင်ငံတကာမှာတော့ အားနက်စ်ဟယ်မင်ဝေး၊ ဂျွန်စတိုင်းဘတ်၊ မက်တွိန်း၊ ဂျိမ်းဂျွိုက်စ် စသည့်စာရေးဆရာများ၏စာအုပ်တို့သည် အရောင်းရဆုံးထိပ်တန်းနေရာ (၁၀)အုပ်စာရင်းမှာ မပါကြတော့သော်လည်း အဆက်မပြတ်တော့ ရောင်းနေကြရဆဲပင်။ အနောက်နိုင်ငံများတွင် ဖေ့စ်ဘွတ်၊ အွန်လိုင်း၊ ယူကျူ၊ ခေတ်ပေါ်ဆက်သွယ်ရေးများ ခေတ်စားထွန်းကားနေသော်လည်း **စာဖတ်ခြင်း၊ စာဖတ်ကျင့်နှင့် စာအုပ်က ပေးသော ဗဟုသုတ၊ စာအုပ်က မျှဝေသော အနုပညာရသခံစားမှုကိုကား မပစ်ပယ်ကြပေ။**

လူ့သမိုင်းကြောင်းခေတ်အဆက်ဆက်တိုးတက်ဖွံ့ဖြိုးစည်ပင်လာခြင်းအကြောင်းရင်းမှာ လူသားတို့၏ ဆက်သွယ်နိုင်စွမ်းနှင့် ဆက်ဆံရေးပေါင်းကူးမှုကို **ဘာသာစကားမှ ရေးသားဆက်သွယ်နိုင်သော စာပေစာအုပ်အဖြစ် တီထွင်ပြောင်းလဲနိုင်ခဲ့ခြင်းသည်ကား အထူးဝိသေသမှတ်တိုင်ကြီးအဖြစ် ကြီးမားထိရောက်လှကြောင်း အနောက်တိုင်းသားတို့က ပိုမိုနားလည်သိမြင်ပုံရလေသည်။** လူမျိုးအလိုက်၊ နိုင်ငံအလိုက် ခွဲခြားဆန်းစစ်သည့်သုတေသနမရှိသောကြောင့် တိတိကျကျပြည့်ပြည့်စုံစုံမဖော်ပြနိုင်ပါသော်လည်း ၂၁ ရာစုကာလ ယနေ့အချိန်အခါတွင် စာအုပ်စာပေ၏အခန်းကဏ္ဍသည် ခေတ်နောက်ကျကျန်ရစ်နေခဲ့ပြီး သိပ္ပံနှင့် နည်းပညာတို့ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲနေသော်လည်း ရပ်ကွက်စာကြည့်တိုက်၊ ကျောင်းစာကြည့်တိုက်၊ လူထုစာကြည့်တိုက်၊ အမျိုးသားစာကြည့်တိုက် အားလုံးမှာ အရွယ်မျိုးစုံစာဖတ်သူများ၊ စာအုပ်ငှားနေသူများ စည်ကားနေမြဲ။ ထင်ရှားမြင်သာသောနေရာများမှာ စင်ကာပူ၊ ရှန်ဟိုင်း၊ ဘုံဘေ စသောမြို့ကြီးပြကြီးများတွင် စာဖတ်သူများ၊ အချိန်ပြည့်စည်ကားနေကြောင်း တွေ့နိုင်ကြပေသည်။ မြန်မာပြည်မှာကား အထက်က လမ်းညွှန်သမျှ အပေါ်ယံဟန်ပြနှင့် ကျေနပ်နေကြလေသလားမသိ။ **ထိရောက်သောအလေ့အထအဖြစ် "စာဖတ်ခြင်း"ကို လူထုနှင့်ရင်းနှီးကျွမ်းဝင်နေအောင် မဆောင်ရွက်နိုင်သေးဟု** ဆိုလျှင်ရမည်ထင်ပါသည်။ ကောင်းသော အလေ့အကျင့်စာဖတ်ခြင်းကို တိုးတက်ဖွံ့ဖြိုးနေသော နိုင်ငံသားများလုပ်နေသလိုမလုပ်ကြဘဲ အချိန်ဖြုန်းသောအလေ့အကျင့်များသာ လုံးချာလည်လိုက်ကာ လွှမ်းမိုးဖိစီးနေဆဲဖြစ်သည်ကမူ ဝမ်းနည်းစရာအလွန်ကောင်းသည့်အပြင် လူနေမှုဘဝမြင့်မားစေမည့် အခြေခံအကြောင်းရင်းတရား **"ဘဝတစ်သက်တာသင်ယူဆည်းပူးရသောအလေ့အကျင့်"**မရခဲ့ရှာသော လူငယ်များ၏အနာဂတ်အတွက်လည်း တွေးတတ်လျှင် စိတ်ပူစရာဘဲဖြစ်လေသည်။ ရင်လေးစရာ။

**စာဖတ်မှအသိအမြင်ကျယ်သည်။**

**စာဖတ်မှစိတ်ထားနူးညံ့ကြမည်။**

စာဖတ်သည့်အလေ့အကျင့်မှာ စွဲနေမှသာ လူသားတစ်ယောက်သည် အရွယ်အဆင့်အသက်အလိုက် မိမိ၏လူ့ဘဝကို ကောင်းမွန်စွာထိန်းကျောင်းနိုင်စွမ်းရှိမည်။ လူတော်လူကောင်းများတိုးပွားအောင် စာကောင်းပေကောင်းများက အကြောင်းခံပြုပေးရသည်။ စာကောင်းပေကောင်းတို့က စာကြည့်တိုက်ထဲ ဖုန်တက်၊ ခြကိုက်၊ ပင့်ကူမျှင်ရှုပ်ထွေး၊ အမှိုက်ပုံသဖွယ်ဖြစ်နေပြီး လူတွေ၏ပစ်ပယ်မှုကို ခံနေရသည့် စာအုပ်ဂိုဒေါင်ထဲမှာပဲ အိပ်စက်နေရလျှင် ဟန်မကျသေးပေ။

စာရေးသူသည် အသက်အရွယ်တိုင်းမှာ မနားမနေ နေ့စဉ်စာဖတ်၊ စာရေး၊ မှတ်သား၊ စူးစမ်း၊ မေးမြန်းလေ့လာနေသဖြင့် နှစ်ဆယ်ရာစုအလယ်ကာလ၌ မွေးဖွားခဲ့ပါသော်လည်း ၂၁ ရာစုကို တတ်နိုင်သမျှ လေးတော့ အမီလိုက်နေနိုင်သေး၏။ အကယ်၍သာ စာမဖတ်ပေမဖတ် မျောနေလိုက်ခဲ့ပါက မသွေးသောဓား၊ မသုံးသောဓား၊ သံချေးတက်၍ တုံးသကဲ့သို့ အသုံးမကျသည့်အဘိုးအိုမျှသာဖြစ်နေပေတော့မည်။ **စာဖတ်ခြင်းက လူကို နုပျိုသစ်လွင်စေပါသည်။**

စာဖတ်ပါဟုပြောရုံမျှနှင့် မည်သူမှစိတ်မဝင်စားကြပေ။ စိတ်ဝင်စားဖွယ်ကောင်းအောင်ဟောတတ်၊ ပြောတတ်၊ ဆွဲဆောင်တတ်၊ လိမ္မာပါးနပ်သောအစိုးရအရာရှိ၊ အရာထမ်းများက တာဝန်ကောင်းမွန်ကျွမ်းကျင်စွာထမ်းဆောင်တတ်ရုံမက အသည်းထဲအူထဲက စာပေကို မြတ်နိုးတန်ဖိုးထားတတ်သော ခံစားချက်ဖြင့် စိတ်ရင်းစေတနာထက်သန်စွာဟောပြောစည်းရုံးပညာပေးနိုင်စွမ်းရှိပါမှ လူထုပညာရေး **"လူတိုင်းစာပေဖတ်ရှုရေး"**စာအုပ်စာပေ လူ့မိတ်ဆွေဟူသော အချက်သည် လက်တွေ့အသက်ဝင်လှုပ်ရှားလာမည်ဖြစ်လေသည်။

စာရေးသူတို့ လေးတန်းကျောင်းသားအရွယ်ကပင် အတန်းပိုင်ဆရာက ဆရာကြီးရွှေဥဒေါင်း၊ ဆရာကြီး မဟာဆွေ၊ ဆရာကြီး ဓူဝံတို့၏ဝတ္ထုစာအုပ်များကို ဖတ်စေသည်။ အတန်းထဲမှာ ခုံပေါ်ရပ်၍အတန်းသားများကို ပုံပြင်ပြောသလို ပြန်ပြောပြစေခဲ့သည်။ မိမိနားလည်ထားသမျှကို လိုရင်းတိကျထိရောက်မှန်ကန်စွာ ပြန်လည်ထုတ်ဖော်တတ်သောအလေ့အကျင့်ရစေခြင်း(Comprehension Power Practice) သင်ခန်းစာပါလားဟု တက္ကသိုလ်မှာ ပညာရေးစိတ်ပညာ၊ ဆက်ဆံရေးစိတ်ပညာ၊ ဉာဏ်ရည်၊ မှတ်ဉာဏ်၊ အလေ့အကျင့်အကြောင်း စသည်တို့ကိုလေ့လာသင်ယူရသောအခါမှ ကွင်းကွင်းကွက်ကွက်ပြန်လည်သဘောပေါက်သိမြင်ခဲ့ရပါသည်။ အခြေခံပညာဆရာများ၏ကျေးဇူးကြီးမားပုံ။ အလယ်တန်းကျောင်းသား၊ အထက်တန်းကျောင်းသားဘဝကပင် လူထုဦးလှ၊ ဒေါ်အမာ၊ နတ်နွယ်၊ ဇဝန၊ ကြပ်ကလေး(သက်လုံ)၊ ဓူဝံ၊ ဇော်ဂျီ၊ ဦးဖေမောင်တင်၊ ပီမိုးနင်း၊ ဒဂုန်ရွှေမျှား စသောအပေါင်းအဖော်များနှင့် နေ့စဉ်ထိတွေ့ရင်းနှီးကျွမ်းဝင်ခဲ့သော မိမိကိုယ်ကို လေးစားတန်ဖိုးထားတတ်ခဲ့ပါသည်။ ငါသည် လူရာဝင်သောနိုင်ငံသားကောင်းဖြစ်စေရမည်ဟု ခံယူချက်၊ ယုံကြည်ချက်သက်ဝင်ခဲ့ပါသည်။

အနောက်နိုင်ငံများမှာတော့ နှစ်စဉ်အရောင်းရဆုံးစာအုပ်များအမည်ကို တစ်နှစ်ကုန်ဆုံးတိုင်း ဖော်ပြလေ့ရှိကြသည်။ မိမိတို့ဆီမှာတော့ ဘယ်ဌာန၊ ဘယ်အဖွဲ့၊ ဘယ်သူကမှ စနစ်တကျစာရင်းဇယားကို အခြေခံသော သုတေသနမျိုးမရှိခဲ့ပါ။ အသိအမြင်ခေတ်ကာလချင်း နှစ်များစွာကွာဝေးနေပါသေး၏။

မြေပြင်အခြေအနေမှန်ကိုသိရသည်မှာ ဂျေကေရိုလင်း(အင်္ဂလန်မှ အမျိုးသမီးစာရေးဆရာမ) ရေးသော **"ဟယ်ရီပေါ်တာဝတ္ထုရှည်"**(စာအုပ်အတွဲ ရှစ်တွဲအထိ ရှိနေပါပြီ)စာအုပ်များသည် နှစ်တိုင်းလိုလိုပင် ထိပ်ဆုံး(၁၀)စာရင်းမှာ (သူ့စာအုပ်ထွက်သည့်နှစ်မှာ) နံပါတ်(၁)နေရာမှာ တွေ့ရလေ့ရှိပါသည်။ အချို့နှစ်မှာ စာအုပ်ရေ ၄၂ သန်းကျော် ရောင်းချရကြောင်း တွေ့ရပေသည်။ ထို့ကြောင့်လည်း သူသည် ဂရိတ်ဗြိတိန်ဘုရင်မကြီးပိုင်ဆိုင်မှုထက်ပင် သာလွန်ချမ်းသာကြွယ်ဝသူဖြစ်လာပါသည်။ ဩစတြေးလျနိုင်ငံ၊ တက်စမေနီယာပြည်နယ်မှ ကျွန်းတစ်ကျွန်းကိုပင် ကိုယ်ပိုင်ဝယ်ယူနိုင်ခဲ့ပါသည်။ စာရေးခြင်းဖြင့် ကမ္ဘာကျော်ရုံမက အချမ်းသာဆုံးစာရေးဆရာမဖြစ်နေပါ၏။ စာဖတ်သူများကြိုက်နှစ်သက်အောင် ရေးတတ်သော သူ၏ ဝတ္ထုရှည်အတတ်ပညာအစွမ်းပေတည်း။

မြန်မာပြည်မှာ စာပေလောကဖွံ့ဖြိုးစည်ကားနိုင်ပါစေ။ လူတွေ အရည်အသွေးကောင်းမွန်ကြပါစေ။

**❖ လူကြိုက်များသောစာအုပ်တစ်အုပ်သည် အချို့လူတို့က သတိပြုမိချင်မှပြုမိမည်ဖြစ်သော်လည်း ကောင်းမွန်ခြင်းမှန်လျှင် တစ်ချိန်ချိန်တွင် ပြန်ပေါ်လာမြဲဖြစ်ပါပေသည်။ ဥပမာဆောင်ရလျှင် ဂျိမ်းစ်လှကျော်၏ မောင်ရင်မောင် မမယ်မ(၁၉၀၄)၊ ဦးနု၏ မိတ္တဗလဋီကာ၊ ဆရာကြီးရွှေဥဒေါင်း၏ အကြံဉာဏ်ဖြင့်ကြီးပွားရေး၊ ဖျာပုံတိုက်သစ်ဆရာတော် အရှင်ဩဘာသာဘိဝံသ(၁၉၀၆-၁၉၉၉)၏ သုတေသနသရုပ်ပြအဘိဓာန်စသောစာအုပ်များလည်း လူကြိုက်များနေဆဲပေ။ ❖**

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၆၆၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကန့်ဘလူ ဒီဇင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၆၆၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် ဟင်းသီးဟင်းရွက် ၇၄၂၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၆၆၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ ဟင်းသီးဟင်းရွက် ၇၄၂၆ ဧကလျာထား စိုက်ပျိုးခဲ့ရာ ၆၆၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာစတဲ့သီးနှံတွေကို အများဆုံး စိုက်ပျိုးထားပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAPနည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေ ပေးထားပါတယ်" ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာ သင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များကို ကျန်းမာရေးနှင့် ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်းနှင့် တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲတတ်စေရေး အသိပညာများ ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကန်ကြီးထောင့် ဒီဇင်ဘာ ၂၂**


ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် နိုဝင်ဘာလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကန်ကြီးထောင့်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိအောင်က ပြောပြ၍ သိရသည်။

ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် ဆန်ကွဲများကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူအားကောင်းနေကြောင်း သိရသည်။

"ဆန်ကွဲတွေကို ရန်ကုန်ဈေးကွက်ဘက်ကို အဓိကတင်ပို့ရောင်းချပါတယ်။ ဒီဘက်ကနေ ဆန်ကွဲအိတ်တွေ အပါအဝင် တင်ပို့ကုန်တွေကို ကုန်တင်ကားတွေနဲ့ တင်ပို့ရောင်းချတာများပါတယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း ဆန်ကွဲတွေဝယ်လိုအား သိသိသာသာ တက်ခဲ့တာဖြစ်ပါတယ်။ ဆန်ကွဲတွေကို အခုလို အခက်အခဲမရှိ အဆင်ပြေပြေ တင်ပို့ရောင်းချနေရလို့ အဆင်ပြေကြပါတယ်။ ဆန်ကွဲတွေကအရည်အသွေးလဲကောင်းမွန်ပါတယ်" ဟု ကန်ကြီးထောင့်မြို့နယ် ဆန်၊စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိအောင်ကပြောပြသည်။

အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ဆန်ကွဲ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၄၈၀၀၀ ထိ ပေါက်ဈေးရှိနေပြီး ဆန်ကွဲများ တင်ပို့ရောင်းချအား တက်လာခြင်းကြောင့် စပါးစိုက်တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေးကုန်သည်များ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**






# စစ်ရေယာဉ်တည်ဆောက်ရာတွင် တရုတ်နိုင်ငံကို အမီလိုက်နိုင်ရေးဆောင်ရွက်နေသော အမေရိကန်

အမေရိကန်၏ ပင်လယ်ရေကြောင်းသုံးစစ်ရေယာဉ်များနှင့် ရေငုပ်သင်္ဘောများတည်ဆောက်ရန်စွမ်းဆောင်ရည်သည် ကမ္ဘာလုံးဆိုင်ရာစွမ်းဆောင်ရည်မြင့်မားရေးအတွက် များစွာအရေးပါလျက်ရှိသည်။ သို့သော် ရှိရင်းစွဲစစ်ရေယာဉ်များအပေါ် ကာလရှည်ကြာ ကျေနပ်ရောင့်ရဲနေခြင်းသည် အမေရိကန် သင်္ဘောတည်ဆောက်ရေးစက်မှုလုပ်ငန်းကို အရှိန်အဟုန်ကျဆင်းလာစေပြီး မျက်မှောက်ခေတ်လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများအတွက် တိုက်ပွဲဝင်အသင့်ဖြစ်မှုကိုလည်း ချည့်နဲ့ယိမ်းယိုင်လာစေလျက်ရှိသည်။

လက်ရှိအချိန်တွင် အမေရိကန်အစိုးရသည် သင်္ဘောတည်ဆောက်မှုလုပ်ငန်း ပြန်လည်တိုးတက်ရန် နည်းလမ်းများကို ဆွေးနွေးတိုင်ပင်နေပြီး ရင်းနှီးမြှုပ်နှံခြင်းများ သို့တည်းမဟုတ် ရေတပ်ဆိုင်ရာပြည်ပပို့ကုန်များဖြင့် ဖြည့်ဆည်းသွားနိုင်ရေး မဟာမိတ်နိုင်ငံများနှင့် သံခင်းတမန်ခင်းဆိုင်ရာ ထိတွေ့ဆက်ဆံမှုများကို လုပ်ဆောင်လျက်ရှိသည်။

လက်ရှိအချိန်တွင် အမေရိကန်သည် ရေကြောင်းဆိုင်ရာ လွှမ်းမိုးမှုပြန်လည်မြှင့်တင်ရန်၊ တရုတ်နိုင်ငံကို အမီလိုက်နိုင်ရန်နှင့် ပြိုင်ဘက်နိုင်ငံများကို ကျော်လွန်နိုင်ရန်အတွက် ၎င်း၏စစ်ရေယာဉ်တည်ဆောက်မှုလုပ်ငန်းတွင် အဓိကကျသော အတားအဆီးများကို ကျော်လွှားနိုင်ရန် အလေးထားလုပ်ဆောင်လျက်ရှိသည်။

အမေရိကန်နိုင်ငံသည် သမ္မတဟောင်းသီအိုဒိုရုစဗဲ့ လက်ထက်တွင် ရေတပ်ကို အဆင့်မြှင့်တင်တည်ဆောက်ခဲ့စဉ်ကတည်းက ရေတပ်ဆိုင်ရာစက်မှုလုပ်ငန်းများတွင် ဦးဆောင်လျက်ရှိပြီး တိုးချဲ့ကြိုးပမ်းလုပ်ဆောင်ခဲ့သည်။ အမေရိကန်သည် ၎င်း၏ရေတပ်စက်မှုလုပ်ငန်းများမှတစ်ဆင့် ပဋိပက္ခများတွင် စစ်အင်အားဖြန့်ကြက်နိုင်ခဲ့ပြီး လက်ရှိအချိန်ထိ ပြည်ပစစ်အခြေစိုက်စခန်းများကို ဆက်လက်ထိန်းသိမ်းထားနိုင်သဖြင့် ဝေဟင်နှင့် ပင်လယ်ရေကြောင်းစွမ်းဆောင်ရည်များတွင် ဩဇာအရှိန်အဝါရှိနေဆဲပင်ဖြစ်သည်။

အမေရိကန်သည် စစ်အေးတိုက်ပွဲကာလ၌ ခြိမ်းခြောက်မှုများကြောင့် အာဏာဖြန့်ကြက်ရေးအတွက် စိန်ခေါ်မှုအသစ်များနှင့်ရင်ဆိုင်ခဲ့ရသည်။ မကြာသေးမီနှစ်များတွင် အမေရိကန်အနေဖြင့် ထုတ်လုပ်မှုကျဆင်းခြင်းနှင့် စစ်ရေယာဉ်စုခေတ်မီအဆင့်မြှင့်တင်ရာတွင် ရှိရင်းစွဲအခြေအနေကို ကျေနပ်ရောင့်ရဲနေခြင်းတို့သည် ပိုမိုသိသာထင်ရှားလာခဲ့သည်။

ယခုအခါ အမေရိကန်ရေတပ်သည် ကမ်းခြေစောင့်တိုက်ခိုက်ရေးစစ်ရေယာဉ် ၅၂ စီးထိ တည်ဆောက်ရန် ရည်မှန်းထားရှိသော်လည်း ကုန်ကျစရိတ်နှင့်အစီအစဉ်ကန့်သတ်ချက်များကြောင့် ၃၅ စီးသာ တည်ဆောက်နိုင်ခဲ့သည်။ Zumwalt အမျိုးအစားကိုယ်ပျောက်ဖျက်သင်္ဘောများကို မူလက ၃၂ စီးတည်ဆောက်သွားရန် စီစဉ်ထားရှိခဲ့သော်လည်း ကုန်ကျစရိတ်ကြီးမားမှုကြောင့် လက်ရှိအချိန်တွင် သုံးစီးသာတည်ဆောက်ပြီးစီးသည်။ USS Gerald R Ford အမျိုးအစားကဲ့သို့သော လေယာဉ်တင်သင်္ဘောများသည် နည်းပညာပိုင်းဆိုင်ရာစံနှုန်းများ ပြည့်မီရေးအတွက် နှောင့်နှေးကြန့်ကြာမှုများဖြစ်ပေါ်လျက်ရှိသည်။

တစ်ချိန်ကအမေရိကန်သည် သင်္ဘောကျင်းများကို အဓိကကျသည့် အထောက်အကူပြုပစ္စည်းများအဖြစ် သဘောထားခဲ့သော်လည်း စစ်အေးကာလနောက်ပိုင်း၌မူ ရှိရင်းစွဲအခြေအနေအပေါ် ကျေနပ်သဘောကျနေခဲ့သည်။ လက်ရှိအချိန်တွင် အမေရိကန်၏ အင်အားကြီးမားသောရေတပ်သည် စစ်အေးကာလပိုင်ဆိုင်မှု၏ ၈၀ ရာခိုင်နှုန်းခန့်သာ ကျန်ရှိတော့သည်။

အမေရိကန်၏ သင်္ဘောတည်ဆောက်မှုစွမ်းအား ကျဆင်းလာခြင်းသည် လက်ရှိအချိန်၌ အတိမ်းအစောင်းမခံသော မဟာဗျူဟာမြောက်ပြဿနာတစ်ရပ်ဖြစ်လာခဲ့ပြီး တရုတ်နိုင်ငံ၏ ရေတပ်အင်အား တိုးချဲ့လာမှုသည် အရေးပါသောဒေသများတွင် အမေရိကန်၏ ပင်လယ်ရေကြောင်းအသာစီးရရှိမှုအပေါ် စိန်ခေါ်မှုဖြစ်လာလျက်ရှိသည်။

အရှေ့အလယ်ပိုင်းဒေသ၊ တောင်အာရှနှင့် မြောက်အာဖရိကဒေသတို့တွင် ၁၉၉၀ ပြည့်နှစ်မှသည် ၂၀၂၀ ပြည့်နှစ်အစောပိုင်းကာလများထိ ဆယ်စုနှစ်များစွာကြာ ပဋိပက္ခဖြစ်ပွားနေသည့်အချိန်၌ တရုတ်နိုင်ငံသည် ကမ္ဘာ့အကြီးမားဆုံး



အမေရိကန်ကမ်းခြေစောင့် တိုက်ခိုက်ရေးစစ်ရေယာဉ်ကို တွေ့ရစဉ်။

ပင်လယ်ရေကြောင်းတပ်ဖွဲ့ကို တည်ဆောက်နိုင်ခဲ့သဖြင့် အမေရိကန်ကို ဖိအားပေးလျက်ရှိသည်။

ထို့ကြောင့် အမေရိကန်နိုင်ငံသည် လက်ရှိအချိန်တွင် မဟာမိတ်များဖွဲ့ခြင်း၊ ရင်းနှီးမြှုပ်နှံမှုအသစ်များလုပ်ဆောင်ခြင်းအားဖြင့် ရေတပ်အင်အားပြန်လည်တည်ဆောက်ရန် ရည်မှန်းလုပ်ဆောင်လျက်ရှိသည်။ မဟာမိတ်များ၏ ထောက်ပံ့မှုအနေဖြင့် ဖင်လန်ရေတပ်သည် အမေရိကန်သို့စစ်ရေယာဉ်များတင်ပို့ခဲ့ရာ ၂၀၂၅ ခုနှစ်တွင် သိသိသာသာမြင့်တက်လာခဲ့သည်။ အမေရိကန်အနေဖြင့် မဟာမိတ်များထံမှ အထောက်အပံ့အသစ်များရရှိရန် ကြိုးပမ်းလျက်ရှိသောကြောင့် ဖင်လန်နိုင်ငံသည် အဓိကမိတ်ဖက်အဖြစ် ပေါ်ထွက်လာလျက်ရှိသည်။ ဖင်လန်နှင့်အမေရိကန်နိုင်ငံတို့သည် နီးစပ်သောမဟာမိတ်များဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် ဖင်လန်နိုင်ငံသည် NATO အဖွဲ့သို့ ဝင်ရောက်သည့်အချိန်မှစ၍ နှစ်နိုင်ငံဆက်ဆံရေးသည် တိုးတက်လာလျက်ရှိသည်။

အမေရိကန်အစိုးရအဖွဲ့သည် ဖင်လန်သင်္ဘောကျင်းများမှ ရေခဲခွဲသင်္ဘောလေးစီးဝယ်ယူရန် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ဖင်လန်သမ္မတ အလက်ဇန္ဒားစတွတ်ဘာနှင့် သဘောတူစာချုပ်တစ်ရပ်လက်မှတ်ရေးထိုးခဲ့သည်။ ဖင်လန်နိုင်ငံထုတ် အလယ်အလတ်အရွယ်အစားရှိ ရေခဲခွဲသင်္ဘောများသည် အမေရိကန်ကမ်းခြေစောင့်စစ်ရေယာဉ်စုများကို အင်အားဖြည့်တင်းပေးသွားမည်ဖြစ်သည်။ ထို့ကြောင့် ဖင်လန်၏ ရေခဲခွဲသင်္ဘောများသည် အမေရိကန်ရေတပ်အတွက် အဓိကကျသော အထောက်အပံ့ဖြစ်သွားမည်ဖြစ်သည်။

၂၀၂၅ ခုနှစ် အောက်တိုဘာလနှောင်းပိုင်းတွင် အမေရိကန်နှင့်ဂျပန်တို့သည် သင်္ဘောတည်ဆောက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတစ်ရပ်လက်မှတ်ရေးထိုးခဲ့သောကြောင့် ဆက်သွယ်ရေးနှင့်ဉာဏ်ရည်တုနည်းပညာတို့ကို မြှင့်တင်သွားနိုင်မည်ဖြစ်သည်။ အဆိုပါနားလည်မှုစာချွန်လွှာသည် အမေရိကန်သင်္ဘောတည်ဆောက်ရေးတွင် ဂျပန်နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုများနှင့် အမေရိကန်အလုပ်သမားများအတွက် ပူးတွဲလေ့ကျင့်ရေးအစီအစဉ်များစတင်မှုတို့ကို မီးမောင်းထိုးပြသလျက်ရှိသည်။ နားလည်မှုစာချွန်လွှာတစ်စိတ်တစ်ဒေသအနေဖြင့် ဂျပန်နိုင်ငံသည် အမေရိကန်၏ ရေခဲခွဲသင်္ဘောတည်ဆောက်မှု စက်မှုလုပ်ငန်းအဆင့်မြှင့်တင်ရာတွင် ကူညီသွားမည်ဖြစ်သည်။

ဂျပန်နှင့်အမေရိကန်တို့သည် သင်္ဘောတည်ဆောက်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများနှင့်စပ်လျဉ်း၍ သဘောတူညီချက်လက်မှတ်ရေးထိုးပြီးနောက် နှစ်နိုင်ငံလုံးသည် တရုတ်၏ အင်ဒို-ပစိဖိတ်ရည်မှန်းချက်များကို တုံ့ပြန်ရေးအတွက် ပင်လယ်ရေကြောင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရန် ရည်မှန်းလုပ်ဆောင်လျက်ရှိသည်။

သမ္မတဒေါ်နယ်ထရန့်၏ ၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း တောင်ကိုရီးယားနိုင်ငံသို့ သွားရောက်ခဲ့သည့်ခရီးစဉ်တွင် အမေရိကန်ရေတပ်သုံးစစ်ရေယာဉ်တည်ဆောက်ရေးကုမ္ပဏီ ဟေးလ်နှင့် တောင်ကိုရီးယားကုမ္ပဏီကြီးဖြစ်သည့် ဟွန်ဒိုင်းတို့သည် အမေရိကန်ရေတပ်၏ထောက်ပံ့ရေးရေယာဉ်များ အဆင့်မြှင့်တင်သွားရန် သဘောတူညီချက်တစ်ရပ်လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ စာချုပ်အရ ဟွန်ဒိုင်းသည် ၂၀၂၈ ခုနှစ် ဘဏ္ဍာနှစ်မှစ၍ အမေရိကန်သို့ ထောက်ပံ့ရေးရေယာဉ် ၁၃ စီး လွှဲပြောင်းပေးသွားမည်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ၏ သင်္ဘောတည်ဆောက်မှုကုမ္ပဏီကြီးတစ်ခုဖြစ်သည့် ဟန်ဝါ (Hanwha) သည်လည်း ၂၀၂၅ ခုနှစ် နှောင်းပိုင်းတွင် အမေရိကန်ရေတပ်ပြန်လည်အဆင့်မြှင့်တင်မှု၌ ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်လျက်ရှိသည်။ တောင်ကိုရီးယားကျွမ်းကျင်ပညာရှင်များသည် ၂၀၂၆ ခုနှစ်မှစ၍ အမေရိကန်ရေတပ်သင်္ဘောကျင်းများ သင်္ဘောတည်ဆောက်ရေးဆိုင်ရာကျွမ်းကျင်မှုများ သင်ကြားပို့ချသွားမည်ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံအနေဖြင့် အမေရိကန်သင်္ဘော တည်ဆောက်မှုကဏ္ဍအတွက် အမေရိကန်ဒေါ်လာ ၁၅၀ ဘီလီယံ ကြိုတင်လျာထားကြောင်း ၂၀၂၅ ခုနှစ် အောက်တိုဘာလ နှောင်းပိုင်းတွင် ကြေညာသွားခဲ့သည်။

တောင်ကိုရီးယားအစိုးရအဖွဲ့သည် အဆိုပါ ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် အမေရိကန်-တောင်ကိုရီးယားမဟာမိတ်ဆက်ဆံရေး ခိုင်မာအားကောင်းလာစေရန် သမ္မတဒေါ်နယ်ထရန့်နှင့် ကုန်သွယ်ရေးသဘောတူညီချက်များ ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုများကို တုံ့ပြန်သောအားဖြင့် သမ္မတဒေါ်နယ်ထရန့်သည် တောင်ကိုရီးယားရေတပ်အတွက် နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောတည်ဆောက်ရန် ခွင့်ပြုပေးခဲ့သည်။ အဆိုပါခွင့်ပြုချက်သည် တောင်ကိုရီးယားကို နျူကလီးယားပိုင်ဆိုင်မှုမရှိသော နိုင်ငံတစ်နိုင်ငံမှ နျူကလီးယား ရေငုပ်သင်္ဘောတည်ဆောက်ခွင့်ရရှိမည့် ပထမဆုံးသော နိုင်ငံအဖြစ်ရပ်တည်ခွင့်ရှိလာမည်ဖြစ်သည်။

ဖင်လန်၊ ဂျပန်၊ တောင်ကိုရီးယားနိုင်ငံတို့နှင့် ခိုင်မာအားကောင်းသော စာချုပ်များရှိနေသော်လည်း အမေရိကန်၏ ပြည်တွင်းသင်္ဘောတည်ဆောက်ရေးလုပ်ငန်းသည် ဗျူရိုကရေစီအတားအဆီးများ၊ ကျွမ်းကျင်လုပ်သားရှားပါးပြတ်လပ်မှုများနှင့် ဟန်ချက်ပျက်နေသော ရန်ပုံငွေကဲ့သို့သော စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံအဆင့်ပုဂ္ဂိုလ်များသည် အောင်မြင်မှုရှိသော ခေတ်မီ အဆင့်မြှင့်တင်တည်ဆောက်မှုနှင့် စက်မှုလုပ်ငန်းများ ပြန်လည်သက်ဝင်ရေးအတွက် ဖော်ပြပါ အတားအဆီးများကို ဖြေရှင်းသွားရန် လိုအပ်သည်။ အမေရိကန်၏ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သင်္ဘောတည်ဆောက်မှုလုပ်ငန်းသည် ရေတပ်သင်္ဘောကျင်းများ၌ ကျွမ်းကျင်သူများ မွေးမြူနိုင်ရန် နည်းပညာရပ်ဆိုင်ရာ ကျောင်းများနှင့်တက္ကသိုလ်များ၌ လူသစ်များခေါ်ယူလေ့ကျင့်သွားသင့်ပေသည်။

အမေရိကန်ရေတပ်ဆိုင်ရာ ဖွဲ့စည်းပုံအနေဖြင့် သင်္ဘောတည်ဆောက်ရာ၌ ခေတ်လွန်လုပ်သားအင်အားစုများအပေါ် မှီခိုနေသည်ထက် ကျွမ်းကျင်မှုဆိုင်ရာနေရာများအတွက် လူငယ်များကို ဦးစားပေးမွေးမြူသွားသင့်ကြောင်း၊ ထို့နောက်သီးသန့်မွေးမြူထားသော လုပ်သားအင်အားစုအနေဖြင့် စွမ်းဆောင်ရည်ပိုင်ဆိုင်သည့်အချိန်၌ သင်္ဘောကျင်းများအနေဖြင့် ထုတ်လုပ်မှုနှင့်ပြုပြင်ထိန်းသိမ်းမှုကို လျင်မြန်စွာ တိုးမြှင့်လုပ်ဆောင်သွားသင့်ကြောင်း ကောက်ချက်ချပြောဆိုထားသည်။

အမေရိကန်အစိုးရအနေဖြင့် အားသစ်လောင်းထားသော လုပ်သားအင်အားစုများ၊ သင်္ဘောတိုးချဲ့တည်ဆောက်မှုနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းခွင်များနှင့်အတူ ကန်ထရိုက်များဖြန့်ခွဲဆောင်ရွက်နိုင်ခြင်း၊ အရင်းအမြစ်တစ်ခုတည်းအပေါ် မှီခိုမှုလျှော့ချနိုင်ခြင်းနှင့် ရေတပ်အားအချိန်မီ တာဝန်ထမ်းဆောင်နိုင်ရန် လိုအပ်ချက်များဖြည့်ဆည်းပေးခြင်းတို့ကို လုပ်ဆောင်သွားနိုင်မည်ဖြစ်သည်။ ဖင်လန်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ထံမှ မဟာမိတ်အကူအညီများသည် အမေရိကန်၏ သင်္ဘောတည်ဆောက်မှုကဏ္ဍကို ခိုင်မာအားကောင်းစေမည်ဖြစ်သော်လည်း ပင်လယ်ရေကြောင်းလွှမ်းမိုးမှုကာလရှည်ကြာ ထိန်းသိမ်းထားနိုင်ရေးသည် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုနှင့်ပြန်လည်သက်ဝင်လာသော စက်မှုလုပ်ငန်းများအပေါ်တည်မှီလျက်ရှိသည်။ ထိရောက်မှုရှိသော လုပ်ဆောင်မှုများသည်သာလျှင် အမေရိကန်လုံခြုံမှုနှင့်တရုတ်နိုင်ငံကို အမီလိုက်နိုင်ရေးအတွက် ကုန်ထုတ်လုပ်မှုစွမ်းဆောင်ရည်ကို ပြန်လည်တည်ဆောက်နိုင်မည်ဖြစ်ပေသည်။

**ကိုးကား**

**– US plan taking shape to shrink China's shipbuilding lead by Asia Times.**

**မောင်စိန်အိ(နဘဲမြေ)**

# တရုတ်နိုင်ငံတစ်ဝန်းတွင် နှင်းကျဆင်းမှု၊ မိုးရွာသွန်းမှုများကြောင့် အအေးဒဏ်ပြင်းထန်လာနိုင်သဖြင့် သတိပေးချက်ထုတ်ပြန်ထား



**ပေကျင်း ဒီဇင်ဘာ ၂၂**

တရုတ်နိုင်ငံ တစ်ဝန်းတွင် နှင်းကျဆင်းမှု၊ မိုးရွာသွန်းမှုများကြောင့် အအေးဒဏ်ပြင်းထန်လာနိုင်သဖြင့် အမျိုးသား မိုးလေဝသဌာနက ယနေ့တွင် သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

နိုင်ငံ၏ မြောက်ပိုင်းဒေသများတွင် နှင်းကျဆင်းခြင်းနှင့် တောင်ပိုင်းတွင် မိုးရွာသွန်းမှုအခြေအနေများကြောင့် ယနေ့မှစ၍ လာမည့် သုံးရက်(ခရစ္စမတ်နေ့ထိ)လေပြင်း တိုက်ခတ်မှုနှင့် အပူချိန်သိသိသာသာကျဆင်းကာ အအေးဒဏ် ပြင်းထန်နိုင်ကြောင်း၊ လက်ရှိတွင် နိုင်ငံ၏ဒေသအများစုတွင် အပူချိန်သည် ရေခဲမှတ်ရောက်လုနီးသည်ထိ ဖြစ်နေကြောင်း သိရသည်။

နိုင်ငံ၏ တောင်ပိုင်းဒေသများ ဖြစ်သော ရှန်ရှီး၊ ဟွမ်ဟွာအီဒေသနှင့် ကွမ်စီအပါအဝင် ဒေသများတွင် မိုးအနည်းငယ်မှ အသင့်အတင့်ရွာသွန်းနေပြီး မြောက်ပိုင်း ရှီဂန်စု၊ အတွင်းမွန်ဂိုးလီးယားနှင့် အရှေ့မြောက်ပိုင်းဒေသများတွင် နှင်းအသင့်အတင့်မှ ထူထပ်စွာ ကျဆင်းနိုင်ကြောင်း မိုးလေဝသ ပညာရှင်များက သတိပေးချက် ထုတ်ပြန်ထားသည်။

ထို့ပြင် အဆိုပါဒေသများတွင် မိုးရွာသွန်းမှု၊ နှင်းကျဆင်းမှုနှင့် အတူ လေပြင်းတိုက်ခတ်မှုကြောင့် သယ်ယူပို့ဆောင်ရေး၊ စိုက်ပျိုးရေး နှင့် စွမ်းအင်ပံ့ပိုးမှုအပေါ် သက်ရောက်မှုများဖြစ်ပေါ်နေကြောင်း၊ အဆိုပါ သက်ရောက်မှုများကို လျှော့ချရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ဒေသခံများ နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယနေ့တွင် သတိပေးချက် ထုတ်ပြန်ထားသည့် အဆိုပါဒေသများ၌ ကြိုတင်ကာကွယ်ရေးအစီအမံများ ဆောင်ရွက်ထားပြီး အရေးပေါ် ကူညီကယ်ဆယ်ရေး အဖွဲ့များကို ဖွဲ့စည်းတပ်ဖြန့်ထားကြောင်း၊ ထို့ပြင် အဆိုပါဒေသများ တွင် နေထိုင်သောဒေသခံများကို သတိပြုနေထိုင်ကြရန်နှင့် သဘာဝဘေးအတွက် ကြိုတင်ပြင်ဆင်ထားရန် အမျိုးသားမိုးလေဝသဌာနက သတိပေးထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# အမေရိကန်နိုင်ငံ မိုလယ်လာဒေသတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းနေရ

**ဝါရှင်တန် ဒီဇင်ဘာ ၂၂**

အမေရိကန်နိုင်ငံ အိုရီဂွန်ပြည်နယ် မိုလယ်လာဒေသတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်ကာ လူနေအိမ်များနှင့် အခြေခံအဆောက်အအုံများပျက်စီးကာ ဒေသခံများ ဘေးလွတ်ရာ ရွှေ့ပြောင်းနေရကြောင်း အိုရီဂွန်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ဒီဇင်ဘာ ၂၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

ရေဘေးအန္တရာယ်ကိုလည်း အဆင့်(၃)ထိ သတ်မှတ်ထားကြောင်း၊ မိုလယ်လာမြစ်ရေလျှံတက်မှုကြောင့် ရေကြီးရေလျှံမှု အခြေအနေ ဆိုးရွားနေခြင်းဖြစ်ပြီး ကုန်းနိမ့်ပိုင်းဧရိယာများသို့ ရေစီးမှု အခြေအနေမှာ အန္တရာယ်ရှိသည့် အဆင့်ဖြစ်ကြောင်း၊ ကုန်းမြင့်ပိုင်းမှ ကုန်းနိမ့်ပိုင်းသို့ ရေစီးဆင်းမှုသည် ရေတံခွန်ကဲ့သို့ဖြစ်နေပြီး ကုန်းနိမ့်ပိုင်း ဒေသများအတွက် အန္တရာယ်များသည့် အခြေအနေ ဖြစ်သည့်အတွက် ကုန်းနိမ့်ပိုင်း ဧရိယာတွင်နေထိုင်သည့် ဒေသခံများကို ဘေးလွတ်ရာအမြန်ဆုံး ရွှေ့ပြောင်းရန် သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"မိုလယ်လာဒေသမှာ မိုးသည်းထန်စွာရွာသွန်းပြီးတော့ မိုလယ်လာမြစ်ရေ လျှံတက်မှုကြောင့် ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရပါတယ်။ အမြင့်ပိုင်းကနေ ကုန်းနိမ့်ပိုင်းကိုစီးဆင်းလာတဲ့ ရေတွေဟာ ရေတံခွန်ကနေ ရေကျနေသလိုပါပဲ။ ကုန်းနိမ့်ပိုင်းဒေသတွေမှာနေထိုင်တဲ့ ဒေသခံတွေကို အမြန်ဆုံးဘေးလွတ်ရာရွှေ့ပြောင်းဖို့ ညွှန်ကြားထားပါတယ်။ Go Now ဆိုတဲ့ တိုက်တွန်းချက်တွေနဲ့ အန္တရာယ်ဇုန်အတွင်းက ဒေသခံတွေကို ဘေးလွတ်ရာရွှေ့ပြောင်းဖို့ အဆက်မပြတ် တိုက်တွန်းနေပါတယ်"ဟု မိုလယ်လာဒေသ စီမံခန့်ခွဲရေးအဖွဲ့အစည်း၏ အဖွဲ့ဝင် ဝစ်ကိုစကီးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# ကန်ဆက်ပြည်နယ်၌ တောမီးလောင်ကျွမ်းမှုကို အရေးပေါ်အဆင့် သတ်မှတ်

**ဝါရှင်တန် ဒီဇင်ဘာ ၂၂**

အမေရိကန်နိုင်ငံ ကန်ဆက်ပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး တောမီးမှာ ထိန်းချုပ်ရခက်သည့် အဆင့်သို့ ရောက်ရှိလာသဖြင့် ဒီဇင်ဘာ ၂၀ ရက်မှစတင်၍ သဘာဝဘေး အန္တရာယ်အရေးပေါ်အဆင့် သတ်မှတ်ကြောင်း ကန်ဆက်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ဒီဇင်ဘာ ၂၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

တောမီး လောင်ကျွမ်းမှုသည် ထိန်းချုပ်ရခက်သည့် အဆင့်သို့ ရောက်ရှိနေပြီး လူနေအိမ်များ နှင့် အခြေခံအဆောက်အအုံများဆီသို့ ကူးစက်လာနိုင်သည့် အခြေအနေတွင်ရှိနေကြောင်း၊ လေတိုက်နှုန်းမြင့်မားနေသကဲ့သို့ ခြောက်သွေ့သည့်ရာသီဥတုကြောင့် တောမီးမှာ ထိန်းချုပ်ရခက်သည့်အဆင့်သို့ရောက်ရှိလာခဲ့ပြီး သဘာဝဘေး အန္တရာယ် အရေးပေါ်အဆင့်အဖြစ် သတ်မှတ်ခြင်းဖြစ်ကြောင်း ကန်ဆက်ပြည်နယ် ဝန်ကြီးချုပ် ကယ်လီက ပြောကြားခဲ့သည်။



"တောမီးဟာ ဟက်ချင်ဆန် ဒေသအနီးကနေ စတင်လောင်ကျွမ်းခဲ့တာဖြစ်ပါတယ်။ လေတိုက်နှုန်းမြင့်မားနေသလို မြက်ခင်းပြင်ကနေ စတင်လောင်ကျွမ်းခဲ့တာ ဖြစ်တဲ့အတွက် တောမီးကူးစက်မှုနှုန်းက မြန်ဆန်နေပါတယ်။ လူနေအိမ်ခြေနဲ့ အခြေခံအဆောက်အအုံတွေဆီကို ကူးစက်လောင်ကျွမ်းနိုင်တဲ့အတွက် သဘာဝဘေး အန္တရာယ်အရေးပေါ်အဆင့်အဖြစ် သတ်မှတ်လိုက်တာ ဖြစ်ပါတယ်။ တောမီးကို ထိန်းချုပ်နိုင်ဖို့ကတော့ မလွယ်ကူသေးပါဘူး။ မီးသတ်တပ်ဖွဲ့ဝင်တွေကလည်း အကောင်းဆုံး ကြိုးစားပေးနေပါတယ်။ လိုအပ်လာရင် လေကြောင်းအကူအညီကို ရယူသွားမှာ ဖြစ်ပါတယ်"ဟု ကန်ဆက်ပြည်နယ် ဝန်ကြီးချုပ် ကယ်လီက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ် ညစ်ညမ်းမှုက ကောက်ပဲသီးနှံများတွင်ပါဝင်သော အာဟာရဓာတ်ကို နည်းပါးလာစေပြီး အဆိပ်အတောက်ဖြစ်စေနိုင်

**အမ်စတာဒမ် ဒီဇင်ဘာ ၂၂**

ပတ်ဝန်းကျင် လေထုအတွင်း ပျံ့နှံ့နေသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ညစ်ညမ်းမှုက ကောက်ပဲသီးနှံများတွင် ပါဝင်သော အာဟာရဓာတ်ကို နည်းပါးလာစေပြီး အဆိပ်အတောက်ဖြစ်စေနိုင်ကြောင်း နယ်သာလန်နိုင်ငံ လေဒန်တက္ကသိုလ်မှ သုတေသီများက ထုတ်ပြန်ခဲ့သည်ဟု ဒီဇင်ဘာ ၂၁ ရက် သတင်းများအရ သိရသည်။

ပတ်ဝန်းကျင် လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ပါဝင်မှုများမြင့်တက်လာလေ ကောက်ပဲသီးနှံများ၏ အာဟာရဓာတ်ဖိုးများ ကျဆင်းလေဖြစ်ကြောင်း၊ ထို့ပြင် သီးနှံအတွက်နှုန်းများ တိုးလာစေရန် အသုံးပြုသည့် ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာများက အထွက်နှုန်းကို တိုးစေသော်လည်း အာဟာရဓာတ် ပါဝင်မှုကို နည်းပါးလာစေကြောင်း၊ အထူးသဖြင့် ပရိုတင်း၊ ဇင့်နှင့် သံဓာတ် ကဲ့သို့ လူသားတို့ အကျိုးပြုဓာတ်များ ကျဆင်းသွားပြီး ခဲဓာတ်များ မြင့်တက်လာကြောင်း၊ ဆန်၊ အာလူး၊ ခရမ်းချဉ်သီးနှင့် ဂျုံအပါအဝင် သီးနှံ ၄၃ မျိုးကို လေ့လာစမ်းသပ်ခဲ့ပြီးနောက် နယ်သာလန်နိုင်ငံ လေဒန်တက္ကသိုလ်မှသုတေသီများက ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် နယ်သာလန်နိုင်ငံ အာဏာပိုင်များက ပတ်ဝန်းကျင် လေထုထဲတွင် ပျံ့နှံ့နေသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ပါဝင်မှုကို လျှော့ချနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ဂျိုကာဝါနယ်မြေ ရေဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်အတွက် နိုင်ဂျီးရီးယားအစိုးရက နိုင်ရာ ၄ ဒသမ ၈ ဘီလီယံ အသုံးပြုသွားမည်

**အဘူဂျာ ဒီဇင်ဘာ ၂၂**

နိုင်ဂျီးရီးယားနိုင်ငံ ဂျိုကာဝါပြည်နယ် ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အစီအစဉ်များအတွက် နိုင်ဂျီးရီးယားအစိုးရက နိုင်ရာ ၄ ဒသမ ၈ ဘီလီယံထိ အသုံးပြုသွားမည်ဖြစ်ကြောင်း နိုင်ဂျီးရီးယား ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ဒီဇင်ဘာ ၂၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

ရေနုတ်မြောင်းစနစ်များတည်ဆောက်ရေးလုပ်ငန်းများကို ၂၀၂၆ ခုနှစ် နှစ်ဦးပိုင်းကာလမှစ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်း တည်ဆောက်ရေးအတွက် ဒီဇင်ဘာ ၂၀ ရက်တွင် အစိုးရက သတင်းစာရှင်းလင်းပွဲ ပြုလုပ်ကာ စီမံကိန်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားမှုပြုလုပ်ခဲ့ပြီး အစိုးရက နိုင်ရာ ၄ ဒသမ ၈ ဘီလီယံခွင့်ပြုခဲ့ကြောင်း သိရသည်။

"ဂျိုကာဝါပြည်နယ်ဟာ နှစ်စဉ်နှစ်တိုင်း ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရတဲ့ ပြည်နယ်ဖြစ်ပါတယ်။ ပြည်သူတွေဟာ ရေဘေးအန္တရာယ်ကြောင့် အသက်အိုးအိမ်စည်းစိမ်တွေထိခိုက်ခဲ့တယ်။ မိုးရွာတိုင်း ဒီလိုအခြေအနေတွေနဲ့ ရင်ဆိုင်နေရတာဟာ ပြည်သူတွေအတွက် တကယ့်ကို အခက်တွေ့စေပါတယ်။ ဒါကြောင့် ၂၀၂၆ ခုနှစ်က စတင်ပြီးတော့ ရေဘေး အန္တရာယ် လျှော့ချရေးအတွက် အရေးပါတဲ့ ရေနုတ်မြောင်းစနစ်တွေကို ပြုပြင်သွားမှာဖြစ်ပါတယ်။ အသုံးပြုနေတဲ့ ရေနုတ်မြောင်းစနစ်တွေကိုလဲ အဆင့်မြှင့်တင်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် အစိုးရကလဲ နိုင်ရာ ၄ ဒသမ ၈ ဘီလီယံထိ အသုံးပြုဖို့ ခွင့်ပြုလိုက်ပြီ ဖြစ်ပါတယ်"ဟု နိုင်ဂျီးရီးယား ဘဏ္ဍာရေးဝန်ကြီး ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး / စာရေး အမျိုးသမီးသင်တန်းသူများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ခ ) လျှောက်ထားသူသည် ၂၃-၃-၂၀၂၆ ရက်နေ့တွင် အသက် ၁၇ နှစ်အောက်မငယ်ရ၊ ၂၀ နှစ်ထက်မကြီးရ။

( ဂ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။

( င ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက် ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ(Myawady Webportal (www. myawady. net.mm/Sgt(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၂၃-၁၂-၂၀၂၅ ရက်နေ့မှ ၈-၂-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ် / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

( င ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

( စ ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သားအခြေခံလစာ (၁၅၀၀၀၀)ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) အခြေခံလစာ (၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ (၄၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါလစာများခံစားခွင့်ရှိမည်-

| အဆင့်အတန်း | အခြေခံလစာ | အရည်အချင်းလစာ | ပေါင်း |
|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၂၁၀၀၀၀ |
| ( ခ ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၂၁၂၀၀၀ |
| ( ဂ ) ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၂၄၈၀၀၀ |
| (ဃ) အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၂၆၆၀၀၀ |


**မှတ်ချက်**။ နှစ်တိုးလစာကို ၂ နှစ်လျှင် (၂၀၀၀)ကျပ် နှုန်းဖြင့် (၁၀၀၀၀)ကျပ် အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် ဆက်လက်ဖြေဆိုနိုင်သည်။

၈။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက်သတ်မှတ်ချက်များနှင့် အကျုံးဝင်သည့်အချိန်တွင် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအတွက် စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

Myanmar Mobile Money(MMM) ကို အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။



ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း၊ ငွေသွင်းငွေထုတ်ခြင်း/ငွေလွှဲခြင်း၊
Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊
Internet Bill ပေးဆောင်ခြင်း၊ E-Top up Bill ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာများ ပေးဆောင်ခြင်း၊
ပြည်ပ ငွေလွှဲ (ထိုင်း)၊ ဈေးဝယ်ခြင်း၊ အောင်ဘာလေ အွန်လိုင်းထီထိုးခြင်း
အငြိမ်းစားလစာအပါအဝင်ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကိုဘဏ်ကိုသွားရန်မလိုဘဲမိုဘိုင်းဖုန်းဖြင့်ထုတ်ယူနိုင်ပါပြီ။
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွှန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး



ရွှေဖီဦး

ရွှေဖီဦး BLACK TEA (နှောင်တရား) ကို
Export Quality အဆင့်မီစွာ
ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၉၀၇၇

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၈၂ လမ်း၊ ၃၅ x ၃၆ ကြားနေ မောင်ကျော်မျိုးနိုင် (ဘ) ဦးဝင်းနိုင်(၈/မမန(နိုင်)၁၉၃၆၀၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-962007221

## ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက-ဟန်မြင့်မိုရ်ကျောင်း၊ Grade-9 တန်းတွင် ပညာသင်ကြားနေသော မောင်အာကာမင်း၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဝင်းနိုင်ဦးဖြစ်ပါကြောင်း။

ဦးဝင်းနိုင်ဦး(၉/နထက(နိုင်)၁၀၀၈၇၃)

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၅)ရပ်ကွက်၊ ဘိုးဘပိုင်မြေကွက်ပေါ်တွင် ဒေါ်ဝင်းရွှေ(မောင်)ဦးရွှေ(၉/မခန(နိုင်)၂၁၈၅၃၃) ကိုင်ဆောင်သူမှ အလျား ၃၇'-၀"၊ အမြင့် ၅'-၆"ရှိ အုတ်ဝန်းခြံဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအုတ်ဝန်းခြံနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့



# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ NCA ရဲ့ အနှစ်သာရဟာ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး လွတ်လပ်မှု၊ တန်းတူညီမျှမှုနဲ့ တရားမျှတမှု တို့ကိုအခြေခံတဲ့ ပြည်ထောင်စုစိတ်ဓာတ်နဲ့အညီ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက်အပြည့်အဝရှိတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနဲ့အညီ တည်ဆောက်ဖို့ပဲဖြစ်ပါတယ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင်ပြုလုပ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူ စာချုပ်(NCA) ၁၀ နှစ်ပြည့်နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မြောင်းမြို့သို့ ဆက်သွယ်ထားသည့် ရောဝတီတံတား(ရတနာသိခ်) နေရာတစ်ဝိုက်ကို တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိ



PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပျက်စီးခဲ့သည့် ရောဝတီတံတား(ရတနာသိခ်)၏ မှတ်တမ်းဓာတ်ပုံ။



PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးပြီး မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ရောဝတီတံတား(ရတနာသိခ်)ကို တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၂

တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့ရွာအချို့ကို ပြန်လည်သိမ်းပိုက်ရရှိရေး အကြမ်းဖက်မှုချေမှုန်းရေးစစ်ဆင်ရေး(Counter-Terrorism Operation)ကို ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၉ ရက်တွင်လည်း မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နှင့် ၎င်းဒေသတစ်ဝိုက်ကို ထပ်မံ၍ ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များအနေဖြင့် အဆိုပါဒေသကို ယာယီစိုးမိုးထားစဉ် မြို့ရွာများအတွင်း ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊စာသင်ကျောင်းများ၊ဌာနဆိုင်ရာအဆောက်အအုံများ၊ ဆေးရုံများနှင့် လူနေအိမ်များအတွင်း ဝင်ရောက်နေရာယူ၍ ဘန်ကာများပြုလုပ်ခြင်း၊ ပြည်သူများ၏ အိုးအိမ်များကို ခံစစ်တံတိုင်းအဖြစ် အကာကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်း၊ ပြည်သူများ အဓိကသွားလာအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲခြင်းများ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၉ ရက်တွင်လည်း စာမျက်နှာ ၂၁ ကော်လံ ၁☆

**KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၄၈၈ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးစီး၊ မြဝတီမြို့နှင့်အနီးတစ်ဝိုက်ရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်အဆောက်အအုံများကို ချိပ်ပိတ်သိမ်းဆည်း**

စာမျက်နှာ - ၂၃

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းပြုလုပ်သူများကို အရေးယူ**

စာမျက်နှာ - ၂၂

## ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ပြည်သူလူထု သိရှိလိုက်နာဆောင်ရွက်နိုင်ရန် သတင်းထုတ်ပြန်ကြေညာ

(၂၂-၁၂-၂၀၂၅)

၁။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့သော ကမ္ဘာလုံးဆိုင်ရာ ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှု အစီရင်ခံစာအရ ၂၀၂၅ ခုနှစ် ဆောင်းရာသီဖြစ်သည့် စက်တင်ဘာလမှ စတင်၍ ရာသီတုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှုသည် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့်သော်လည်းကောင်း၊ အာရှဒေသအပါအဝင် ကမ္ဘာ့ဒေသများတွင်သော်လည်းကောင်း မြင့်တက်လျက်ရှိကြောင်း၊ သို့ရာတွင် နှစ်စဉ်ရာသီတုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှုများထက် ပိုမို၍ကူးစက်ဖြစ်ပွားခြင်းမရှိကြောင်း၊ ယခုနှစ်တွင် ကမ္ဘာ့ဒေသအသီးသီး၌ Influenza A (H3N2) ရာသီတုပ်ကွေးရောဂါပိုးသည် အဓိကကူးစက်ဖြစ်ပွားသည့်ရာသီတုပ်ကွေးရောဂါပိုးအမျိုးအစားဖြစ်ပြီး Influenza A(H3N2) Subclade K ရောဂါပိုးကူးစက်မှုကိုလည်း ပြီးခဲ့သော ခြောက်လအတွင်း ကမ္ဘာ့နိုင်ငံ ၃၄ နိုင်ငံတွင် တွေ့ရှိခဲ့ကြောင်း၊ ၎င်းရောဂါပိုးများကို လက်ရှိထိုးနှံနေသည့် တုပ်ကွေးရောဂါကာကွယ်ဆေးများဖြင့်လည်း ကာကွယ်၍ရနိုင်ကြောင်း၊ ပြင်းထန်ရောဂါဖြစ်ပွားလာပါက လက်ရှိအသုံးပြုနေသောဆေးဝါးများဖြင့် ကုသမှုပေးနိုင်ကြောင်း ဖော်ပြထားရှိပါသည်။

၂။ ကျန်းမာရေးဝန်ကြီးဌာနသည် တုပ်ကွေးရောဂါအပါအဝင် အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါများဖြစ်ပွားမှုကို စာမျက်နှာ ၁၈ ကော်လံ ၁ ❑

